# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (7-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၈၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်သော (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခါသမယမှစ၍ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားမိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် အေးချမ်းသာယာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနက် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအများဆုံးနေထိုင်လျက်ရှိသည့် ပြည်နယ်ကြီးလည်းဖြစ်ပါသည်။ **စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

# (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းလေးကန်တွင် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ



**ညောင်ရွှေ ဖေဖော်ဝါရီ ၆**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲကို ယမန်နေ့က ညောင်ရွှေမြို့နယ် အင်းလေးကန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဘရွှေနှင့် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသိန်းဇံ၊ ဒေါက်တာစိုးဝင်း၊ **Jeng Phang** နော်တောင်၊ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး ဒေါက်တာကျန်းကျိုဟုန်၊ **စာမျက်နှာ ၁၈ ကော်လံ ၁၀**


အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများအသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်၊



**မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)**



ဆက်သွယ်ရန် ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉ ၊ ၀၉ ၆၆၉၂၅၉၉၅၄

ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်
အယ်ဒီတာ့အာဘော်

# ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေး

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် နေထိုင်လာခဲ့သည်။ ထို့ပြင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားအပေါင်းတို့သည် စည်းလုံးညီညွတ်စွာဖြင့် တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြသည်။ မြန်မာ့သမိုင်းမှအစပြု၍ ပြည်ပကျူးကျော်ရန်စမှုများကို အတူတကွရင်ဆိုင်ဖြေရှင်းခဲ့ကြသည်။ သို့သော် မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့၏ ကိုလိုနီစနစ်လက်အောက်သို့ ကျရောက်ခဲ့ရသည်။

အင်္ဂလိပ်တို့၏ ကျူးကျော်မှုကြောင့် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ၊ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ၊ ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲတို့ဖြစ်ပွားခဲ့ပြီး အင်္ဂလိပ်တို့က မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့သည်။ အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးပရိယာယ် ကွဲပြားမှုကြောင့် တိုင်းရင်းသားအချင်းချင်း ရင်းနှီးမှုမရှိဘဲ သွေးကွဲခဲ့ပြီး စည်းလုံးညီညွတ်မှု လျော့ပါးခဲ့ရပေသည်။

အင်္ဂလိပ်တို့၏ အုပ်ချုပ်မှုလက်အောက်မှ လွတ်မြောက်ပြီး လွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် မြန်မာ့တပ်မတော်နှင့်အတူ အသက်၊ သွေး၊ ချွေးတို့ကို ပေးဆပ်ခဲ့ကြရသည်။ အင်္ဂလိပ်တို့သည် လွတ်လပ်ရေးမဖြစ်မနေပေးရမည်ဆိုသောအခါ စက္ကူဖြူစာတမ်းထုတ်ပြန်ခဲ့ပြီး ပြည်မကိုသာ လွတ်လပ်ရေးပေးမည်၊ တောင်တန်းဒေသများကို ဆက်လက်အုပ်ချုပ်မည်ဟု ဖော်ပြခဲ့ပါသည်။ ၁၉၄၆ ခုနှစ်တွင် ပင်လုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ တွေ့ဆုံဆွေးနွေးကာ စက္ကူဖြူစာတမ်းကို လုံးဝလက်မခံဘဲ တောင်တန်းပြည်မအတူတကွ လွတ်လပ်ရေးပေးရန် တညီတညွတ်တည်း တောင်းဆိုခဲ့ကြသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် တောင်တန်းပြည်မပေါင်းစည်းရေး အချက်ကိုးချက်ပါဝင်သည့် ပင်လုံစာချုပ်ကို တိုင်းရင်းသားခေါင်းဆောင်ကြီးများ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများကြား စည်းလုံးညီညွတ်မှုကိုရယူကာ ပြည်ထောင်စုကြီးကို အခိုင်အမာတည်ဆောက်နိုင်ခဲ့သည်။ နယ်ချဲ့အုပ်စိုးသူတို့က ၎င်းတို့၏စိုးမိုးခြယ်လှယ်မှု အခွန့်ရှည်တည်တံ့ရေးအတွက် တိုင်းရင်းသားသွေးချင်းတို့ကြားတွင် အမျိုးမျိုးသပ်လျှိုခဲ့ခြင်းကြောင့် စည်းလုံးညီညွတ်မှုလျော့ပါးခဲ့ရသည်မှာလည်း သတိပြုဆင်ခြင်ဖွယ်သမိုင်းပေးသင်ခန်းစာတစ်ရပ်ပင်ဖြစ်ပေသည်။

ယနေ့ကာလတွင်လည်း လက်နက်ကိုင်သောင်းကျန်းသူတို့သည် ပြည်ထောင်စုကြီးပြိုကွဲစေရန်အတွက် ပြည်ပနိုင်ငံများ၏ အားပေးမှုဖြင့် အကြမ်းဖက်လုပ်ရပ်များနှင့် ပဋိပက္ခများကို ဖန်တီးလျက်ရှိသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြည့်အဝဖော်ဆောင်နိုင်ခြင်းမရှိသေးသမျှကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်ထောင်စုသားအချင်းချင်း ဝေမျှခံစားရန် အခွင့်အလမ်းများ နည်းပါးနေမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက်အတူတကွပေါင်းစည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုကြီးဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်သွားနိုင်ရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဦးတည်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မြို့နယ် ခြောက်မြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများကို ဆောင်းဆီထွက်သီးနှံစိုက်ပျိုးနိုင်ရေး ငွေကျပ်သန်း ၅၄၀ ကျော် ထုတ်ချေးထား



**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ သမဝါယမ အသင်းသားတောင်သူများကို တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်အနေဖြင့် ဆောင်းဆီထွက်သီးနှံစိုက်ပျိုးနိုင်ရေး ငွေကျပ်သန်း ၅၄၀ ကျော် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်အနေဖြင့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးရန် မြို့နယ်ခြောက်မြို့နယ်ရှိ သမဝါယမအသင်း ၂၂ သင်း၊ အသင်းသားတောင်သူ ၉၃၈ ဦး၊ ဆောင်းဆီထွက်သီးနှံစိုက်ဧက ၂၀၇၇ ဧကအတွက် ချေးငွေများကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစ၍ ထုတ်ချေးပေးခဲ့ရာ ယနေ့ထိ ချေးငွေကျပ် ၅၄၇ ဒသမ ၇ သန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ကနေပြီးတော့ ဆောင်းဆီထွက်သီးနှံ စိုက်ပျိုးကြတဲ့ သမဝါယမအသင်းသားတောင်သူတွေကို ချေးငွေတွေ ထုတ်ချေးပေးတာပါ။ တောင်သူ ၉၃၈ ယောက်အတွက်ပါ။ အခုလိုမျိုး တောင်သူတွေကို ချေးငွေတွေ ထုတ်ချေးပေးနေတာဆိုရင် တစ်ဖက်တစ်လမ်းကနေ တောင်သူတွေကို ကူညီဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ မြေပဲစိုက်ဧက တစ်ဧကကို ငွေကျပ် ၃၀၀၀၀၀ နှုန်း၊ နေကြာစိုက်ဧက တစ်ဧကကို ငွေကျပ် ၂၀၀၀၀၀ နှုန်းနဲ့ညီမျှတဲ့ မျိုးတွေ၊ သွင်းအားစုတွေကို ထုတ်ချေးပေးခဲ့တာပါ။ အတိုးနှုန်းကတော့ ငွေကျပ် ၁၀၀ ကို တစ်ကျပ် ၂၅ ပြားနှုန်းဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ခြောက်လပြည့်ရင် အတိုးဆပ်ပြီး တစ်နှစ်ပြည့်ရင် အတိုး၊ အရင်းပေါင်းဆပ်ရမှာ ဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်အနေဖြင့် ဆောင်းဆီထွက်သီးနှံစိုက်ပျိုးမည့် သမဝါယမ အသင်းသားတောင်သူများကို ထုတ်ချေးပေးသည့် မြို့နယ် ခြောက်မြို့နယ်မှာ စဉ့်ကူးမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# လင်းပိုင်ထိန်းသိမ်းရေးဇရိယာ အင်ဒေါင်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၆ ကောင် အုပ်စုလိုက်ကျက်စားလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၆**

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် အင်ဒေါင်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၆ ကောင် အုပ်စုလိုက်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားနေသည့် ဧရာဝတီလင်းပိုင်များ၏ အခြေအနေများကို လစဉ် တစ်လလျှင် သုံးကြိမ် သွားရောက်ကြည့်ရှုမှတ်တမ်းတင်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထိုသို့ သွားရောက်ကြည့်ရှုရာ ဇန်နဝါရီလ တတိယပတ်က ဧရာဝတီလင်းပိုင်များသည် မန္တလေးမြို့အနီးတွင် နေထိုင်ကျက်စားလျက်ရှိပြီး ဖေဖော်ဝါရီ ၅ ရက်တွင် ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများက စက်လှေဖြင့် သွားရောက်ကြည့်ရှုရာ အင်ဒေါင်းကျေးရွာအနီး ကျက်စားနေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

"ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာထဲကို ဧရာဝတီလင်းပိုင်တွေရဲ့အခြေအနေတွေ ဖေဖော်ဝါရီ ၅ ရက် မနက်ပိုင်းက သွားပြီးကြည့်ဖြစ်တယ်။ အခုလတ်တလောကတော့ ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးမှာ ဧရာဝတီလင်းပိုင် ၁၆ ကောင် အုပ်စုလိုက် နေထိုင်ကျက်စားနေတာကို တွေ့မြင်ခဲ့ရပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားရှိ ကျေးရွာများအတွင်း နေထိုင်နေသည့် ရေလုပ်သားများအနေဖြင့်လည်း ဧရာဝတီလင်းပိုင်သားပေါက်များကို တွေ့ရှိပါက ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံ အသိပေးအကြောင်းကြားရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မူးမြစ်ရိုးတစ်လျှောက်မှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီး(ထိုင်ဝမ်)များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် မူးမြစ်ရိုးတစ်လျှောက်မှ ထွက်ရှိလာသည့် ခရမ်းချဉ်သီး(ထိုင်ဝမ်)များ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းချဉ်သီး(ထိုင်ဝမ်)များသည် မူးမြစ်ရိုးတစ်လျှောက်မှ လှိုင်လှိုင်ထွက်ရှိပြီး မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ၁၀ စီးမှ ၁၂ စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ဈေးနှုန်းများမှာလည်း မူးမြစ်ရိုးထွက် ခရမ်းချဉ်သီး(ထိုင်ဝမ်) တစ်ပိဿာလျှင် အမျိုးအစားအလိုက် ငွေကျပ် ၅၀၀ မှ ၆၀၀ ထိရရှိပြီး အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီးက မူးမြစ်ရိုးတစ်လျှောက်ဒေသတွေက ခရမ်းချဉ်သီးတွေ လှိုင်လှိုင်ထွက်ရှိလာပြီး ဝင်ရောက်လာပါတယ်။ ခရမ်းချဉ်သီးတွေက ဈေးကောင်းရရှိပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ အင်းခရမ်းချဉ်သီးတွေကလဲ ဈေးကို ဝင်ရောက်နေပါတယ်။ အင်းသီးတွေကိုတော့ အဝယ်နည်းနေပါတယ်။ လက်ရှိ ထွက်ရှိလာတဲ့ မြေပြန့်သီးတွေကိုပဲ အဝယ်များနေပါတယ်။ ဒါကြောင့် အရောင်းအဝယ်တွေကောင်းပြီး ဈေးကောင်းရရှိနေပါတယ်။ အခြားသီးနှံတွေလဲ ဈေးကောင်းရရှိပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ခရမ်းချဉ်သီး(ထိုင်ဝမ်)များ အရောင်းအဝယ်ကောင်းနေသည့်အပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သည့် ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ အာလူး၊ မုန်ညင်း၊ မုန်လာဥတို့လည်း အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကိုင်မြို့နယ် ကင်းလပ်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကိုင် ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ကြီးကျေးရွာအုပ်စု ကင်းလပ်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်း မပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မိမိရပ်ရွာရှိဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်မှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကင်းလပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၈၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၅၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၆၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၆၃၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ရေတိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၆၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၅၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံ ၁၆၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ စားဖိုဆောင်သီးနှံဧက ၁၅၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ ဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေကို GAPနည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် စားဖိုဆောင်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ငရုတ် ၂၀၂ ဧက၊ ကြက်သွန်နီ ၈၀၇၊ ကြက်သွန်ဖြူ ၅၀၂ ဧက၊ အာလူး ၁၂၁ ဧက စုစုပေါင်း ၁၆၃၂ ဧကဖြစ်ကြောင်း၊ မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစိုက်ပျိုးရန် သီးနှံအလိုက်လျာထားမှုအနေဖြင့် ငရုတ် ၂၀၂ ဧက၊ ကြက်သွန်နီ ၇၉၃ ဧက၊ ကြက်သွန်ဖြူဧက ၅၀၀၊ အာလူး ဧက ၈၀ စုစုပေါင်း ၁၅၇၅ ဧကဖြစ်ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် စားဖိုဆောင်သီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းရန်၊ ဈေးကွက်ရရှိရန်၊ စိုက်ပျိုးနည်းစနစ်၊ GAP စိုက်နည်းစနစ်များ၊ ပိုးမွှားကာကွယ်နှိမ်နင်းရန်၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ကျပ်ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျပ်ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျပ်ဆည်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် ၁၄ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၂၄ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊အသင်းသူ ၉၃ ဦးကို ငွေကျပ် ၄၂ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မင်းတုန်းမြို့နယ် ခွေးတောက်ချိုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မင်းတုန်း ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခွေးတောက်ချိုကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ခွေးတောက်ချိုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရန် ကျေးရွာကော်မတီဝင်များက ဆက်လက် ထိန်းသိမ်းပေးရန် မှာကြားသည်။

မင်းတုန်းမြို့နယ် ခွေးတောက်ချိုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည် နှစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် အရှည် ၁၀ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့် သုံးပေရှိ Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၆၈ ဒသမ ၂၅ သန်းအသုံးပြုပြီး စေတနာ့ဝန်ထမ်းရာချင်းတိုင်းရင်းသားများဖွံ့ဖြိုးရေးကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန် ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အားလုံးပြီးစီးမှုကြောင့် ခွေးတောက်ချိုကျေးရွာရှိ အိမ်ခြေ ၆၀ မှ တောင်သူများ ပိုင်ဆိုင်သော စိုက်ပျိုးမြေ ၁၁၅ ဧကမှ ထွက်ရှိသော ထွက်ကုန်သီးနှံများဈေးကွက်သို့ အချိန်တိုအတွင်း တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ပြောပြ၍ သိရသည်။

**ကိုညီ**



# ထားဝယ်မြစ်ရိုးမှ မြို့ဟောင်းနှစ်ခု

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံအောက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့ဟောင်း ၁၈ ခုအနက် သာဂရနှင့် မုတ္တီးသည် အထင်ရှားဆုံးဖြစ်သည်။ သာဂရမြို့ဟောင်းမှ လက်စင်းရာပါရှိသည့် အုတ်ချပ်များ၊ အရိုးအိုးများ၊ ဖန်ပုတီးများနှင့် ကြေးဆင်းတုဗုဒ္ဓရုပ်ပွားတော်များကို ရရှိခဲ့ကာ မုတ္တီးမြို့ဟောင်းမှလည်း ရှေးဟောင်းပစ္စည်းများကို ရရှိခဲ့သည်။

ထားဝယ်ဒေသရှိထင်ရှားစွာပြနိုင်သည့် မြို့ဟောင်း ၁၁ ခု အနက် ခုနစ်ခုသည် ထားဝယ်မြစ်ရိုးတစ်လျှောက်၌ တည်ရှိကြောင်း စာရေးဆရာ မောင်သန်းဆွေ(ထားဝယ်)က ရေးသားခဲ့သည်။

**ထားဝယ်မြို့**

မြန်မာ့စွယ်စုံကျမ်းတွင် ထားဝယ်လူမျိုးများသည် တိဗက်မြန်မာအစုမှ မြန်မာလူမျိုးအုပ်စုဝင်ဖြစ်ပြီး မြန်မာတို့နှင့် ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတို့တူညီကြောင်းနှင့် ရခိုင်ကမ်းမြောင်ဒေသမှ ရခိုင်များသည် တနင်္သာရီကမ်းမြောင်ဒေသသို့ သွားရောက်နေထိုင်ကြရာမှ ပေါက်ဖွားလာသောအစုကို ထားဝယ်သားများဟုခေါ်ဟန်ရှိကြောင်း ရေးသားထားသည်။ ပြည်ထဲရေးဝန်ကြီးဌာနမှတ်တမ်းတွင် ပုဂံမွေရာဇိကဘုရားကျောက်စာနှင့် ရှင်မုတ္တီးကျေးရွာအုတ်ခွက်ဘုရားများအရ ထားဝယ်တို့သည် နှစ် ၉၀၀ အတွင်း တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့အခြေချကာ မြို့ဟောင်းများတည်ခဲ့ကြပြီး ထားဝယ်သည် နောက်ဆုံးတည်ခဲ့သည့်မြို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

စစ်ကိုင်း ဆင်နင်းတိုက်ပေမူကို ကိုးကားသည့် ထားဝယ်ရာဇဝင်ဆရာများ၏အလိုအရ ထားဝယ်စားဦးနဲ့လှသည် ခရစ်နှစ် ၁၇၄၈ ခုနှစ်တွင် ထားဝယ်မြို့ကို တည်ခဲ့ကြောင်း အဆိုရှိသကဲ့သို့ "ဥသြအော်သည် ထားဝယ်တည်"ဟူသည့်စာချိုးအရ သက္ကရာဇ် ၁၁၁၆ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်တွင် တည်ခဲ့သည်ဟုလည်း ဆိုကြသည်။

ထားဝယ်မြို့ကိုတည်စဉ်က သာယာဝပြောစေရန် ရည်ရွယ်၍ သာယာဝတီမြို့ဟု အမည်ပေးလျက် အုတ်မြို့အဖြစ် အခိုင်အမာတည်ဆောက်ခဲ့ပြီး သာယာဝတီမှ ထားဝယ်သို့ မည်သည့်အချိန်တွင်အမည်ပြောင်းလဲခဲ့ခြင်းကိုမသိရှိရကြောင်း ထားဝယ်ဒေသအချက်အလက်မှတ်တမ်းတွင် ဖော်ပြသည်။ ထားဝယ်မြို့ကို တည်ထောင်စဉ်က ဇရစ်၊ ခုံဝင်းဒပ်၊ ကညို၊ မြောက်ရွှာ၊ အနောက်နှင့် မြို့တွင်းဟူသည့် အရပ်ခြောက်ခုရှိခဲ့သည်။

ထားဝယ်မြို့ကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ၁၉၇၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင်ဖွဲ့စည်းခဲ့ကာ လက်ရှိအချိန်တွင် ထားဝယ်မြို့နယ်၌ မြို့နှစ်မြို့(ထားဝယ်နှင့် မေတ္တာ)၊ ရပ်ကွက် ၁၈ ခု၊ ကျေးရွာအုပ်စု ၂၅ အုပ်စုနှင့် ကျေးရွာ ၁၀၈ ရွာရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၁၂ ပေမြင့်သည့် ထားဝယ်မြို့နယ်သည် ၂၆၃၆ ဒသမ ၁၄ စတုရန်းမိုင်ကျယ်ဝန်းပြီး အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် လောင်းလုံးမြို့နယ်၊ တောင်ဘက်တွင် သရက်ချောင်းမြို့နယ်၊ မြောက်ဘက်တွင် ရေဖြူမြို့နယ်တို့နှင့် ထိစပ်နေသည်။

**သာဂရမြို့ဟောင်း**

သာဂရသည် ထားဝယ်မြစ်အတွင်းသို့ စီးဝင်နေသည့် ပဒက်ချောင်းနှင့် ဆင်ပုနစ်ချောင်းကြား၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၆၉ ဒီဂရီ ၁၀ မိနစ်ကြား၌ တည်ရှိသည်။ သာဂရမြို့ကို ထားဝယ်မြို့၏ အနောက်မြောက်ဘက် ကိုးမိုင်အကွာ ထားဝယ်မြစ်၏ အနောက်ဘက်ကမ်းတွင် သက္ကရာဇ် ၁၁၃ ခုနှစ်က တည်ထားခဲ့ကြောင်း ယူဆကြကာ သာဂရမြို့တည် ဥသြစည်ဟု မှတ်သားခဲ့ကြသည်။ ရှေးအခါက သာဂရကို ဆင်ပုနစ်မြို့ဟောင်း၊ ဇလွန်မြို့ဟောင်းဟုလည်း ခေါ်ခဲ့သည်။

သာဂရသည် လောင်းလုံးမြို့နယ်အတွင်း၌ တည်ရှိကာ အပြင်သာဂရမြို့ဟောင်း မြို့ရိုးနှင့်ကျုံး၊ အတွင်းသာဂရမြို့ဟောင်း မြို့ရိုးနှင့်ကျုံး၊ သာဂရမြို့ဟောင်းနှင့် ပျူသင်္ချိုင်း(အရိုးကုန်း)တို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ရှေးဟောင်းအဆောက်အအုံများအဖြစ် စောင့်ရှောက်ထိန်းသိမ်းစောင့်ရှောက်ထားသည်။

၂၀၁၃-၂၀၁၄ ခုနှစ်တွင် သာဂရမြို့ဟောင်းတစ်ခုလုံးနှင့် မြို့ဟောင်းမြောက်ဘက်ရှိ ပျူသင်္ချိုင်းများအပါအဝင် အကျယ်အဝန်း ၂၈၇ ဧကကို ရှေးဟောင်းနေရာတည်ရှိရာဇုန်အဖြစ် သတ်မှတ်ခဲ့ပြီး အပြင်မြို့ရိုးမှ တစ်မိုင်ပတ်လည်ကို ကာကွယ်ထိန်းသိမ်းထားသောဇုန်အဖြစ်သတ်မှတ်၍ ဇုန်နယ်နိမိတ်ကျောက်တိုင်များ စိုက်ထူခဲ့သည်။



ထားဝယ်ယဉ်ကျေးမှုပြတိုက်တွင်ပြသထားသော သာဂရမြို့ဟောင်းပုံစံငယ်ကို တွေ့ရစဉ်။

သာဂရတည်ရှိသည့် မြို့ဟောင်းကျေးရွာ၏ လေးဖက်လေးတန်၌ မြေမြို့ရိုးများ၊ ကျုံးဟောင်းရာများရှိ၍ မြို့ဟောင်းအတွင်း၌ ဘုရားကုန်းဟောင်းများ၊ မြေကုန်းများ၊ အုတ်ရိုးအပိုင်းအစများကို တွေ့ရှိရကာ မြေမြို့ရိုးများသည် အမြင့်ဆုံးနေရာတွင် ၁၆ ပေရှိ၍ ပျမ်းမျှအကျယ်သည် ခြောက်ပေခွဲကျော်ဖြစ်သည်။

ကောင်းကင်မြေပုံတိုင်းတာမှုများအရ မြို့ရိုးသုံးထပ်ရှိသည့် သာဂရမြို့ဟောင်း၏ အပြင်မြို့ရိုးသည် ဝန်းဝိုင်းသောပုံရှိ၍ မြို့ရိုးပတ်လည်သည် ၂ ဒသမ ၃၉ မိုင်၊ ဒုတိယမြို့ရိုးသည် ၁ ဒသမ ၄ မိုင်နှင့် အတွင်းပိုင်းမြို့ရိုးသည် ၁ ဒသမ ၃၆ မိုင်ရှည်လျားသည်။ အပြင်မြို့ရိုး၏အတွင်းပိုင်း အရှေ့အနောက်အကျယ်သည် သုည ဒသမ ၇၉ မိုင်နှင့် တောင်မြောက်အကျယ်သည် သုည ဒသမ ၆၁ မိုင်ရှိကာ မြို့ဟောင်းဧရိယာသည် ၂၄၅ ဧကဖြစ်သည်။

အတွင်းမြို့ရိုးသည် ထောင့်မှန်မကျသည့် စတုဂံပုံသဏ္ဌာန်ရှိ၍ မြေမြို့ရိုးရာများနှင့် ကျုံးရာများ ကျန်ရှိနေကာ အတွင်းဘက်ရှိ ထောင့်ချိုးမကျသော စတုဂံပုံသဏ္ဌာန်မြို့ရိုးသည် မြို့ဟောင်းမြောက်ဘက်ခြမ်းနှင့် တစ်ဆက်တည်းဖြစ်နေသည်။

ထားဝယ်မြို့မှ သာဂရမြို့ဟောင်းသို့သွားလျှင် မြေမြို့ရိုးနှစ်ထပ် ထင်ရှားစွာကျန်ရှိနေသည့် မြို့ဟောင်းတောင်ပိုင်းကိုဖြတ်၍ မြို့ဟောင်းအတွင်းသို့ဝင်ရသည်။ မြို့ဟောင်းရွာသို့ဝင်သည့် မော်တော်ကားလမ်းသည် သာဂရမြို့ဟောင်း၏ တောင်ဘက် မူလဝင်ပေါက်ဖြစ်ပြီး မြောက်ဘက်ဝင်ပေါက်နေရာကိုလည်း အနည်းငယ်ဖြိုဖျက်၍ မော်တော်ကားလမ်းဖောက်လုပ်ထားသည်။

သာဂရမြို့ဟောင်း၏ အရှေ့တောင်ဘက် အပြင်မြို့ရိုးနှင့် အတွင်းမြို့ရိုးကြား ပေ ၇၅၀ ကျော်ကျယ်ဝန်းသည့်နေရာမှ အိုးကွဲစများ၊ စဉ့်ကွဲများ၊ ပုတီးစေ့များကို ရရှိခဲ့သဖြင့် ထိုနေရာတွင် လူများနေထိုင်ခဲ့ဟန်ရှိသည်။ သာဂရမြို့ဟောင်း၏မြောက်ဘက်မြေမြို့ရိုးမှ ၆၅၆ ပေအကွာရှိ နန်းတော်ရာဟောင်းဟုယူဆကြသည့်နေရာ၌ အုတ်တန်းများကျန်ရှိနေသည်။ ၎င်းနေရာမှ အရှေ့ဘက် ၅၀၅ ပေ တွင် နန်းဦးစေတီနှင့် ရဟန္တာသိမ်ရှိသည်။ မြို့ဟောင်း၏ မြောက်ဘက်မြို့ရိုးအပြင်တွင် မင်္ဂလာရေကန်ဟောင်းသည် ပေ ၁၁၀ ပတ်လည်ရှိပြီး ကောနေပြီဖြစ်သည်။

**သာဂရသင်္ချိုင်းရာ**

သာဂရမြို့ဟောင်းတောင်ဘက်မြို့ရိုးအပြင်ဘက်ရှိ မြို့ကိုးကုန်း၌ ကုန်းတစ်ခုကိုပြုပြင်၍ မြို့ဦးစေတီတည်ထားသဖြင့် ကုန်းရစ်ကုန်း ကျန်ရှိနေသည်။

မြို့ကိုးကုန်း၏အနောက်ဘက် ၂၄၅ ပေအကွာမှ အရိုးပြာများပါရှိသည့် မြေအရိုးအိုးငယ်များနှင့် မီးသွေးစများကို ရရှိခဲ့သည်။ မြေအရိုးအိုးများ၏လည်တိုင်တွင် ရေဟဆွဲထားသည့်အပြောက်အမွမ်းများပါရှိသည်။ ၎င်းနေရာမှ အရိုးအိုးများစွာကို တွေ့ရှိခဲ့သဖြင့် သာဂရမြို့ဟောင်း၏ သင်္ချိုင်းဟောင်းနေရာဟု ယူဆခဲ့သည်။ အရိုးအိုးများတွင် ပုတီးစေ့တစ်စေ့မှ ငါးစေ့ထိပါရှိကာ ပုတီးစေ့မပါရှိသော အိုးများလည်း ရှိခဲ့သည်။ သာဂရအရိုးအိုးများသည် ပျူမြို့ဟောင်းများတွင် တွေ့ရှိရလေ့ရှိသည့် အရိုးအိုးများနှင့် တူညီနေပေသည်။

ဒေသခံများက မင်းသမီးသင်္ချိုင်းရာဟု ခေါ်ဆိုကြသည့်နေရာသည် သာဂရမြို့ဟောင်း၏ အနောက်တောင်ထောင့်တွင်တည်ရှိပြီး ယခုအခါမြေပြင်ညီဖြစ်နေကာ မူလက ကုန်းမို့တစ်ခုဖြစ်ခဲ့ဟန်ရှိသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် သာဂရမြို့ဟောင်းကို သုံးကြိမ်တူးဖော်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပထမဆုံးတူးဖော်မှုအဖြစ် ကုန်းအမှတ်(၁)နှင့် အမှတ်(၂) (SGR 1) (SGR 2) တို့ကို တူးဖော်ခဲ့သည်။

မြို့ရိုးဟောင်း၊ ကျုံးဟောင်း၊ သင်္ချိုင်းရာနှင့် နန်းတော်ရာဟုယူဆရသည့် အဆောက်အအုံပန္နက်များကျန်ရှိနေသည့် သာဂရမြို့ဟောင်းသည် တစ်ချိန်က မြို့ပြနိုင်ငံတစ်ခုဟု ကောက်ချက်ချနိုင်ခဲ့သည်။ တည်နေရာပထဝီအနေအထားအရ သာဂရသည် ကုန်းလမ်း၊ ရေလမ်းတို့မှ အလွယ်တကူသွားလာနိုင်သောနေရာတစ်ခုဖြစ်ကာ မြေဆီမြေနှစ်ကောင်းမွန်သည့် နုန်းတင်မြေနုလွင်ပြင်ဖြစ်သဖြင့် ထိုစဉ်က သာဂရတွင် နေထိုင်ခဲ့ကြသူများသည် စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ခဲ့ကြမည်ဟု ယူဆနိုင်ပေသည်။

မြေအိုးများ၊ ရောင်စုံပုတီးများ၊ ရွှေထည်များကို ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် သာဂရတွင် နေထိုင်ခဲ့ကြသူများသည် သင့်တင့်သောအနုပညာဗီဇနှင့် ယဉ်ကျေးမှုအဆင့်အတန်းရှိကြောင်း မြန်မာ့ရှေးဟောင်းမြို့တော်များစာအုပ်တွင် ဖော်ပြခဲ့သည်။

မြို့ပြငယ်တစ်ခုအဖြစ်တည်ထောင်ခဲ့သော သာဂရသည် ယဉ်ကျေးမှုအဆင့်အတန်းအသင့်မြင့်မားခဲ့ကာ သင့်တင့်သော ဗိသုကာလက်ရာများကို မြို့ဟောင်းအတွင်း၌ တွေ့ရှိရသည်။ ပျူယဉ်ကျေးမှုကာလနှောင်းပိုင်း သို့မဟုတ် ပုဂံခေတ်ဦးမှ ကုန်းဘောင်ခေတ်ထိ အေဒီ ၈ ရာစုမှ ၁၈ ရာစုအတွင်း ရာစုနှစ် ၁၀ စုကြာတည်တံ့ခဲ့သည့် သာဂရမြို့ဟောင်းသည် အင်အားကြီးမားသော မြန်မာဘုရင်များ၏ လက်အောက်ခံ၊ အခွန်တော်ဆက်ရသည့် မြို့ငယ်တစ်ခုဖြစ်ခဲ့ကြောင်း ပညာရှင်များက သုံးသပ်ခဲ့ကြပေသည်။

**မုတ္တီးမြို့ဟောင်း**

မုတ္တီးမြို့ဟောင်းသည် ထားဝယ်မြို့မှတောင်ဘက်သို့ ခြောက်မိုင်ကွာဝေး၍ မုတ္တီး(၁)၌ အနောက်ဘက်ရှိ ပေါက်တိုင်းချောင်းကို ကျုံးအဖြစ်အသုံးပြု၍ ကျန်သုံးဖက်တွင် မြို့ရိုးတည်ဆောက်ခဲ့သည်။ မြို့ရိုးသည် စတုဂံပုံဖြစ်၍ ထောင့်စွန်းများသည် ထောင့်မှန်မကျချေ။ မုတ္တီးမြို့ဟောင်းအလယ်၌ တောင်မြောက်ကန့်လန့်ဖြတ်တည်ရှိနေသည့် ကျုံးနှင့်မြို့ရိုးရာကြောင့် အတွင်းမြို့နှင့် အပြင်မြို့ဟု နှစ်ပိုင်းတည်ရှိခဲ့သည်။ မြို့ဟောင်း၏အရှေ့မြို့ရိုးသည် ပေ ၁၂၀၀၊ တောင်မြို့ရိုးသည် ပေ ၄၀၀၀ နှင့် မြောက်မြို့ရိုးသည် ပေ ၁၂၀၀ ရှည်လျားသည်။

ထားဝယ်မြို့မှမြိတ်မြို့သို့သွားသည့် မော်တော်ကားလမ်းပေါ်တွင် ထားဝယ်မြို့အထွက်၌ မြင်ကြရသည့် ရှင်မုတ္တီးဘုရားသည် မုတ္တီးမြို့ဟောင်းအတွင်း၌ တည်ရှိနေကာ မော်တော်ကားလမ်းက မုတ္တီးမြို့ဟောင်း၏ တောင်ဘက်နှင့် မြောက်ဘက်မြို့ရိုးကို ဖြတ်သန်းနေသည်။

မုတ္တီး(၂) (စော်ဝကျေးရွာ)သည် မုတ္တီး(၁) တောင်ဘက်မြို့ရိုးနှင့်ကပ်လျက်တည်ရှိ၍ မုတ္တီး(၂) မြို့ရိုးသည် စတုဂံမကျတကျပုံစံရှိသည်။ တောင်ကုန်းတစ်ခုကို ပတ်၍ တည်ဆောက်ထားသည့် အနောက်မြို့ရိုးသည် ပေ ၃၃၀၀၊ တောင်မြို့ရိုးသည် ပေ ၁၆၀၀ နှင့် မြောက်မြို့ရိုးသည် ပေ ၁၆၀၀ ရှည်လျားသည်။

မုတ္တီး(၁)နှင့် မုတ္တီး(၂)တို့သည် တစ်ခုနှင့် တစ်ခု အစွန်းချင်းထိစပ်နေပြီး ပုံစံချင်းမတူညီကြချေ။ မုတ္တီး(၁)သည် အနောက်ဘက်တွင် မြို့ရိုးကို တည်ဆောက်မထားသော်လည်း မုတ္တီး(၂)တွင်မူ အနောက်ဘက်မြို့ရိုးကို တည်ဆောက်ထားသည်။

မြေမြို့ရိုးများသည်ပျက်စီးနေကြကာ ပျမ်းမျှအမြင့် ငါးပေနှင့် ၁၀ ပေကြားကျန်ရှိနေပြီး ကျုံးအကျယ်မှာ ပျမ်းမျှ ပေ ၂၀ ရှိသည်။ မြေမြို့ရိုး၏ အချို့နေရာများတွင် အုတ်နှင့် ဂဝံတို့ကို မူလကတည်းက ထည့်သွင်းတည်ဆောက်ခဲ့ဟန်ရှိကာ အုတ်နှင့်ဂဝံ အပိုင်းအစများကျန်ရှိနေသည်။

မုတ္တီးမြို့ဟောင်းသည် သာဂရမြို့ဟောင်းလောက်ရှေးမကျသော်လည်း မြို့ဟောင်းမှတွေ့ရှိခဲ့သည့် အထောက်အထားများအရ ပုဂံခေတ်မတိုင်မီကာလများကို ဖော်ညွှန်းနိုင်သည်ဟုဆိုသည်။ ရာဇဝင်ကျမ်းများအလိုအရ မုတ္တီးကို အင်းဝခေတ်တွင် တည်ခဲ့ကြောင်း ယူဆကြသော်လည်း ယေဓမ္မာ ဟေတုပ္ပဘာဝါ အစရှိသည့်ဂါထာရေးထိုးထားသည့် အုတ်ခွက်ဘုရားများ၊ ပုဂံဘုရင် ကျန်စစ်သား၏ဘွဲ့တော်ပါရှိသည့် အုတ်ခွက်ဘုရားများ၊ ဟိန္ဒူနတ်ဘုရား ဗိဿနိုးရုပ်တုကို မုတ္တီးဝန်းကျင်မှတွေ့ရှိခဲ့သည်။ မုတ္တီးမြို့ဟောင်းအကြောင်း ရေးသားသည့် စာအုပ်စာတမ်းများတွင် မုတ္တီးသည် ပုဂံခေတ် ၁၁ ရာစုမှ ၁၃ ရာစုအတွင်း ထွန်းကားခဲ့ဟန်ရှိကြောင်း ဖော်ပြကြသည်။


**မုတ္တီးမြို့ဟောင်းအဆောက်အအုံများ**

မုတ္တီးမြို့ဟောင်းအတွင်း၌ အထင်ရှားဆုံးအဆောက်အအုံသည် ရှင်မုတ္တီးဘုရားဖြစ်ကာ ရှင်ကိုးရှင်ဘုရားတစ်ဆူအဖြစ် ထင်ရှားသည်။

ခရစ်နှစ် ၁၉၂၄ ခုနှစ်တွင် တနင်္သာရီတိုင်းမင်းကြီးမစ္စတာအိပ်ချ်အမ်စတီဗင်ဆင်သည် ရှင်မုတ္တီးစေတီအနီးမှ အုတ်ခွက်ဘုရား ၃၀၀ ကို ရရှိခဲ့သည်။ အုတ်ခွက်ဘုရားတချို့၏ကျောဘက်တွင် ရှေးဟောင်းမွန်ကမ္ပည်းစာ "ဟသွိင်ဩိတြိဘောဝနာဒိတျ"ဟု ရေးထိုးထားရာ မြန်မာဘာသာဖြင့် သီရိတြိဘုဝနာဒိတျဓမ္မရာဇာဖြစ်ပြီး ပုဂံပြည့်ရှင်ကျန်စစ်သားမင်းကြီး၏ ဘွဲ့တော်ဖြစ်သည်။ ၁၉၈၀ပြည့်နှစ်တွင် မုတ္တီးမြို့ဟောင်းမှ အုတ်ခွက်ဘုရားများကို ထပ်မံရရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် မုတ္တီး(၂)ရှိ အရှုံးပျောက်ဘုရား တံကဲပြိုကျရာမှ ပျမ်းမျှ အလျား ငါးလက်မ၊ အမြင့် လေးလက်မနှင့်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှအစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူမှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

# ငပုတောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၂၀၄၁၂၂ ဧက ရိတ်သိမ်းပြီးစီး

**ပုသိမ် ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၂၀၄၁၂၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၂၀၄၁၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၂၀၄၁၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ မိုးစပါးစိုက်ခင်းအားလုံး ရိတ်သိမ်းပြီးဖြစ်ပါတယ်။ မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့နည်းပညာတွေကို ကြိုတင်ဆောင်ရွက်ခဲ့ပါတယ်။ ရွှေခရုကျရောက်တာမရှိပေမဲ့ ရွှေခရုနဲ့ ပတ်သက်ပြီးတော့ တောင်သူပညာပေးလုပ်ငန်းတွေကိုလဲ ကြိုတင်လုပ်ဆောင်ပေးခဲ့တယ်။ မိုးစပါးတွေကို ဒေသခံတောင်သူတွေနဲ့ ဌာနပူးပေါင်းဆောင်ရွက်ခဲ့လို့ အခုလိုရာနှုန်းပြည့် ရိတ်သိမ်းနိုင်တာပါ" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ငပုတောမြို့နယ်၌ မိုးစပါး ၂၀၄၁၂၂ ဧက ရိတ်သိမ်းဆောင်ရွက်ရာတွင် စပါးတစ်ဧကလျှင် ပျမ်းမျှ ၈၃ ဒသမ ၉၇ တင်းထွက်ရှိခဲ့ကြောင်း၊ အဆိုပါစပါးခင်းများ စနစ်တကျအခက်အခဲမရှိ ရိတ်သိမ်းနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် ဒေသခံများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းစိုးထံမှ သိရသည်။

**ကျော်ကျော်လင်း**




➤ စာမျက်နှာ ၄ မှ အဆက်

အထူ တစ်လက်မအရွယ်ရှိသည့် အုတ်ခွက်ဘုရားများတွေ့ရှိခဲ့သည်။

ရှင်မုဋ္ဌောဘုရားမြောက်ဘက်မုခ်မှ မြို့ဟောင်းအနောက်ဘက်ရှိ ပေါက်တိုင်းချောင်းထိ ဖောက်လုပ်ထားသည့်အုတ်လမ်းကို ဘုရားတက်လမ်းဟုခေါ်၍ အရှည်ပေ ၃၁၇၀ နှင့် ပျမ်းမျှအကျယ် ခုနစ်ပေဖြစ်သည်။ ခင်းထားသည့်အုတ်များ၏ ပျမ်းမျှအရွယ်သည် အလျား ၁၅ လက်မ၊ အနံ ခုနစ်လက်မနှင့် အမြင့် နှစ်လက်မဖြစ်သည်။

မုဋ္ဌော(၂) မြို့ဟောင်း၏ အနောက်မြို့ရိုးနှင့် မြောက်မြို့ရိုးတို့ဆုံသည့်နေရာအနီး ဇော်ဝကျေးရွာတွင်တည်ထားသည့် အရှုးပျောက်ဘုရားကို သက္ကရာဇ် ၇၈၀ ပြည့်နှစ် နယုန်လဆန်း ၈ ရက်တွင် တည်ခဲ့သည်ဟု ဆိုကြသည်။ အရှုးပျောက်ဘုရားသိမ်အတွင်း၌ ဉာဏ်တော် ၂၈ ပေမြင့်သည့် ရှေးဟောင်းရုပ်ပွားတော်တစ်ဆူရှိသည်။ စေတီတော်ပရိဝုဏ်တွင်ထားရှိသည့် ဂဝံကျောက်အိုးကို ဆေးဆရာ မယ်စောက ဘုရင့်ထံပေးပို့သည့် ဆေးသစ္စာတော်ရေအိုးဟု ယုံကြည်ကြသည်။

**ဗိဿနိုးရုပ်တု**

မုဋ္ဌော်မြို့ဟောင်းမှဗိဿနိုးရုပ်တုကို ကျိုးပြတ်နေသည့်ကျောက်ရုပ်တုများနှင့်အတူ ၁၉၆၂ ခုနှစ်က အရှုးပျောက်ဘုရားအနီး ရော်ဘာခြံနှင့် လယ်ကွင်းအစပ်မှရရှိခဲ့ကာ မုဋ္ဌောရွာအဝင် လန်းဒေါ့ရွာထိပ်၌ ၁၅ ပေပတ်လည်ကျယ်ဝန်းသည့် နတ်ကွန်းဆောက်၍ထားရှိခဲ့သည်။ သဲကျောက်ပေါ်တွင် ဖောင်းကြွထုထားသည့် ၄င်းရုပ်တုသည် ၄ ဒသမ ၆၅ ပေမြင့်၍ ၁ ဒသမ ၃၇ ပေကျယ်ကာ အထူ ၃ ဒသမ ၅၄ လက်မရှိသည်။ ဒေသခံများက မုဋ္ဌော(၁)မြို့ဟောင်း၏ ထောင့်လေးထောင့်တွင် ၄င်းရုပ်တုတစ်ခုစီရှိခဲ့သည်ဟု ဆိုကြသော်လည်း လက်ရှိအရုပ်ကိုသာ တွေ့ရှိခဲ့သည်။

လက်လေးချောင်းပါရှိသည့်၄င်းရုပ်တုသည် ညာဘက်အပေါ်လက်ဖြင့် တင်းပုတ်ကိုကိုင်ထား၍ ဝဲဘက်အပေါ်လက်ဖြင့် ခရုသင်းကို ကိုင်ထားသဖြင့် ဗိဿနိုးနတ်ရုပ်ဖြစ်ကြောင်း သိရှိနိုင်ခဲ့ကြသည်။

မုဋ္ဌော်မြို့ဟောင်းမှရရှိခဲ့သည့် သမိုင်းအထောက်အထားများသည် မြေပြင်ပေါ်မှရရှိခဲ့သည့် ပစ္စည်းများသာဖြစ်ကြပြီး မုဋ္ဌော်မြို့ဟောင်းကို စနစ်တကျတူးဖော်မှုများ မပြုလုပ်ရသေးချေ။ ထို့ကြောင့် ရှေးဟောင်းသုတေသနဆိုင်ရာတူးဖော်မှုများကို ဆောင်ရွက်နိုင်မည်ဆိုပါက မုဋ္ဌော်မြို့ဟောင်းနှင့်ဆက်နွှယ်နေသည့် ပိုမိုခိုင်မာသော သမိုင်းအထောက်အထားများကို ဖော်ထုတ်နိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၅)**
- **ထားဝယ်ဒေသဆိုင်ရာအချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)**
- **မြန်မာ့ရှေးဟောင်းမြို့တော်များ (ယဉ်ကျေးမှုဝန်ကြီးဌာန)**
- **မုဋ္ဌော်မြို့ဟောင်း ယဉ်ကျေးမှုအမွေအနှစ်များလေ့လာချက်စာတမ်း(သော်ဇင်လတ်)**

# ရှုဖွယ်စုံလီ ရှမ်းဌာနီ

\- ရှမ်းပြည်အလှ
သဘာဝ
တွေးဆကြည့်လျှင်ကွယ်။

\- ရာသီသဘာဝ
ထာဝရ
အေးမြသာယာတယ်။

\- တောင်တန်းတောင်စွယ်
အသွယ်သွယ်
ပေါ်ကြွယ်လှကာရယ်။

\- အင်းနှင့်အိုင်တွေ
မြစ်ချောင်းတွေ
ရစ်ခွေစီးကာသွယ်။

\- လျှိုမြောင်စိမ့်စမ်း
အံ့မခန်း
ဆန်းပြားတည်ရှိတယ်။

\- ပန်းလှချယ်ရီ
လှမာန်ချီ
ဝေစည်ပွင့်ကာရယ်။

\- လိမ္မော်စိုက်ခင်း
လက်ဖက်ခင်း
ဖြစ်ထွန်းအောင်မြင်တယ်။

\- တန်ခိုးကြီးဘုရား
စေတီများ
မြောက်မြားရှိကာရယ်။

\- လည်ပတ်ခြင်းပြု
လေ့လာမှု
ပြုဖွယ်လွန်ပေါ်ကြွယ်။

\- ရှုဖွယ်စုံလီ
ရှမ်းဌာနီ
စာစီခြယ်သဖွယ်။ ။

**အင်ကြင်းသူ(နေပြည်တော်)**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။**

# နိုင်ငံတကာ သတင်းများ

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ရောက်ရှိ

**ကိုင်ရို ဖေဖော်ဝါရီ ၆**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် အီဂျစ်သမ္မတအယ်လ်စီစီနှင့်တွေ့ဆုံဆွေးနွေးရေးအတွက် ယနေ့တွင် ကိုင်ရိုမြို့သို့ရောက်ရှိခဲ့သည်။

ဂါဇာစစ်ပွဲအတွက် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ရယူနိုင်ရေးနှင့် ဟားမတ်စ်အုပ်စုလက်မှ ဓားစာခံများပြန်လွှတ်ရေးအတွက် အမေရိကန်အစိုးရက ကြိုးပမ်းနေစဉ် အီဂျစ်နိုင်ငံသို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အီဂျစ်နှင့်ကာတာနိုင်ငံတို့သည် ဂါဇာစစ်ပွဲအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူရေးနှင့် ဓားစာခံများပြန်လည်လွှတ်မြောက်ရေးတို့အတွက် ကြားဝင်ညှိနှိုင်းပေးနေသော အာရပ်နိုင်ငံများဖြစ်ကြသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် ဆော်ဒီအာရေဗျခရီးစဉ် ပြီးဆုံးပြီးနောက် အီဂျစ်နိုင်ငံသို့ ဆက်လက်သွားရောက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြား စစ်ပွဲစတင်ဖြစ်ပွားချိန် ပြီးခဲ့သည့်နှစ်အောက်တိုဘာ ၇ ရက်နောက်ပိုင်းမှစ၍ ယနေ့ထိ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်သည် ငါးကြိမ်ထိ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ဟားမတ်စ်အုပ်စုက ဖမ်းဆီးထားသည့် ဓားစာခံများ ပြန်လည်လွတ်မြောက်ရေးအတွက် ဂါဇာကမ်းမြောင်ဒေသ၌တိုက်ခိုက်မှုများ ယာယီရပ်ဆိုင်းရေး သဘောတူညီချက်တစ်ရပ်ရရှိရန် အမေရိကန်အစိုးရက မျှော်လင့်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အစ္စရေးနှင့် အီတလီခရီးစဉ် အာဂျင်တီးနားသမ္မတ ဇာဗီယာမိုင်လေ စတင်



**ဗျူနိုဲ့စ်အေးရိစ် ဖေဖော်ဝါရီ ၆**

အာဂျင်တီးနားသမ္မတ ဇာဗီယာမိုင်လေသည် ဖေဖော်ဝါရီ ၅ ရက်တွင် အစ္စရေးနှင့် အီတလီခရီးစဉ်များကို စတင်ခဲ့ကြောင်း သိရသည်။

အာဂျင်တီးနားသမ္မတ မိုင်လေသည် ၎င်း၏ခရီးစဉ်အတွင်း အစ္စရေးနိုင်ငံသို့ဦးစွာဝင်ရောက်၍ အစ္စရေးခရီးစဉ်ပြီးဆုံးချိန်တွင် အီတလီနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

ဂါဇာကမ်းမြောင်စစ်ပွဲ၌ အစ္စရေးနိုင်ငံဘက်မှထောက်ခံရပ်တည်နေသည့် အာဂျင်တီးနားသမ္မတသည် အစ္စရေးခရီးစဉ်အတွင်း ဂျူးတရားဟောဆရာများနှင့် တွေ့ဆုံရန်၊ ဟားမတ်စ်အုပ်စု၏ အောက်တိုဘာ ၇ရက်တိုက်ခိုက်မှု အထိမ်းအမှတ်နေရာများသို့သွားရောက်ရန်လည်း စီစဉ်ထားသည်။

အီတလီခရီးစဉ်အတွင်း သမ္မတမိုင်လေသည် ၎င်းအကြိမ်ကြိမ်ဝေဖန်ခဲ့ဖူးသော ပုပ်ရဟန်းမင်းကြီးဖရန့်စစ်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

သမ္မတမိုင်လေသည် တစ်နိုင်ငံတည်းသား ပုပ်ရဟန်းမင်းကြီးဖရန့်စစ်ကို ဆိုရှယ်လစ်ဝါဒီတစ်ဦးအဖြစ် သမ္မတရွေးကောက်ပွဲအကြိုကာလများက ဝေဖန်ခဲ့ကြောင်း သိရသည်။

အာဂျင်တီးနားသမ္မတ မိုင်လေသည်ပုပ်ရဟန်းမင်းကြီးနှင့် ဖေဖော်ဝါရီ ၁၂ရက်တွင်တွေ့ဆုံ၍ နောက်တစ်နေ့တွင် အီတလီဝန်ကြီးချုပ်မီလိုနီနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဗြိတိန်ဘုရင်ချားလ်-၃ တွင် ကင်ဆာရောဂါစစ်ဆေး တွေ့ရှိထားသည်ဟု ဘက်ကင်ဟမ်နန်းတော် ထုတ်ပြန်

**လန်ဒန် ဖေဖော်ဝါရီ ၆**

ဗြိတိန်ဘုရင် ချားလ်-၃တွင် ကင်ဆာရောဂါပုံစံတစ်မျိုး စစ်ဆေးတွေ့ရှိထားရကြောင်းဘက်ကင်ဟမ်နန်းတော်က ဖေဖော်ဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

သို့သော် ချားလ်ဘုရင်-၃ အနေဖြင့် ရောဂါကုသမှုခံယူရေးအတွက် အများပြည်သူများနှင့်တွေ့ဆုံပွဲအစီအစဉ်များကို ဆိုင်းငံ့ထားကြောင်း ဘက်ကင်ဟမ်နန်းတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အသက် ၇၅ နှစ်အရွယ် ချားလ်ဘုရင်-၃ အနေဖြင့် စစ်ဆေးတွေ့ရှိထားရသည့် ကင်ဆာရောဂါအတွက် ကုထုံးများ စတင်ကုသမှုခံယူနေပြီဖြစ်ကြောင်း ဘက်ကင်ဟမ်နန်းတော်၏အဆိုအရ သိရသည်။

ချားလ်ဘုရင်-၃ ခံစားနေရသည့် ကင်ဆာရောဂါအမျိုးအစားနှင့်ပတ်သက်၍ ဘက်ကင်ဟမ်နန်းတော်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

၎င်းသည် ပြီးခဲ့သည့်လက ဆီးကျိတ်အရွယ်အစား ကြီးမားလာမှုကို ကုသရေးအတွက် ဆေးရုံသို့ သုံးရက်တက်ရောက်ခဲ့ဖူးသည်။

ချားလ်ဘုရင်-၃ သည် ဘုရင်မကြီး အဲလစ်ဇဘတ်-၂ နတ်ရွာစံပြီးနောက် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဗြိတိန်ထီးနန်းကို စတင်ဆက်ခံခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တရုတ်နှင့် ကုန်သွယ်ရေးဆက်ဆံမှု ထားရှိရန် ဂွါတီမာလာအစိုးရစဉ်းစားနေ

**ဂွါတီမာလာစီးတီး ဖေဖော်ဝါရီ ၆**

တရုတ်(တိုင်ပေ)၏ နောက်ဆုံးလက်ကျန် သံတမန်မိတ်ဖက်နိုင်ငံအနည်းငယ်ထဲတွင် တစ်နိုင်ငံအပါအဝင်ဖြစ်သည့် ဂွါတီမာလာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုဆက်ဆံရေးတည်ဆောက်ရန်စဉ်းစားနေကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂွါတီမာလာနိုင်ငံ အနေဖြင့် တရုတ်(တိုင်ပေ)နှင့် ရှိရင်းစွဲဆက်ဆံရေးပုံစံကိုဆက်ထား၍ တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုဆက်ဆံရေးထားရှိနိုင်ရန် စဉ်းစားနေကြောင်း ဂွါတီမာလာနိုင်ငံခြားရေးဝန်ကြီး ကားလို့စ်ရာဗီရိုမာတီနက်စ်က ဖေဖော်ဝါရီ ၅ ရက်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ဂွါတီမာလာအနေဖြင့် တရုတ်(တိုင်ပေ)နှင့် ရှိရင်းစွဲသံတမန်ဆက်ဆံရေးကို ဆက်ထိန်းထားနေချိန်တွင် တရုတ်နိုင်ငံ၏ ဩဇာအင်အားကိုလည်း လျစ်လျူရှု၍မရနိုင်ကြောင်း ဂွါတီမာလာသမ္မတသစ် ဘာနာဒိုအာရီဗိုလိုက ပြောကြားထားသည်။

ယခုနှစ် ဇန်နဝါရီလအတွင်း ဂွါတီမာလာသမ္မတရာထူးရရှိခဲ့သည့် ဘာနာဒိုအာရီဗိုလိုသည် အဂတိလိုက်စားမှုပြဿနာကို အပြီးသတ်ရှင်းလင်းရန်၊ တရုတ်နိုင်ငံနှင့် ဆက်ဆံရေး တည်ဆောက်ရန် လိုလားသူဖြစ်သည်။

ဂွါတီမာလာကဲ့သို့ လက်တင်အမေရိကနိုင်ငံများသည် အစဉ်အလာအရ အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးပိုမိုနီးစပ်သည့်နိုင်ငံများဖြစ်သော်လည်း မကြာသေးမီနှစ်များတွင် တရုတ်နိုင်ငံ၏ စီးပွားရေးဩဇာမှာ လက်တင်အမေရိကနိုင်ငံများအကြား ကြီးမားကျယ်ပြန့်လာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂျပန်နိုင်ငံနှင့် ပိုင်ဆိုင်ခွင့်အငြင်းပွားနေသည့် အရှေ့တရုတ်ပင်လယ် ကျွန်းစုရေပြင်အတွင်း တရုတ်ကမ်းခြေစောင့်သင်္ဘောများ ဝင်ရောက်

**ပေကျင်း ဖေဖော်ဝါရီ ၆**




ဂျပန်နိုင်ငံနှင့် ပိုင်ဆိုင်ခွင့်အငြင်းပွားနေသော အရှေ့တရုတ်ပင်လယ်ဒေသ ကျွန်းစုတစ်ခု၏ရေပြင်အတွင်းသို့ တရုတ်ကမ်းခြေစောင့်တပ်သင်္ဘောများ ဝင်ရောက်ကင်းလှည့်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောင်ယုကျွန်းစု ဝန်းကျင်ရေပြင်အတွင်း မိမိတို့အနေဖြင့် ရေပြင်ကင်းလှည့်မှုများ ပြုလုပ်ခဲ့ကြောင်း တရုတ်ကမ်းခြေစောင့်တပ်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တောင်ယုကျွန်းစုသည် တရုတ်နှင့်ဂျပန်နိုင်ငံတို့ကြား ကာလရှည်ပိုင်ဆိုင်ခွင့် အငြင်းပွားနေသောကျွန်းစုဖြစ်ပြီး ဂျပန်နိုင်ငံက ယင်းကျွန်းစုကို ဆန်ကာကူကျွန်းစုဟူ၍ အမည်ပေးထားသည်။

တောင်ယု သို့မဟုတ် ဆန်ကာကူကျွန်းစုကိုတရုတ်(တိုင်ပေ)ကလည်း ပိုင်ဆိုင်ခွင့်တောင်းဆိုထားကြောင်း သိရသည်။

ဆန်ကာကူ ကျွန်းစုရေပြင်အတွင်းဝင်ရောက်လာသည့် တရုတ်ကမ်းခြေစောင့်သင်္ဘောလေးစီးကို ယင်းရေပြင်အတွင်းမှ ပြန်လည်ထွက်ခွာရန် မိမိတို့အကြိမ်ကြိမ်တိုက်တွန်းခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။


တရုတ် ကမ်းခြေစောင့်တပ်သင်္ဘောများသည် ဆန်ကာကူကျွန်းစုရေပြင်အတွင်းသို့ ဇန်နဝါရီ ၂၇ ရက်တွင် နောက်ဆုံးတစ်ကြိမ်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## သက်ရှိများရှင်သန်နိုင်သည့် အခြေအနေမျိုးရှိနိုင်သော နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို နာဆာ ရှာဖွေတွေ့ရှိ



**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

သက်ရှိများ ရှင်သန်နိုင်သည့် အခြေအနေမျိုးရှိနိုင်သော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၅ ရက် သတင်းများအရ သိရသည်။

TOI-715b ဟူ၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်သစ်သည် ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၁၃၇ နှစ်အကွာတွင် တည်ရှိနေသည်ဖြစ်ရာ ကမ္ဘာဂြိုဟ်နှင့် အတော်လေးနီးကပ်သောဂြိုဟ်ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

TOI-715b ဂြိုဟ်သည် ကမ္ဘာဂြိုဟ်ထက် အချင်းအားဖြင့် ၁ ဒသမ ၅ ဆ ပိုကြီးမားပြီး အရွယ်အစားသေးငယ်သည့် ကြယ်တစ်စင်းကိုလှည့်ပတ်နေကြောင်း သိရသည်။

TOI-715b ဂြိုဟ်စနစ်အတွင်း TOI-715b ဂြိုဟ်အပြင် ဒုတိယမြောက် ဂြိုဟ်တစ်စင်းလည်းရှိနေနိုင်သည်ဟု နာဆာသိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

TOI-715b ဂြိုဟ်ကို တက်ခ်ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တု အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ တွေ့ရှိချက်အရ TOI-715b ဂြိုဟ်သည် မိခင်ကြယ်ကို မနီးလွန်းမဝေးလွန်းသောနေရာမှလှည့်ပတ်လျက်ရှိရာ သက်ရှိများရှင်သန်နိုင်မည့်အခြေအနေမျိုးရှိနိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ရုရှားအာကာသယာဉ်မှူး အိုလက်ဂ်ကိုဒိုနင်ကို နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်၌ အချိန်အကြာဆုံးနေထိုင်ခဲ့သူအဖြစ် စံချိန်တင်

**မော်စကို ဖေဖော်ဝါရီ ၆**

ရုရှားအာကာသယာဉ်မှူး အိုလက်ဂ်ကိုဒိုနင်ကိုသည် နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်၌ အချိန်အကြာဆုံးနေထိုင်ခဲ့သူအဖြစ် စံချိန်တင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၅ ရက် သတင်းများအရ သိရသည်။

အာကာသယာဉ်မှူး ကိုဒိုနင်ကိုသည် နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်၌ အကြာမြင့်ဆုံးနေထိုင်သူစံချိန်ကို တစ်နိုင်ငံတည်းသား ရုရှားအာကာသယာဉ်မှူး ပါဒယ်လ်ကာကိုကျော်ဖြတ်၍ ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်၌ မစ်ရှင်ငါးခုအတွင်း ရုရှားအာကာသယာဉ်မှူး ကိုဒိုနင်ကို၏ နိုင်ငံတကာ အာကာသစခန်းပေါ်၌ နေထိုင်ချိန်စုစုပေါင်းသည် ပါဒယ်လ်ကာ၏ နေထိုင်ချိန်စုစုပေါင်းကို ဖေဖော်ဝါရီ ၄ ရက်တွင် ကျော်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




ရုရှား အာကာသယာဉ်မှူး ပါဒယ်လ်ကာသည် မစ်ရှင်ငါးကြိမ်အတွင်း နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်၌ ၈၇၈ ရက် ၁၁ နာရီ ၂၉ မိနစ်နှင့် ၄၈ စက္ကန့် နေထိုင်ခဲ့သူဖြစ်သည်။

ရုရှားအာကာသယာဉ်မှူး ကိုဒိုနင်ကိုသည် ယခုနှစ် ဇွန် ၅ ရက်ထိ နိုင်ငံတကာ အာကာသစခန်း၌ ဆက်ရှိနေမည်ဖြစ်ရာ ၎င်း၏နိုင်ငံတကာ အာကာသစခန်း နေထိုင်ချိန်စုစုပေါင်းမှာ ရက်ပေါင်း ၁၀၀၀ ထိ ရှိလာနိုင်သည်။

လက်ရှိမစ်ရှင်သည် ကိုဒိုနင်ကို၏ ပဉ္စမမြောက် နိုင်ငံတကာ အာကာသစခန်း မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာ၏ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လှေလာရေးယာဉ်က အင်ဂျီနျူတီရဟတ်ယာဉ်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်ဂျီနျူတီရဟတ်ယာဉ်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၅ ရက် သတင်းများအရ သိရသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ၇၂ ကြိမ်မြောက် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ကင်းထောက်ပျံသန်းမှုပြုလုပ်ခဲ့ပြီးနောက် ပန်ကာဒလက်များ ကျိုးပဲ့၍ မစ်ရှင်အဆုံးသတ်ခဲ့ရသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်ပေါ်တွင် ငြိမ်သက်နေပြီဖြစ်သော အင်ဂျီနျူတီရဟတ်ယာဉ်ကို ဖေဖော်ဝါရီ ၄ ရက်တွင် ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ၇၂ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုကို ယခုနှစ် ဇန်နဝါရီ ၁၈ ရက်က ပြုလုပ်ခဲ့ရာ ဂြိုဟ်မျက်နှာပြင်ပေါ်သို့ ပြန်အဆင်းတွင် ပန်ကာဒလက်များ ကျိုးပဲ့ခဲ့ခြင်းဖြစ်သည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ် မျက်နှာပြင်လေ့လာရေးယာဉ်နှင့်အတူ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ ဆင်းသက်ခဲ့ကြောင်း သိရသည်။

နာဆာအဖွဲ့သည် မူလက အင်ဂျီနျူတီရဟတ်ယာဉ်ကို စမ်းသပ်ယာဉ်အဖြစ်သာ လွှတ်တင်ခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် ပါဆီးဗရင့်စ်၏ ကင်းထောက်ယာဉ်ပျံအဖြစ် အသုံးချခဲ့သည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## ခံတွင်းဆေးရည်များ ပုံမှန်သုံးစွဲမှုကြောင့် ကျန်းမာရေးအရ ကောင်းကျိုးထက် ဆိုးကျိုးကို ပိုမိုဖြစ်ပေါ်စေနိုင်

**လန်ဒန် ဖေဖော်ဝါရီ ၆**

ခံတွင်းဆေးရည် (Mouthwash) များ ပုံမှန်သုံးစွဲမှုကြောင့် ကျန်းမာရေးအရ ကောင်းကျိုးထက် ဆိုးကျိုးကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း ဖေဖော်ဝါရီ ၅ ရက် သတင်းများအရ သိရသည်။

ပိုးသတ်ခံတွင်းဆေးရည် (Antiseptic Mouthwash) များသုံးစွဲမှုသည် သွေးဖိအားမြင့်တက်လာနိုင်ခြေ မြင့်မားလာမှုနှင့်ဆက်စပ်နေကြောင်း ဗြိတိန်နိုင်ငံ ပလိုင်းမောက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပိုးသတ်ခံတွင်းဆေးရည်များသုံးစွဲမှုကြောင့် ခံတွင်းအတွင်းပိုင်းရှိ အကျိုးပြုဗက်တီးရီးယားများ ပျက်စီးသွားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ပိုးသတ်ခံတွင်းဆေးရည်သုံးစွဲမှုကြောင့် ပျက်စီးသွားနိုင်သည့် ဗက်တီးရီးယားများထဲတွင် နှလုံးရောဂါနှင့် ပုံစံ-၂ ဆီးချိုကဲ့သို့ ရောဂါများကို တားဆီးရာတွင် လူကိုယ်ခန္ဓာကို ကူညီပေးသည့် ဗက်တီးရီးယားများလည်း ပါဝင်သည်။

ထို့ပြင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ ပိုးသတ်ခံတွင်းဆေးရည်များကြောင့် သွေးဖိအားမြင့်တက်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

၂၀၁၉ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော လေ့လာချက်တစ်ရပ်တွင်လည်း ပိုးသတ်ခံတွင်းဆေးရည်သုံးစွဲမှုများသည် သွေးဖိအားမြင့်တက်မှုနှင့် ဆက်စပ်နေနိုင်သည်ဟု တင်ပြခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ကိုဗစ်ရောဂါကြောင့် ညဘက်အိပ်မရနိုင်မှုပြဿနာနှင့် ရင်ဆိုင်ရနိုင်ခြေ ပိုမြင့်မား

**ဟာနွိုင်း ဖေဖော်ဝါရီ ၆**

ကိုဗစ်ရောဂါကြောင့် ညဘက်အိပ်မရနိုင်မှုပြဿနာနှင့် ရင်ဆိုင်ရနိုင်ခြေ ပိုမြင့်မားကြောင်း ဖေဖော်ဝါရီ ၅ ရက် သတင်းများအရ သိရသည်။

ကိုဗစ်ရောဂါလူနာများ အထူးသဖြင့် စိတ်ကျရောဂါနှင့် စိုးရိမ်သောကဝေဒနာကဲ့သို့ စိတ်ကျန်းမာရေးပြဿနာရှိနေသည့် လူနာများတွင် ညဘက်အိပ်မရနိုင်မှုပြဿနာပေါ်လာနိုင်ခြေ မြင့်မားနေတတ်ကြောင်း ဗီယက်နမ် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဗီယက်နမ်နိုင်ငံ ဖီနီကာတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါလူနာ ၁၀၅၆ ဦးတို့ကို လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ လေ့လာမှုတွင်ပါဝင်သူ လူနာများမှာ ညဘက်အိပ်မရနိုင်မှုပြဿနာ ပေါ်နိုင်ခြေ မြင့်လာတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ဗီယက်နမ်သုတေသနပညာရှင်များ၏ အဆိုအရ စိတ်ကျန်းမာရေးပြဿနာများ အခံရှိထားသူ လူနာများတွင် ညဘက်အိပ်မရနိုင်မှုပြဿနာ ပေါ်လာနိုင်ခြေမှာ ပို၍ပင်မြင့်မားနေတတ်ကြောင်း သိရသည်။

သို့ရာတွင် ကိုဗစ်ရောဂါနှင့် ညဘက်အိပ်မရနိုင်မှု ပြဿနာတို့ကြား မည်သို့ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက လေ့လာနေကြဆဲ ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# တူကီယဲကလပ် ဂါလာတာစာရေးအသင်းက အဲရစ်ဆင်ကိုခေါ်ယူရန် ကြိုးပမ်း

**အန္တတန်ဘူလ် ဖေဖော်ဝါရီ ၆**

တူကီယဲကလပ် ဂါလာတာစာရေးအသင်းက ဇန်နဝါရီအပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ မန်ယူအသင်းမှ ကွင်းလယ်ကစားသမား အဲရစ်ဆင်ကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

တူကီယဲကလပ်အသင်းများ၏ ဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ ဇန်နဝါရီ ၁၁ ရက်မှ ဖေဖော်ဝါရီ ၉ ရက်ထိ ခွင့်ပြုပေးထားသောကြောင့် ဂါလာတာစာရေးအသင်းတာဝန်ရှိသူများက အပြောင်းအရွှေ့နောက်ဆုံးချိန်တွင် အသက် ၃၁ နှစ်ရှိ မန်ယူအသင်း ကွင်းလယ်ကစားသမား အဲရစ်ဆင်ကိုခေါ်ယူရန် ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အဲရစ်ဆင်သည် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီးနောက်ပိုင်း မန်ယူအသင်းတွင် အရန်ကစားသမားအဖြစ်မှ ပါဝင်ကစားနေရသဖြင့် ဂါလာတာစာရေးအသင်းကပွဲကစားခွင့်လျော့နည်းလာသည့် အဲရစ်ဆင်ကိုပွဲထွက်ခွင့်ပေး၍ ကွင်းလယ်ပိုင်းကိုမြှင့်တင်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အဲရစ်ဆင်သည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပွဲဦးထွက်ဘောလုံးရာသီတွင် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီ၌ ဒဏ်ရာမကြာခဏရရှိနေခဲ့ပြီး အမှတ်ပေးပြိုင်ပွဲ ၁၅ ပွဲတွင်သာ ပွဲထွက်ကစားသမားအဖြစ်ပါဝင်ခွင့်ရခဲ့ကာ ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသောကြောင့် မန်ယူအသင်း တာဝန်ရှိသူများကလည်း ဂါလာတာစာရေးအသင်း၏ ဆွေးနွေးမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။

ဂါလာတာစာရေးအသင်းသည် တူကီယဲအမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၂၄ အပြီးတွင် ရမှတ် ၆၃ မှတ်ရရှိခဲ့ပြီး အဆင့်(၁)မှ ဖီနာဘာချီအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ကြောင့် အဆင့်(၂)တွင် ရောက်ရှိနေသော်လည်း ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန် အခြေအနေ ကောင်းနေသဖြင့် လာမည့် သောကြာနေ့အပြောင်းအရွှေ့မပိတ်သိမ်းမီ ကွင်းလယ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**




## အားကစားသတင်း အတိုအထွာများ

- တိုက်စစ်မှူး အိုစီမန်သည် ဝမ်းဗိုက်ပိုင်းဆိုင်ရာပြဿနာကြောင့် အဘစ်ဂျန်မြို့တွင် ဆေးကုသမှုခံယူနေရသဖြင့် တောင်အာဖရိကအသင်းနှင့် ကစားရမည့်ပွဲစဉ်တွင် ပါဝင်နိုင်မည်မဟုတ်ကြောင်း နိုင်ဂျီးရီးယားဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။
- ကစားသမားဟောင်း အီတိုးသည် ကင်မရွန်းဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ်မှနုတ်ထွက်ရန်တောင်းဆိုခဲ့သော်လည်း အမှုဆောင်ကော်မတီကပယ်ချခဲ့ပြီး လက်ရွေးစင်နည်းပြ ရီဂိုဘက်ဆောင်းအနေဖြင့် ရာထူးမှ ထုတ်ပယ်ခံရရန် သေချာခဲ့ကြောင်း သိရသည်။
- ဟောင်ကောင်ကလပ်နှင့် ကစားခဲ့သည့် ခြေစမ်းပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီပါဝင်ခဲ့ခြင်းမရှိသော်လည်း တိုကျိုမြို့တွင် ကျင်းပမည့် ဗစ်ဆဲလ်ကိုဘီအသင်းနှင့်ကစားမည့် ခြေစမ်းပွဲစဉ်၌ ၎င်းအနေဖြင့် အင်တာမီယာမီအသင်းတွင် ပါဝင်ကစားဖွယ်ရှိကြောင်း သိရသည်။ **ML**

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် President Cup ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ မြန်မာပီဂျီအေတို့မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့်ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ်နာယက ဦးအောင်ကြည်၊ ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ဒုတိယဥက္ကဋ္ဌ ဦးဇာနည်ဝင်းတို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲတွင် Tour Pro အဆင့် ၃၉ ဦး၊ Senior Pro အဆင့် ၃၅ ဦး၊ ဝါသနာရှင်အဆင့် ငါးဦး စုစုပေါင်း အားကစားသမား ၇၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ယနေ့မှ ဖေဖော်ဝါရီ ၉ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ပြီး မျိုးဆက်သစ်လူငယ်အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲကို မြန်မာဂေါက်သီးရိုက်အသင်း(၉)မိုင်တွင် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် လည်းကောင်း ဝါသနာရှင်အဆင့် (အမျိုးသား၊ အမျိုးသမီး)နှင့် ဝါသနာရှင်အဆင့် သက်ကြီးတန်းပြိုင်ပွဲများကို ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်ထိလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# Rotterdam Open ပြိုင်ပွဲမှ ဒဏ်ရာပြဿနာကြောင့် မျက်ဒဗျက်နုတ်ထွက်

**မဲလ်ဘုန်း ဖေဖော်ဝါရီ ၆**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပခဲ့သည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဒုတိယနေရာဖြင့်သာကျေနပ်ခဲ့ရသည့် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်သည် ခြေဖနောင့်ဒဏ်ရာရရှိခဲ့သည့်အတွက် နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့တွင် ကျင်းပမည့် Rotterdam Open တင်းနစ်ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မျက်ဒဗျက်အနေဖြင့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျန်နစ်ခ်ဆင်နာကို နှစ်ပွဲပြတ်ရလဒ်ဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း နောက်ဆုံးသုံးပွဲဆက်တိုက်ရှုံးနိမ့်ကာ ချန်ပီယံဖြစ်မည့်အရေးနှင့် လွဲချော်ခဲ့ရပြီးနောက် စိတ်ပျက်စရာဖြစ်ခဲ့ရပြီး စိတ်ဓာတ်ပိုင်းဆိုင်ရာအတွက် အနားယူရန် လိုအပ်နေကြောင်းလည်း ပြောကြားခဲ့သည်။

မျက်ဒဗျက်သည် Rotterdam Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ် Rotterdam Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၌ အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာကို အနိုင်ရရှိကာ ချန်ပီယံဖြစ်ခဲ့သူလည်းဖြစ်ပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်လိုသော်လည်း ဒဏ်ရာကြောင့် ဝမ်းနည်းစွာဖြင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မျက်ဒဗျက်က "ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ခွန်အားတွေကိုတော်တော်လေးအသုံးပြုခဲ့ရတယ်။ တော်တော်ပွဲပန်းခဲ့ပါတယ်။ ခြေဖနောင့် ဒဏ်ရာကလဲ နာကျင်မှုဝေဒနာကို ခံစားခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ Rotterdam Open တင်းနစ်ပြိုင်ပွဲကနေ နုတ်ထွက်ဖို့ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ဘဏ္ဍာရေးစည်းမျဉ်းကြောင့် နည်းပြပိုချက်တီနိုကို ထုတ်ပယ်ရန်စိုးရိမ်နေကြောင်း ချဲလ်ဆီးပြောကြား

**လန်ဒန် ဖေဖော်ဝါရီ ၆**

ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြပိုချက်တီနိုကိုခန့်အပ်ခဲ့သော်လည်း ရလဒ်ဆိုးများနှင့်သာ ရုန်းကန်နေရသဖြင့် ထုတ်ပယ်ရန်ဆန္ဒရှိနေကာ ပရီးမီးယားလိဂ်၏ ဘဏ္ဍာရေးစည်းမျဉ်းကြောင့် ထုတ်ပယ်ရန် စိုးရိမ်နေကြောင်း သိရသည်။

ချဲလ်ဆီးအသင်း အနေဖြင့် နည်းပြပိုချက်တီနိုနှင့် စာချုပ်သက်တမ်း ၁၈ လကျန်ရှိနေပြီး ဂူလိုင်လမကုန်မီ ၎င်းကိုထုတ်ပယ်ခဲ့ပါက စတာလင်ပေါင် ၁၀ သန်း ပေးလျော်ရမည်ဖြစ်သောကြောင့် ငွေကြေးသုံးစွဲမှုမြင့်တက်လာမည်ဖြစ်ပြီး ပရီးမီးယားလိဂ်၏ ငွေကြေးအရှုံးမြတ်စည်းမျဉ်းတွင် ဂူလိုင်လမကုန်မီ ကစားသမားရောင်းချမှုမှစတာလင်ပေါင် ၁၀ သန်းရရှိမှသာ ဘဏ္ဍာရေးစည်းမျဉ်းနှင့်ကိုက်ညီမည်ဖြစ်သောကြောင့် ပိုချက်တီနိုကို ထုတ်ပယ်ရန်အတွက် အခက်အခဲရှိနေသည်။

လက်ရှိတွင် ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း စတာလင်ပေါင် ၁၀၅ သန်းထိ သတ်မှတ်ချက်ထက်ကျော်လွန်၍ အရှုံးပေါ်ခဲ့သော်လည်း အခြေခံအဆောက်အအုံများဆောက်လုပ်မှု၊ အမျိုးသမီးအသင်းအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် လူငယ်စီမံကိန်းများတွင် အသုံးပြုမှုတို့ကြောင့် ခြွင်းချက်အနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းမှ ကင်းလွတ်ခွင့် ရထားသော်လည်း နည်းပြပိုချက်တီနိုကို ထုတ်ပယ်ခဲ့ပါက စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၁၀ သန်း ပေးချေရမည်ဖြစ်သောကြောင့် ဂူလိုင်လမကုန်မီ အသင်းမှ ထုတ်ပယ်ရန် မဖြစ်နိုင်သေးကြောင်း သိရသည်။

အသင်းပိုင်ရှင် တော့ဘိုလီ လက်ထက် ကစားသမားသစ်ဝယ်ယူမှုတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် တစ်ဘီလီယံသုံးစွဲထားသည့် ချဲလ်ဆီးအသင်းသည် နည်းပြတူချယ်ကို စာချုပ်မပြည့်မီ ထုတ်ပယ်ခဲ့သည့်အတွက် စတာလင်ပေါင် ၁၀ သန်း၊ နည်းပြ ဂရာဟမ်ပေါ်တာကို ထုတ်ပယ်ခဲ့သည့်အတွက် စတာလင်ပေါင် ၁၃ သန်း နစ်နာကြေး ပေးခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်နိုင်ငံ Wave Aerospace ကုမ္ပဏီက မြန်နှုန်းမြင့်ပျံသန်းနိုင်သော ဘက်စုံသုံးဒရုန်းကို ထုတ်ဖော်ပြသ



အမေရိကန်နိုင်ငံ Connecticut ပြည်နယ်အခြေစိုက် Wave Aerospace ကုမ္ပဏီသည် တစ်နာရီလျှင် မိုင် ၅၀၀ (၈၀၅ ကီလိုမီတာ) ကျော် မြန်နှုန်းမြင့် ပျံသန်းနိုင်သော ဘက်စုံသုံးဒရုန်းအမျိုးအစားတစ်ခုကို ထုတ်ဖော်ပြသခဲ့သည်ဟု The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အချိန်ကာလအားဖြင့် ငါးနှစ်တာ တိုးတက်ဖွံ့ဖြိုးလုပ်ဆောင်နိုင်ခဲ့မှုအတွင်း Huntress Turbojet အမည်ရ အဆိုပါဒရုန်းကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှုကို လုပ်ဆောင်နိုင်ခဲ့ပြီး လာမည့် ၂၀၂၅ ခုနှစ် အစောပိုင်းတွင် လွှဲပြောင်းပေးပို့ရန် အဆင်သင့်ဖြစ်နိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

ရာသီဥတုမရွေး ပျံသန်းနိုင်စွမ်းရှိသော Hybrid-Electric အင်ဂျင်သုံး ဒရုန်းသည် အလျင်နှုန်း Mach 0.7 (467 Knots)ဖြင့် ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်ပြီး လေထဲတွင် ၂ နာရီကြာ ပျံသန်းနေနိုင်မည်လည်းဖြစ်သည်။ ၎င်း၏ Hybrid Propulsion တွန်းအားပေးစနစ်တွင် Turbojet အင်ဂျင်တစ်လုံးနှင့် မြန်နှုန်းမြင့် Electric Propfans လေးခု ပါဝင်ဖွဲ့စည်းထားသည်။

ဒရုန်း၏အလေးချိန်မှာ ၁၁၅ ကီလိုဂရမ် (၃၆၅ ပေါင်) ရှိပြီး ဝန်တင်ဆောင်နိုင်မှုအလေးချိန်မှာ ကီလိုဂရမ် ၅၀ (ပေါင် ၁၁၀)ဖြစ်သည်။ မြေပြင်၊ ရေယာဉ်နှင့် လေယာဉ်များမှပစ်လွှတ်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ အဆိုပါဒရုန်းသည် လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၆၀ (၉၆ ကီလိုမီတာ)ကျော်ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

ဒရုန်း၏ မြင့်မားသောအလျင်နှုန်းနှင့် နောက်ပြန်တွန်းအားတို့ကြောင့် စစ်ရေယာဉ်များပေါ်တွင် တာဝန်ထမ်းဆောင်ချိန်၌ ကြိုးများ၊ ကျောက်ဆူးများမလိုအပ်ဘဲ သင်္ဘောကုန်းပတ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်စေမည်ဖြစ်သည်။

Huntress Turbojet ဒရုန်းကို ရှာဖွေရေးနှင့်ကယ်ဆယ်ရေး၊ ကြမ်းတမ်းသော စစ်မြေပြင်အခြေအနေများတွင် အရေးကြီးသောအုပ်ချုပ်ထောက်ပံ့ ပို့ဆောင်ရေး ပျံသန်းမှုများ၊ ကြီးကြပ်ကွပ်ကဲမှု၊ ထိန်းချုပ်မှုနှင့် ဆက်သွယ်ရေးဆိုင်ရာရည်မှန်းချက်တာဝန်များ၊ ကင်းထောက်ပျံသန်းမှုများစသည့် စစ်ဘက်ဆိုင်ရာအခန်းကဏ္ဍမျိုးစုံတွင် အသုံးပြုနိုင်ရန် မျှော်မှန်းထားသည်။

Huntress Turbojet ဒရုန်းကို အချိန်ကာလတိုအတွင်း တီထွင်ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်သော်လည်း ဘေးကင်းလုံခြုံစွာ ပျံသန်းနိုင်စေမည့် ထိန်းချုပ်မှုစနစ်များသည် နှစ်ပေါင်းများစွာကတည်းက လက်တွေ့စမ်းသပ်မှုများပြုလုပ်ထားနိုင်ခဲ့ပြီးဖြစ်သည်ဟု Wave Aerospace ကုမ္ပဏီ CEO နှင့် ပူးတွဲတည်ထောင်သူ Mark Strauss က ပြောကြားခဲ့သည်။

Huntress Turbojet ဒရုန်းသည် ပင်လယ်သမုဒ္ဒရာတွင် လှိုင်းလေငြိမ်သက်နေခြင်းအခြေအနေမှ Force 10 အဆင့်ထိ လှိုင်း၊ လေ၊ ရာသီဥတုအခြေအနေအမျိုးမျိုးတွင် စမ်းသပ်ပျံသန်းမှုများ နာရီရာနှင့်ချီ၍ ပြုလုပ်နိုင်ခဲ့သည်။ ရလဒ်အနေဖြင့် Wave Aerospace ကုမ္ပဏီသည် ဒရုန်းကို ၁၀ ကီလိုဝပ်အားရှိ လျှပ်စစ်တွန်းကန်အားစနစ်ကို သေးငယ်သော တာဘိုဂျက်အင်ဂျင်ဖြင့် တပ်ဆင်အသုံးပြုနိုင်ခဲ့ကြောင်း Mark Strauss က ပြောကြားခဲ့သည်။

**Wave Aerospace's Hybrid Drone Packs Speed of 500+ MPH ကိုဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားတပ်ဖွဲ့များက တန်ပြန်ဒရုန်းဖျက် ရိုင်ဖယ်သေနတ်များကိုအသုံးပြုလျက်ရှိ

ယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားတပ်ဖွဲ့များသည် အရွယ်အစားကြီးမားသော တိုက်ခိုက်ရေးနှင့် ထောက်လှမ်းရေးဒရုန်းများပိုင်ဆိုင်ထားပြီး ယူကရိန်းတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ချေမှုန်းရာတွင် ယူကရိန်း၏ဒရုန်းများရန်မှကာကွယ်ရန် တန်ပြန်ဒရုန်းဖျက် ရိုင်ဖယ်သေနတ်များ အသုံးပြုလျက်ရှိကြောင်း ရုရှားနိုင်ငံပိုင် Sputnik သတင်းဌာနက ဖေဖော်ဝါရီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီလက်ထရွန်နစ် တန်ပြန်ဆောင်ရွက်မှုများတွင် တန်ပြန်ဒရုန်းဖျက်ရိုင်ဖယ်များဟုခေါ်နိုင်သည့် ရန်သူ့ဒရုန်းများ၏ လမ်းကြောင်းပြခြင်းနှင့် အမိန့်ပေးအချက်ပြမှုများကိုဖျက်ဆီး၍ များသောအားဖြင့် ဒရုန်းကို အရေးပေါ်ဆင်းသက်ရန် ဖိအားပေးလေ့ရှိသည့်စနစ်များဖြစ်သည်။

ဤတန်ပြန်ဒရုန်းဖျက် လက်နက်များသည် အဓိကအားဖြင့် ရိုင်ဖယ်များကဲ့သို့ လုပ်ဆောင်ကြရသည်။ ကျည်ဆန်များအစား ၎င်းတို့သည် လျှပ်စစ်သံလိုက်လှိုင်းများဖြင့် ထုတ်လွှင့်ပစ်ခတ်ကြပြီး ပစ်မှတ်ဒရုန်းဆီသို့ Line-of-Sight တည့်မတ်စွာ ချိန်တွယ်နိုင်ရန် အော်ပရေတာများအနေဖြင့် ကျွမ်းကျင်ရမည်ဖြစ်သည်။

ရုရှားနိုင်ငံသည် တန်ပြန်ဒရုန်းဖျက် ရိုင်ဖယ်လက်နက်များကို ကိုယ်ပိုင်တီထွင်ထုတ်လုပ်အသုံးပြုနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Airat-100 ဒရုန်းဖျက်လက်နက်သည် စိန့်ပီတာစဘတ်အခြေစိုက် ZMKh ကုမ္ပဏီက ထုတ်လုပ်သည့် တန်ပြန်ဒရုန်းတိုက်ခိုက်ရေးရိုင်ဖယ်သေနတ် အမျိုးအစားဖြစ်သည်။ လက်ရှိတွင် တတိယမြောက်ဗားရှင်းထိ အဆင့်မြှင့်တင်နိုင်ခဲ့ပြီး အလေးချိန် ၄ ဒသမ ၅ ကီလိုဂရမ်၊ ရန်သူ့ဒရုန်းအချက်ပြမှုများကို ၁ ဒသမ ၅ကီလိုမီတာ အကွာအဝေးထိ နှိမ်နင်းနိုင်စွမ်းရှိသည်။ ပိုမိုကောင်းမွန်သော အင်တင်နာစနစ်အသုံးပြုလာနိုင်မည့် Airat-100 ရိုင်ဖယ်၏စတုတ္ထမြောက်ဗားရှင်းကို မကြာမီတပ်ဖြန့်အသုံးပြုနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

Argus-Antidron တန်ပြန်ဒရုန်းဖျက်လက်နက်သည် ရုရှားနိုင်ငံ NPO Kaysant ကုမ္ပဏီက ထုတ်လုပ်ထားသည်။ တင့်ကားဖျက် ဒုံးပစ်လောင်ချာနှင့် ပုံစံတူသော်လည်း အလေးချိန် ၅ ဒသမ ၁ ကီလိုဂရမ်ရှိသော ဤတန်ပြန်ဒရုန်းဖျက်လက်နက်သည် အသေးစားဒရုန်းများအတွက် ထိန်းချုပ်မှု Signal အချက်ပြမှုများကို တစ်ကီလိုမီတာ အကွာအဝေးထိ ဖျက်ဆီးနိုင်စွမ်းရှိသည်။



NPO Kaysant ကုမ္ပဏီက ယခင်က ရှင်းပြခဲ့သည့်အတိုင်း Argus-Antidron တန်ပြန်ဒရုန်းဖျက်လက်နက်သည် ပေါက်ကွဲစေတတ်သောခဲယမ်းများဖြင့် မိမိတို့တပ်ဖွဲ့များ၏ ကတုတ်ကျင်းများအတွင်းသို့ မကြာခဏ ပစ်လွှတ်တိုက်ခိုက်လာလေ့ရှိသည့် ကင်းထောက်ဒရုန်းများနှင့် Copter ဒရုန်းများကိုတန်ပြန်ရန် လိုအပ်သည့်အခါတွင် ရွေးချယ်စရာလက်နက်ကောင်းတစ်ခုဖြစ်သည်ဟု သိရသည်။

ထို့ပြင် ရုရှားထုတ် Garpiya (Harpy) လက်နက်စနစ်သည် ယူကရိန်း အထူးစစ်ဆင်ရေးအတွင်း ရုရှားတပ်ဖွဲ့များ အသုံးပြုလျက်ရှိသော တန်ပြန်ဒရုန်းဖျက် ရိုင်ဖယ်အမျိုးအစားဖြစ်သည်။ ထိုတန်ပြန်ဒရုန်းဖျက် ရိုင်ဖယ်သေနတ်သည် နှစ်ကီလိုမီတာအကွာအဝေးထိ ဒရုန်းအချက်ပြမှုများကို ဖျက်ဆီးနိုင်ရုံသာမက အများသုံး GPS၊ BeiDou၊ Galileo နှင့် Glonass လမ်းကြောင်းပြအချက်ပြမှုများအပြင် Wi-Fi နှင့် Bluetooth တို့ကိုပါ အနှောင့်အယှက်ပေးနိုင်စွမ်းရှိမည်ဖြစ်သည်။

**Which Anti-Drone Rifles Does Russia Have? ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# AUKUS ရေငုပ်သင်္ဘောတည်ဆောက်ရေးမဟာမိတ်အဖွဲ့၏စစ်ရေးလှုပ်ရှားမှု

မောင်ဝေလွမ်း(သုတေသီ)

အမေရိကန်နိုင်ငံသည် ဩစတြေးလျနိုင်ငံကို နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတပ်ဆင်ပေးနိုင်ရေးရည်ရွယ်၍ AUKUS(Australia, United Kingdom and United States) သုံးနိုင်ငံလုံခြုံရေးမိတ်ဖွဲ့မှုကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ကြေညာခဲ့သည်။ AUKUS သည် ကာကွယ်ရေး၊ နည်းပညာမျှဝေရေးနှင့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောနည်းပညာ စသည့်နယ်ပယ်တို့ကို သုံးနိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် ရည်ရွယ်ထားသည်။ AUKUS မိတ်ဖက်ဆက်ဆံရေး၏ အဓိကအာရုံစိုက်မှုသည် ဒေသတွင်းတွင် တရုတ်နိုင်ငံ၏ ကြီးထွားလာနေသော ဩဇာလွှမ်းမိုးမှုနှင့် ခိုင်မာအားကောင်းမှုတို့ကြောင့် အင်ဒို-ပစိဖိတ်ဒေသတွင်းလုံခြုံရေးကို ခိုင်မာစေရန်ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မှုသည် ဘုံလုံခြုံရေးစိန်ခေါ်မှုများကိုဖြေရှင်းရန်နှင့် ထောက်လှမ်းရေးမျှဝေမှု၊ ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုတို့အပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် တည်ငြိမ်မှုနှင့် လုံခြုံရေးကိုမြှင့်တင်ရန် ကြိုးပမ်းခြင်းဖြစ်သည်။

AUKUS မိတ်ဖက်ဆက်ဆံရေး၏ အဓိကအချက်များအနက်မှတစ်ခုမှာ ဩစတြေးလျအတွက် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများဝယ်ယူရန် သဘောတူညီချက်ဖြစ်သည်။ ဩစတြေးလျက လက်ရှိတွင် သမားရိုးကျစွမ်းအင်သုံး ရေငုပ်သင်္ဘောများကို အသုံးပြုလျက်ရှိသောကြောင့် ဩစတြေးလျအတွက် သိသာထင်ရှားသော အပြောင်းအလဲကို ကိုယ်စားပြုသည်။ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ဝယ်ယူခြင်းသည် ဩစတြေးလျတွင် ထောက်လှမ်းရေး သတင်းစုဆောင်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ဟန့်တားခြင်းများတွင် ပိုမိုကောင်းမွန်သော စွမ်းရည်များ ပေးစွမ်းနိုင်မည်ဟု မျှော်လင့်ထားကြသည်။

သုံးနိုင်ငံကြား နျူကလီးယားရေငုပ်သင်္ဘော နည်းပညာမျှဝေရန် ဆုံးဖြတ်ချက်သည် AUKUS မိတ်ဖက်ဆက်ဆံရေး၏ ကြီးမားသောကဏ္ဍတစ်ခုဖြစ်သည်။ အမေရိကန်နှင့် ဗြိတိန်တို့သည် နျူကလီးယား စွမ်းအင်သုံးရေငုပ်သင်္ဘောများ အသုံးပြုရာတွင် ဆယ်စုနှစ်များစွာ အတွေ့အကြုံများရှိပြီး ၎င်းပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဩစတြေးလျက ၎င်းတို့၏ကိုယ်ပိုင် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောအမျိုးအစား ဖွံ့ဖြိုးတိုးတက်ရေးတွင် ကူညီပေးမည်ဖြစ်သည်။

**AUKUS နျူကလီးယား သဘောတူညီချက်ကို IAEA သို့ တင်ပြခြင်း**

အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျတို့သည် အာရှ-ပစိဖိတ်ဒေသအတွင်း နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောအုပ်စုဖန်တီးပေးမည့် ၎င်းတို့၏ အစီအစဉ်အသေးစိတ်ကို ဖော်ပြခဲ့ကြသည်။ AUKUS သဘောတူညီချက်အရ နျူကလီးယားလက်နက်ပိုင်နိုင်ငံက နျူကလီးယားရေငုပ်သင်္ဘောသုံး ဓာတ်ပေါင်းဖိုများနှင့် လက်နက်ထုတ်လုပ်နိုင်သည်ထိ အဆင့်မြင့်မားစွာသန့်စင်ထားသော ယူရေနီယံကို နျူကလီးယားလက်နက်ပိုင်မဟုတ်သောနိုင်ငံသို့ ပထမဆုံးအကြိမ် လွှဲပြောင်းပေးအပ်ခြင်းပင်ဖြစ်သည်။

၎င်းလွှဲပြောင်းမှုကို လက်ရှိကြီးကြပ်မှုစနစ်အောက်တွင် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) က ထိထိရောက်ရောက် ကြီးကြပ်နိုင်ခြင်းမရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်းပင်က ပြောကြားခဲ့သည်။

ဩစတြေးလျအနေဖြင့် နျူကလီးယားလက်နက်များထုတ်လုပ်ရန် သက်ဆိုင်ရာနျူကလီးယားပစ္စည်းများကို အသုံးပြုမည်မဟုတ်ဟု IAEA က အာမခံနိုင်ခြင်းမရှိပေ။ ထို့ကြောင့် အဆိုပါ သဘောတူညီချက်သည် ကြီးမားသော နျူကလီးယားပြန့်ပွားရေးအန္တရာယ်ကိုဖြစ်ပေါ်စေပြီး နျူကလီးယားလက်နက်မပြန့်ပွားရေးဆိုင်ရာသဘောတူစာချုပ် (NPT)၏ ရည်ရွယ်ချက်နှင့်မူကို ချိုးဖောက်ကာ နိုင်ငံတကာ နျူကလီးယားမပြန့်ပွားရေးစနစ်ကို ထိခိုက်စေသည်။ IAEA နှင့် AUKUS သုံးနိုင်ငံသည် နျူကလီးယား ရေငုပ်သင်္ဘော ကာကွယ်ရေးကိစ္စနှင့်ပတ်သက်၍ လျှို့ဝှက်ကိုင်တွယ်ဖြေရှင်းခွင့် မရှိကြောင်းနှင့် သုံးနိုင်ငံ၏ အမှန်တကယ်ရည်ရွယ်ချက်မှာ ဘက်စုံအကာအကွယ်ပေးရေးသဘောတူညီချက် (Comprehensive Safeguard Agreement-CSA) ၏ အပိုဒ် ၁၄ ကိုကိုးကား၍ IAEA က ကင်းလွတ်ခွင့်ရယူရန် ဖြစ်ကြောင်း ဝမ်ဝင်းပင်က ဆိုခဲ့သည်။

**ဗြိတိန်က AUKUS အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံရင်းနှီးမြှုပ်နှံ**

ဗြိတိန်နိုင်ငံသည် SSN-AUKUS မျိုးဆက်သစ် တိုက်ခိုက်ရေးရေငုပ်သင်္ဘော တီထွင်ထုတ်လုပ်ရေးအတွက် ပေါင် ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံ) တန်ဖိုးရှိ ကန်ထရိုက်စာချုပ်များကို ချုပ်ဆိုခဲ့သည်ဟု ဗြိတိန်အစိုးရအရာရှိများက ပြောကြားခဲ့သည်။ ဗြိတိန်၏ BAE Systems၊ Rolls-Royce နှင့် Babcock တို့ပါဝင်သော သဘောတူညီချက်များသည် အာရှ-ပစိဖိတ် ဒေသအတွင်း တရုတ်နိုင်ငံကိုတန်ပြန်ရန် အမေရိကန်၊ ဩစတြေးလျနှင့် ဗြိတိန်တို့ကြား ပြုလုပ်ထားသည့် AUKUS စစ်ရေးမဟာမိတ်ဖွဲ့မှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ AUKUS ခေါင်းဆောင်များက သဘောတူညီချက်သည် ဩစတြေးလျကို ဒီဇယ်စွမ်းအင်သုံး ရေငုပ်သင်္ဘောပိုင်နိုင်ငံမှ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောပိုင်နိုင်ငံအဖြစ် ပြောင်းလဲစေလိမ့်မည်ဟု ပြောကြားခဲ့သည်။ ၎င်းရေငုပ်သင်္ဘောများက စွမ်းရည်ပိုမိုကောင်းမွန်ပြီး ခရီးဝေးရောက်ရှိမှု သိသိသာသာ မြင့်မားစေလိမ့်မည်ဖြစ်သည်။ အစီအစဉ်တွင် ဩစတြေးလျက အမေရိကန်ထုတ် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများဝယ်ယူရေးနှင့် အမေရိကန်နှင့် ဗြိတိန်နည်းပညာဖြင့် ပုံစံသစ်တည်ဆောက်ရေးတို့ ပါဝင်သည်။

ဗြိတိန်ဝန်ကြီးချုပ် ရိုင်ရှီဆူနတ်က ယခုသဘောတူညီချက်သည် မျိုးဆက်သစ်ရေငုပ်သင်္ဘောများအတွက် အရေးပါဆုံးနိုင်ငံစုံကာကွယ်ရေး သဘောတူညီချက် ဖြစ်သည်ဟုပြောကြားခဲ့သည်။ BAE Systems ကုမ္ပဏီကလည်း လက်ရှိတည်ဆောက်မည့် SSN-AUKUS ရေငုပ်သင်္ဘောသည် အကြီးမားဆုံး၊ စွမ်းရည်အမြင့်မားဆုံးနှင့် အဆင့်မြင့်ဆုံးစွမ်းရည်ကို ဩစတြေးလျရေတပ်သို့ ပံ့ပိုးပေးလိမ့်မည်ဖြစ်သည်။ ၂၀၂၈ ခုနှစ်ထိ ဆောင်ရွက်မည့် ဤစီမံကိန်းသည် အလုပ်အကိုင် ၅၀၀၀ ကျော်ကို ရရှိစေလိမ့်မည်ဖြစ်သည်။

**အမေရိကန်က AUKUS ရေငုပ်သင်္ဘောတည်ဆောက်မှုကိုပံ့ပိုးမည်**

AUKUS သဘောတူညီချက်သည် သမိုင်းဝင်ဖြစ်ပြီး အင်ဒို-ပစိဖိတ် ဒေသတွင်းဖြစ်ပေါ်လျက်ရှိသည့် မျိုးဆက်ပြောင်းလဲမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ AUKUS သဘောတူညီချက်သည် ဥရောပနှင့် အင်ဒို-ပစိဖိတ်ဒေသရှိ မဟာမိတ်အဖွဲ့ကိုစုစည်းပြီး သုံးနိုင်ငံစလုံးသည် ရေအောက်စွမ်းရည်အရှိဆုံးနိုင်ငံများဖြစ်သည်မှာ အသေအချာပင်ဖြစ်သည်။ ရေအောက်စွမ်းဆောင်ရည်များနှင့်ပတ်သက်၍ လုံခြုံစိတ်ချရသည့် အင်ဒို-ပစိဖိတ်ဒေသကိုကူညီရန် အတူတကွလုပ်ဆောင်နိုင်မည်ဟု အမေရိကန်မူဝါဒရေးရာ ကာကွယ်ရေးလက်ထောက်အတွင်းဝန် မာရာကာလင်က ပြောကြားခဲ့သည်။

ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးကို မည်မျှအလေးထားကြောင်းပြသရန် ဤသုံးနိုင်ငံကို အတူတကွ ပေါင်းစည်းခြင်းသည် အရေးကြီးကြောင်း မာရာကာလင်က ဆိုသည်။ AUKUS သဘောတူညီချက်တွင် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများတည်ဆောက်ရေးကို အဓိကထားလုပ်ဆောင်သော်လည်း ၎င်းတွင် အခြားသောအဆင့်မြင့်နည်းပညာများပါဝင်သည်။ AUKUS သည် နိုင်ငံအားလုံးကို ပိုမိုခိုင်မာသော ကာကွယ်ရေးစက်မှုလုပ်ငန်း အခြေခံဂေဟစနစ်များတည်ဆောက်ရန် ကူညီပေးကာ ၎င်းတစ်ခုတည်းကသာ ပေါင်းစပ်ဟန့်တားမှုသဘောတရားကို အထောက်အကူဖြစ်စေကြောင်း မာရာကာလင်က ဆိုသည်။

AUKUS ကို အကောင်အထည်ဖော်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးစက်မှုအခြေစိုက်စခန်း၊ ဆန်းသစ်တီထွင်မှုနှင့် စစ်ဘက်ဆိုင်ရာစနစ်များကို ပံ့ပိုးပေးသည့် ပုဂ္ဂလိကကဏ္ဍနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများ ပါဝင်သည်။ အမျိုးသားကာကွယ်ရေးမဟာဗျူဟာကို တိုက်ရိုက်ပံ့ပိုးပေးသည့်အနေဖြင့် AUKUS လုံခြုံရေးမိတ်ဖက်အဖွဲ့သည် အမေရိကန်နိုင်ငံ၏ အဓိကပြိုင်ဆိုင်မှု အားသာချက်များအနက်မှ တစ်ခုဖြစ်ပြီး ရေရှည်တည်တံ့သော မိတ်ဖက်ဆက်ဆံရေးများ တည်ဆောက်နိုင်မှုကို ထည့်သွင်းထားသည်။ ဗြိတိန်၊ ဩစတြေးလျတို့နှင့် ပိုမိုနက်ရှိုင်းသောဆက်ဆံရေးသည် စုပေါင်းကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု ချဲ့ထွင်စေပြီး ထောက်ပံ့ရေးကွင်းဆက်ခံနိုင်ရည်ကို အားကောင်းစေသည်။

**AUKUS မဟာမိတ်များက ၂၀၂၄ ခုနှစ်တွင် စစ်ရေးလေ့ကျင့်မှုဆက်တိုက်ပြုလုပ်မည်**

AUKUS မူဘောင်များအရ အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျတို့သည် ၂၀၂၄ ခုနှစ်မှစတင်၍ စစ်ရေးလေ့ကျင့်မှုကိုပြုလုပ်ရန် ထောက်ခံသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က ပြောကြားခဲ့သည်။ ယနေ့အချိန်တွင် ဤသုံးနိုင်ငံသည် AUKUS ၏ မဏ္ဍိုင်နှစ်ရပ်အောက်တွင် ကြိုးပမ်းမှုအသစ်များစွာကို ထောက်ခံအားပေးခဲ့ကြသည်။ ဤကြိုးပမ်းမှုနှစ်ခုအနက် ပထမတစ်ခုမှာ ရေကြောင်းပိုင်နက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စမ်းသပ်မှုနှင့် လေ့ကျင့်မှုဖြစ်သည်။ လာမည့်နှစ်မှစ၍ သုံးနိုင်ငံသည် ပေါင်းစပ်ထားသည့် သုံးနိုင်ငံစမ်းသပ်မှုနှင့် လေ့ကျင့်မှုများကို ဆက်တိုက်ပြုလုပ်မည်ဖြစ်သည်။ ၎င်းတို့သည် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးမည်ဖြစ်ပြီး ၎င်းတို့၏ အပြန်အလှန်လုပ်ဆောင်နိုင်မှုကို တိုးတက်ကောင်းမွန်စေလိမ့်မည်ဖြစ်သည်။

**AUKUS အရ ရေငုပ်သင်္ဘော တည်ဆောက်ရေးဆက်စပ်တည်ဆောက်မှုများပြုလုပ်**

ဝန်ကြီးချုပ် အယ်လ်ဘာနီအစိုးရသည် ဩစတြေးလျတွင် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ တည်ဆောက်ရေးအတွက် နောက်ထပ်သိသာထင်ရှားသော ခြေလှမ်းတစ်ရပ်အဖြစ် ဩစတြေးလျနိုင်ငံ Osborne ရှိ ရေငုပ်သင်္ဘောတည်ဆောက်ရေးပရိဝုဏ်တွင် ပဏာမလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ယခုအခါ အနာဂတ်ဆောက်လုပ်ရေးလုပ်သားအင်အားကို ပံ့ပိုးပေးရန် အဆင့်မြှင့်တင်ခြင်းနှင့် အကွက်ချရေးယာဆောက်လုပ်ရန်စာချုပ်များ စတင်ချုပ်ဆိုနေပြီဖြစ်သည်။ အခြားပဏာမလုပ်ငန်းသည် ၂၀၂၄ ခုနှစ်တွင် စတင်တည်ဆောက်ရန်ဖြစ်သည်။ ဩစတြေးလျနိုင်ငံက SSN-AUKUS ရေငုပ်သင်္ဘောများ တည်ဆောက်စဉ်အတွင်း ထောင်နှင့်ချီသော အလုပ်သမားများ၏ သွားလာမှုကိုပံ့ပိုးပေးမည့် လူကူးတံတားနှင့် လမ်းတည်ဆောက်မှုလည်း ပါဝင်သည်။ ရေငုပ်သင်္ဘောတည်ဆောက်ရေးအတွက် အခြေခံအဆောက်အအုံကို ဒီဇိုင်းနှင့်တည်ဆောက်ရန် လုပ်သား ၄၀၀၀ ခန့်ကိုခန့်အပ်မည်ဖြစ်သည်။ ဩစတြေးလျရေငုပ်သင်္ဘောတည်ဆောက်သူများနှင့် စက်ရုံလုပ်သားများသည် အမေရိကန်နိုင်ငံနှင့်ဗြိတိန် နှစ်နိုင်ငံစလုံးတွင် လေ့ကျင့်ရေးနှင့် လုပ်ငန်းတာဝန်သတ်မှတ်မှုများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။

> ❖ ဩစတြေးလျနိုင်ငံက SSN-AUKUS ရေငုပ်သင်္ဘောများ တည်ဆောက်စဉ်အတွင်း ထောင်နှင့်ချီသောအလုပ်သမားများ၏ သွားလာမှုကိုပံ့ပိုးပေးမည့် လူကူးတံတားနှင့် လမ်းတည်ဆောက်မှုလည်း ပါဝင်သည်။ ရေငုပ်သင်္ဘောတည်ဆောက်ရေးအတွက် အခြေခံအဆောက်အအုံကို ဒီဇိုင်းနှင့်တည်ဆောက်ရန် လုပ်သား ၄၀၀၀ ခန့်ကို ခန့်အပ်မည်ဖြစ်သည်။ ဩစတြေးလျ ရေငုပ်သင်္ဘောတည်ဆောက်သူများနှင့် စက်ရုံလုပ်သားများသည် အမေရိကန်နိုင်ငံနှင့်ဗြိတိန် နှစ်နိုင်ငံစလုံးတွင် လေ့ကျင့်ရေးနှင့် လုပ်ငန်းတာဝန်သတ်မှတ်မှုများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။❖

အချုပ်ဆိုရသော် AUKUS မိတ်ဖက်အဖွဲ့နှင့်ပတ်သက်၍ နိုင်ငံအသီးသီးနှင့် သက်ဆိုင်ရာနိုင်ငံများထံမှ စိုးရိမ်မှုများနှင့် တုံ့ပြန်မှုများကိုဖော်ပြစေခဲ့သည်။ အထူးသဖြင့် တရုတ်နိုင်ငံက ဤမိတ်ဖက်ဆက်ဆံရေးကို ဒေသတွင်းတင်းမာမှုများ တိုးမြင့်လာစေမည့် အလွန်တာဝန်မဲ့သောလှုပ်ရှားမှုအဖြစ် ဝေဖန်ခဲ့သည်။ AUKUS သဘောတူညီချက်ဖြင့် အစားထိုးထားသော ဩစတြေးလျနှင့် အဓိကရေငုပ်သင်္ဘောစာချုပ်ကို ရုတ်တရက်ဖျက်သိမ်းလိုက်ခြင်းကြောင့် ပြင်သစ်ကဲ့သို့သော အခြားနိုင်ငံများက ဩစတြေးလျအပေါ် စိတ်ပျက်မှုကို ထုတ်ဖော်ခဲ့ကြသည်။ ထို့ပြင် နျူကလီးယားကင်းမဲ့ဇုန်ဖော်ဆောင်ရေး ကြိုးပမ်းလျက်ရှိသည့် အာဆီယံနိုင်ငံများအတွင်း၌လည်း လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများမြင့်တက်စေသည်။ ဤသဘောတူညီချက်မှတစ်ဆင့် နောက်တစ်ဆင့် တက်လှမ်းနိုင်မှုသည် ဂျပန်နိုင်ငံက နျူကလီးယားနည်းပညာရရှိရေး ကြိုးပမ်းလာနိုင်မှုပင်ဖြစ်သည်။ သို့ဖြစ်၍ AUKUS ၏ စစ်ရေးလှုပ်ရှားမှုသည် အမှန်တကယ်စတင်လာပြီ ဖြစ်၍ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအပေါ် သက်ရောက်မှုများ ရှိလာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- AUKUS Allies to Hold Series of Military Drills Beginning Next Year-Pentagon Chief, Sputnik, December 3, 2023
- Submarine Construction Yard Works Caps off a Momentous Year for AUKUS, Defensestudy.com, December 28, 2023

# သုခမြိုင် ဇာတ်လမ်းတွဲကို Channel K You Tube Channel တွင် ထုတ်လွှင့်မည်




**ရန်ကုန် ဖေဖော်ဝါရီ ၆**

သုခမြိုင် ရုပ်သံဇာတ်လမ်းတွဲကို ဖေဖော်ဝါရီလအတွင်း Channel K You Tube Channel တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ သားညီက ပြောပြ၍ သိရသည်။

သုခမြိုင် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို MSY က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ သားညီက ရိုက်ကူးထားခြင်းဖြစ်ကာ Channel K ရုပ်သံလိုင်း၏ မူပိုင် ရုပ်သံဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"ဒီရုပ်သံဇာတ်လမ်းတွဲကတော့ Channel K ရုပ်သံလိုင်းရဲ့ မူပိုင်ရုပ်သံဇာတ်လမ်းတွဲဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဩဂုတ်လတုန်းက Channel K ရုပ်သံလိုင်းက ထုတ်လွှင့်ပြီးဖြစ်ပါတယ်။ အဲဒီတုန်းက မကြည့်လိုက်ရသေးသူတွေကော ကြည့်ရှုခံစားလိုသူတွေအတွက်ပါ အချိန်မရွေး၊ နေရာမရွေး ကြည့်ရှုနိုင်အောင် Channel K You Tube Channel ကနေ ဖေဖော်ဝါရီလအတွင်း ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ သားညီက ပြောပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် တင်မောင်ဆန်းမင်းဝင်း၊ ဝေရှိုင်း၊ ခင်ဇာခြည်ကျော်၊ အမ်မလီဘို၊ ခြူးစစ်ဟန်၊ ဦးဘဂျမ်း၊ ဝွမ်းပုံကြီး၊ ကလေးသရုပ်ဆောင် မိကြယ်စင်ကျော်ကျော်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# ရှမ်းပြည်နယ်(တောင်ပိုင်း) လွယ်ဖောင်းဒေသတွင် ပအိုဝ့်တိုင်းရင်းသားရိုးရာ မီးလျှောတိုင်မီးထွန်းပူဇော်ပွဲ ကျင်းပမည်ဖြစ်

**ပင်လောင်း ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် နောင်ပင်ကျေးရွာအုပ်စု လွယ်ဖောင်းဒေသတွင် ပအိုဝ့်တိုင်းရင်းသားရိုးရာ မီးလျှောတိုင် မီးထွန်းပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၅ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း လွယ်ဖောင်းဒေသ ပအိုဝ့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဦးစိုင်းငင်းက ပြောပြ၍ သိရသည်။

အဆိုပါ မီးလျှောတိုင်မီးထွန်းပူဇော်ပွဲပြုလုပ်ရာတွင် ပအိုဝ့်ရိုးရာ ဝတ်စုံအပြည့်၊ အိုးစည်၊ ဗုံ၊ မောင်းများဖြင့် ရွာခုနစ်ရွာမှ တစ်ရွာလျှင် မီးလျှောတိုင် ကိုယ်စားပြုမီးတိုင်တစ်တိုင်စီပါဝင်ပြီး ကျေးရွာတစ်ရွာစီမှ လူပျို၊ အပျိုများ၏ မီးလျှောတိုင်များဖြင့်လည်း စိုက်ထူပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။



"လွယ်ဖောင်းဒေသမှာ ပအိုဝ့်ရွာကြီးပေါင်း ခုနစ်ရွာရှိပါတယ်။ အဲဒီခုနစ်ရွာက စုပေါင်းလုပ်ဆောင်တဲ့ ရိုးရာအစဉ်အလာပွဲတော်ဖြစ်ပါတယ်။ ရွာခုနစ်ရွာက တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တွေက မီးလျှောတိုင်ကို လွယ်ဖောင်းဘုန်းတော်ကြီးကျောင်းဗုဒ္ဓဉယျာဉ်တော်မှာ အတီး၊ အမှုတ်၊ အကအခုန်တွေနဲ့စိုက်ထူပါတယ်။ ဆက်လက်ပြီးတော့ စုပေါင်းမီးထွန်းပွဲတော်ကိုတော့ ဖေဖော်ဝါရီ ၂၄ ရက်ကနေ ၂၅ ရက်ထိ ကျင်းပမှာဖြစ်ပါတယ်"ဟု ဦးစိုင်းငင်းက ပြောပြသည်။

အဆိုပါ မီးလျှောတိုင်မီးထွန်းပူဇော်ပွဲကို ယခင်က လွယ်ဖောင်းဒေသရှိ ကျေးရွာကြီး ခုနစ်ရွာမှ သက်ကြီးနှင့် သက်လတ်ပိုင်းများကသာ ပြုလုပ်ကျင်းပလေ့ရှိသော်လည်း ပြီးခဲ့သည့်နှစ်မှစတင်ကာ လူငယ်များက လက်ဆင့်ကမ်းထိန်းသိမ်းသည့်အနေဖြင့် လွှဲပြောင်းဆောင်ရွက်လာကြကြောင်း သိရသည်။

ASH

# မြန်မာ့ဆိုင်းဆရာ ရွှာစားကြီး စိန်တင်ဟန်အားရည်စူး၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရွှေတိဂုံစေတီတော်သို့ ထာဝရဘက်စုံရာသက်ပန်ငွေပဒေသာပင်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ကွယ်လွန်သူ မန္တလေးမြို့မှ မြန်မာ့ဆိုင်းဆရာ ရွာစားကြီးစိန်တင်ဟန်အားရည်စူး၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရွှေတိဂုံစေတီတော်သို့ ထာဝရဘက်စုံရာသက်ပန် ငွေပဒေသာပင်ကို ဖေဖော်ဝါရီ ၅ ရက်က ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးတွင် သွားရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

၂၀၀၄ ခုနှစ် မေ ၁၇ ရက်က မန္တလေးမြို့တွင် ကွယ်လွန်သွားခဲ့သည့် မြန်မာ့ဆိုင်းဆရာ ရွာစားကြီး စိန်တင်ဟန်အားရည်စူး၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းမြင့်တို့က ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ထာဝရဘက်စုံရာသက်ပန် ငွေပဒေသာပင်အဖြစ် ငွေကျပ် ငါးသိန်းကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကွယ်လွန်သူ ရွာစားကြီး စိန်တင်ဟန်အား ရည်စူးပြီးတော့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက လှူဒါန်းပေးတာဖြစ်ပါတယ်။ ရွှေတိဂုံစေတီတော်သို့ ထာဝရဘက်စုံရာသက်ပန်ငွေပဒေသာပင်အတွက် ငွေကျပ် ငါးသိန်း လှူဒါန်းတာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြန်မာ့ဆိုင်းဆရာ ရွာစားကြီး စိန်တင်ဟန်ကို ၁၉၃၂ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရုပ်သေးမင်းသား၊ မင်းသမီးများဖြစ်ကြသည့် အဖ ဦးဖိုးသစ်၊ အမိ ဒေါ်မြမှုံတို့က မြင်းခြံမြို့နယ် စွန်းလွန်းရွာ၌ မွေးဖွားခဲ့ကာ အမည်ရင်း ဦးကိုလေးဖြစ်ကြောင်း၊ ၁၉၄၂ ခုနှစ်တွင် မန္တလေးသို့ရောက်ရှိကာ ဆိုင်းပညာသင်ကြားခဲ့ရာ ၁၉၅၃ ခုနှစ်တွင် ဆိုင်းဝိုင်းတော်တီးဖြစ်လာခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ဆိုင်းဆရာကြီး အလက်ာကျော်စွာ စိန်ဗေဒါ၏ဆိုင်းအဖွဲ့ကို ခေါင်းဆောင်တီးမှုတ်ခဲ့ရကြောင်း၊ ၁၉၆၁ ခုနှစ်တွင် ကိုယ်ပိုင်ဆိုင်းတည်ထောင်ခဲ့ကာ ၁၉၈၃ ခုနှစ်မှစတင်၍ ယဉ်ကျေးမှုအနုပညာဆိုင်ရာဆောင်းပါးများ၊ သီချင်းများ၊ ဝတ္ထုများကို မဂ္ဂဇင်းများတွင် ရေးသားခဲ့ကြောင်း သိရသည်။

ရွာစားကြီး စိန်တင်ဟန်ရေးသားခဲ့ပြီး လူသိများသည့် သီချင်းတစ်ပုဒ်မှာ ကိုးဆယ်ဆသာလိမ့်မယ် ရုပ်ရှင်ဇာတ်ကားမှ ထန်းရွက်ပုတီးသီချင်းဖြစ်ပြီး ထင်ရှားသည့်ဝတ္ထုတစ်ပုဒ်မှာ ဘိသိက်မြိုင် ဗီဒီယိုဇာတ်ကားအဖြစ် လူသိများသည့် ဘိသိက်ဆရာဆားတောင်သောင်းဖြစ်ကြောင်း သိရသည်။ ASH

# Kill Them All ဇာတ်ကားကို ဒါရိုက်တာ ဆမ်ဘားဂရေ့ ရိုက်ကူးမည်

**နယူးယောက် ဖေဖော်ဝါရီ ၆**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Kill Them All အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်ကို ဒါရိုက်တာ ဆမ်ဘားဂရေ့က တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၅ ရက် သတင်းများအရ သိရသည်။

Kill Them All ဇာတ်ကားကို ကာတွန်းဆရာ ကိုင်လီစတာ့၏ အမည်တူရုပ်ပြစာအုပ်ကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းကို လက်စားချေရန်ကြိုးစားနေသည့် အမျိုးသမီးလုပ်ကြံရေးသမားတစ်ဦး၏လှုပ်ရှားမှုများကို ပုံဖော်ရိုက်ကူးမည်ဖြစ်သည်။


ဒါရိုက်တာဆမ်ဘားဂရေ့သည် နာမည်ကျော် Exbraction ဇာတ်ကားများကို Netflix ရုပ်ရှင်ကုမ္ပဏီအတွက် ရိုက်ကူးပေးခဲ့သူဖြစ်သည်။

ဒါရိုက်တာ ဆမ်ဘားဂရေ့သည် စတန့်ရိုက်ကွင်း စီစဉ်ညွှန်ကြားသူအဖြစ်မှသည် နာမည်ကျော်ဒါရိုက်တာတစ်ဦးအဖြစ် ပြောင်းလဲလာခဲ့သူဖြစ်သည်။

Kill Them All ဇာတ်ကား၌ ပါဝင်မည့်သရုပ်ဆောင်များနှင့် စတင်ရိုက်ကူးမည့်ရက်တို့ကို Paramount ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# Jurassic World ဇာတ်ကားသစ်ကို ဒါရိုက်တာ ဒေးဗစ်လိုက် ရိုက်ကူးဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၆**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Jurassic World ဇာတ်ကားသစ်ကို ဒါရိုက်တာ ဒေးဗစ်လိုက်က တာဝန်ယူ ရိုက်ကူးပေးဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၅ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် ဒေးဗစ်လိုက်အနေဖြင့် Jurassic World ဇာတ်ကားသစ်ကိုရိုက်ကူးရေးအတွက် ယူနီဗာဆယ်ကုမ္ပဏီနှင့်ဆွေးနွေးလျက်ရှိသည်။

သဘောတူညီချက်အပြီးသတ်ရခဲ့ပါက ဒါရိုက်တာ ဒေးဗစ်လိုက်သည် Jurassic World ဇာတ်ကားများကို ရိုက်ကူးခဲ့သည့်ဒါရိုက်တာများအနက် စတီဗင်စပီးဘာ့ပြီးလျှင် အထင်ရှားဆုံးဒါရိုက်တာဖြစ်လာလိမ့်မည်ဖြစ်သည်။

Jurassic World ဇာတ်ကားသစ်၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ယူနီဗာဆယ်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း၊ ထို့ပြင် အဆိုပါဇာတ်ကားသစ်တွင် မင်းသား ခရစ်ပရက်နှင့် မင်းသမီး ဘရိုက်ဒဲလက်ဟိုးဝပ်တို့ ပြန်လည်ပါဝင်လာနိုင်ဖွယ်မရှိကြောင်း သိရသည်။

လက်ရှိတွင် တရားဝင်ဇာတ်ကားနာမည်မရှိသေးသည့် Jurassic World ဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**





# Chairman of State Administration Council Prime Minister of the Republic of Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends 77th Anniversary Shan State Day message 7 February 2024

**Esteemed nationalities of the Shan State,**

I wish you and all the people of the entire nation health and happiness and peace and prosperity from the 77th Anniversary Shan State Day, which falls on 7 February, onwards.

Shan State is the largest in terms of land area among all the regions and states of the Union and also a home to the largest number of ethnic races. Ethnic Shan are the majority and they have been living in unity with other Shan ethnic races, Palaung, PaO, Wa, Danu, Kokang, Lahu, Akha, Intha and so on, and Kachin, Kayah and Lesu races. It is a land where all those ethnic peoples have been living in harmony since yore, and the landscape is decorated with beautiful geographical features.

It is also a stunning state that has fair weather and a number of hill stations. Pyadalin Cave, Lwewun Cave and other limestone caves where stone-age civilization can be found stand witness to its long history of civilization. Shan State is a perfect land area with a rich cultural diversity.

The emergence of Shan State Day has connections with the history that showed the country's unity during the independence struggle. The British tried to leave out hill regions under its divide-and-rule policy even if it had to grant Myanmar independence in an inevitable situation.

In 1947, the British invited a Myanmar delegation led by General Aung San to London and discussed Myanmar's future. During the talks, General Aung San demanded the inclusion of all the states including Shan State in granting independence to Myanmar. The executive committee of Shan State Feudal Council objected to the demand by saying that General Aung San was the representative of Shan chieftains. But leaders of Shan People's Freedom League organized a mass rally in Taunggyi and made a resolution that General Aung San was the representative of hill regions and gave full support to him. Aung San-Atlee Agreement could be signed only after the resolution and support were sent by a telegram.

The council member chieftains and representatives of Shan public held talks from 3 to 6 February 1947, and on 7 February Shan, Kachin and Chin representatives set up a subcommittee and signed the agreement to achieve independence together of the Myanmar proper.

Shan State Day is observed annually in honour of the Day (7 February) on which Shan, Kachin and Chin leaders in Shan State made a decision to gain independence together with the proper and this year marks the 77th anniversary. So, Shan State Day is a special moment that is also unique and profound for all the people of Myanmar as covenants of Panglong, the foundation of Union Day, could be adopted.

The time has arrived for the country to take the lessons of the past and march in harmony and unison on the correct path for the perpetuation of sovereignty and national development. A diverse array of national brethren had lived in solidity and dignity among the world countries for a long time. But the country was unjustly exploited and put under divide-and-rule administration by the colonialists for over 100 years after they had waged three aggressive wars.

The country is still facing the evil legacy of the divide-and-rule policy of the colonialists till today although it regained independence over 70 years ago. The entire country including Shan people fought back the colonialist administration with patriotism and by sacrificing lots of blood, sweat and lives and restored independence. But unity broke out in the Union and armed conflicts continue till today because of the evil legacy of the divide-and-rule policy. All must be aware of this fact.

National races including those from Shan State are facing a lot of hardships because of the armed conflicts, battles, disturbances, terrorism. All must understand that peace and stability is deteriorating and the country can be in danger. In addition to concentrating only on their interests, terrorist insurgents are destroying regional peace and stability, pagodas, roads, bridges, schools, hospitals, and buildings. Their acts are causing a lot of suffering for the people. All the stakeholders and people should make serious efforts to restore peace and stability and perpetual peace. The delay in realizing the situation may cause immeasurable losses and eventually it may lead to create a dangerous situation for the country.

The State Administration Council is now giving priority to national peace, socioeconomic development, restoring perpetual peace in the whole country, and setting up a Union based on democracy and federalism. In doing so, it is implementing a two-point political vision -- consolidation of a true and disciplined multiparty democracy and building of a Union based on democracy and federalism.

All the nationalities of the Union should realize the Union based on democracy and federalism with mutual understanding, forgiveness, mutual help and Union spirit, without any disunity among them. As nationalities of the Union have built the country with the Union system, national unity is its core. Hence, all must nurture Union spirit, the most important element of national unity.

The true wish of national races of Myanmar is peace and prosperity, rule of law, socioeconomic development, and food sufficiency. The government has set "the national prosperity and food sufficiency" as a national goal. It is developing the all-inclusive farming sector with modern methods and is striving for all all-round development of other economic sectors. The main requirement is the further development of farming-based MSMEs. Hence national races in Shan State should try to achieve socio-economic development by concentrating on the progress of MSMEs.

**Esteemed national races,**

The entire people including youths must be imbued with intellectual and technological knowledge and vision in building a Union based on democracy and federalism. The government is implementing a well-rounded education system that can bring about human resources to build a modern and developed country. As education is the cornerstone of national development, the government is making efforts to ensure education for all school age children, completion of KG+9, and inclusion of technical and farming knowledge in high school lessons.

Educational opportunities are low in regions of national races, especially the rural areas and border areas. Hence, the government is launching the education promotion campaign in the entire country. The task of promoting academic and technological knowledge, fostering patriotism of youths, developing their intellectual power to differentiate between good and bad and right and wrong, nurturing them to become valuable posterity is so important. Hence youths must be developed to become the new generation that can safeguard the future State.

As the armed conflicts, attacks and destruction are leading towards national disintegration and pushing the national people towards a hell-like situation, all should protect the nation and people with patriotism and Union spirit, and nurture new generation youths to become valuable human resources. And As for Shan State, I wish for peace and prosperity, all-round development and socioeconomic development. With this I conclude my message.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman of State Administration Council**

# Lima bean marketable in Mandalay due to high demand abroad

**Mandalay February 6**

Lima bean is in good trading at Mandalay market due to high demand from foreign merchants, said U Set Maung Swe, Secretary of Brokers, Merchants and Millers Maha Kahteintaw Association (Mandalay Commodity Depot).

Currently Lima bean has demands from foreign countries. It is very marketable in Mandalay market and Chinese merchants give many offers to purchase Lima bean from Mandalay.

In Mandalay market, lima bean is traded at K165,000 per three-basket bag on 24 January. Lima bean is cultivated in Magway, Sagaing and Mandalay regions as well as Yangon, Bago and Ayeyawady regions.

"Lima bean is in high demand. So, it is expected to rise its trading process in the future due to high demand from foreign trade partners," he explained. 184

# Confessions about trafficking of narcotic drugs operated by AA

The government has raised, as a national duty, the momentum of effectively eradicating trafficking in narcotic drugs, which are posing a great menace to the entire mankind, including new generation youths.

Moreover, it has also been extensively conducting inspections, exposures and seizures on the routes of transporting narcotic drugs, and seized ICE, more than two tonnes of methamphetamine, and 800 kilogrammes of precursor chemical caffein, valued at Ks-51.87 billion, from members of the Arakan Army (AA) group, Which is trafficking them on various legs of road and water routes, from Shan State to Rakhine State.

Their confessions are as follows:

**Confession of Ma Ei Ei Khin (alias) Ma Ei, who transported narcotic drugs from Shan State to Yangon**



"Nang Shwe Phyu and I went to Lashio to meet a person, called Maung Naing. At that time, I didn't have a job and it was difficult to get a job. I was asked, "We have a job. Will you do it?" Then, I happened to meet that person, Maung Naing. He told us, "You will get Ks-10 million for the trip." As it was a big amount, we accepted the job. I asked him whether it was heroin or raw opium. He said it was not the sort of narcotic drugs, and they had arranged everything, having packaged them all. He said we had only to sit in and ride the car. Nang Shwe Phyu fetched the packages from the forest. In Lashio, we hired a car. We put the things on the hired car and also on my car.

"We went up to Aungban on that car. He hired the car for us for Ks-600,000. On the previous trip, we brought only a small amount, depending on the situations along the route. I was together with Nang Shwe Phyu. As we came to know that it was safe for us on the previous trip, we brought a larger volume on the current trip. When we arrived Yangon, it was night time. In the morning, Nang Shwe Phyu got telephone connection with the person at the destination. I called her and asked, "Where are you?" She said she was on her way to the 10th-Mile where she would transfer the packages. I had had some dispute with her, and she had not brought me with her. But when I called her again. She was not at the 10th-Mile. It was Danyingon. She told me to come to Danyingon. So, I hired a taxi to follow her up to Danyingon.

"After leaving Lashio, we had to pass by Mongyei, Nampao, Indaw, Kyaukgu, and Yaksawk. But before we reached Yaksawk, we stopped in a forest for the night, where there were a food shop and a hot spring. After sleeping there for one night, we left in the morning. After going across Yaksawk, we reached Aungban. In Aungban, there was a car from Yangon waiting for us. The car driver, called Yan Naing Soe, telephoned us. He said he slept in Aungban because it was already dark. He said he would give us a phone number in the morning. In the morning, we contacted that phone number. The person who held the telephone gave us another phone number. The holder of the phone was called "Naw Naw", a young, male Rakhine national. We told Naw Naw to come to Danyingon to collect the packages. It was at the Danyingon junction.

"I'm very repentant. It is worse when my family came to know about it. I'm now every repentant."

**Confessions of U Hla Win (alias) Thar Gyi, friend of Kyaw Myat Oo (alias) Thar Thar (alias) Wai Thar Tun, who is in the rank of a colonel, in charge of Economic Affairs, of AA, who gave instructions on accepting the narcotic drugs that arrived Yangon and transporting them to Sittwe, Rakhine State**



As instructed by Kyaw Myat Oo (a) Thar Thar, who is in the rank of a Colonel, I had to transport narcotic drugs from Yangon to Rakhine State. Kyaw Myat Oo (a) Thar Thar and I have been friends since childhood as neighbours. In the first week of August, 2023, Kyaw Myat Oo (a) Thar Thar contacted me by phone. He said narcotic drugs were going to arrive, and gave me the telephone number of Second Lieutenant Naw Naw, his subordinate. He said Naw Naw would contact me. Then, I got links with Naw Naw. Car drivers also telephoned me. I connected the car drivers with



Drug-traffickers working for the AA and seized illegal drugs and vehicles.

Naw Naw, second lieutenant of AA. Second Lt. Naw Naw went to fetch the drugs. He called me when he arrived at the warehouse. He said 25 sacks of ICE were already in the warehouse. As I had been told by Kyaw Myat Oo (a) Thar Thar, I asked Second Lt. Naw Naw to bring out the 1-kilo sacks from paper boxes and re-package them neatly.

"For the second time, Kyaw Myat Oo (a) Thar Thar rang me in the third week of August, 2023, and told me that more narcotic drugs had arrived.

"Second Lt. Naw Naw contacted the car driver and went to fetch the drugs. When he arrived at the warehouse, he called me and said he had received 16 sacks of ICE. In the fourth of week of August, Kyaw Myat Oo (a) Thar Thar rang me and told me to bring the ICE in the warehouse to Vessel "Taninthayi." Then, I called Second Lt. Naw Naw and told him to transport the things in the warehouse to Mottama Port in Shwepyitha. He called me again when he had dropped off the things at the port. Only at that time, Kyaw Myat Oo (a) Thar Thar asked a person who was travelling to Yangon to hand Ks-10 million over to me. He said it was the award for my performance in August.

"Again in the first week of November, 2023, Kyaw Myat Oo (a) Thar Thar contacted me and said more narcotic drugs would arrive soon. He also gave me the phone number of the car driver. Then, I got contacts with the car driver. The driver told me to transfer the drugs near Ocean Hotel at 9th-Mile. So, I rang Second Lt. Naw Naw of AA and asked him to come to Ocean Hotel at 9th-Mile. I did not remember the place where this hotel was. He said there was a car in the underground parking lot. I didn't see any person there. I told Naw Naw I would bring the Super Custom car there. Then, I brought Naw Naw's car. I told him I had received 57 sacks of ICE. In the second week of November, Second Lt. Naw Naw informed me that he had received 40 sacks of the drug. One or two days later, Naw Naw told me that the Shwepyitha Industrial Zone Management Committee would inspect the warehouses in the zone. I relayed the information to Thar Thar. Naw Naw told me that he wanted to put cement in the warehouse and transfer the drugs to a car. I told Thar Thar what Naw Naw had said. So, Thar Thar asked me to buy a car, and also cement and transfer them to Naw Naw. So, I bought a truck of Canter brand for Ks-32 million. The cement I bought cost Ks-4.9 million. I received the money from a person near Insein Market under Thar Thar's arrangement

*See Page 14*

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 13*

by phone. We loaded the drugs in paper boxes onto the truck, and asked the driver to go to Lanmadaw. The truck was parked in Lanmadaw for seven days, and in Pabedan, another seven days. Because the clutch of the truck was not good, we had it repaired at a workshop in Myittha Street in South Okkalapa Township. The drugs were seized by the police there. But according to Naw Naw's words, he received the drugs three times within the month, totalling 38 sacks.

"In the second week of November, Kyaw Myat Oo (a) Thar Thar, in the rank of a colonel of AA, contacted me by phone.

"He told me he would send a person, called Soe Tun, who was to work together with Naw Naw. He asked me to rent a house for Soe Tun. Soe Tun and I went to North Dagon to look for a house to rent. We found a house, which Soe Tun liked, in Ward 34. Thar Thar sent the rental money through a person to me, and asked me to sign a one-year agreement at Ks-650,000 per month.

"In February 2022, Kyaw Myat Oo (a) Thar Thar rang me and said narcotic drugs would be transported by water. He asked me to buy a motorboat. He also said he would also send a person. We got contacts with the owner of a vessel called "Taninthayi". The owner mentioned the price of the motorboat as Ks-80 million.

"In August 2023, we transported narcotic drugs for the first time on motorboat "Taninthayi." Kyaw Myat Oo (a) Thar Thar, in charge of Economic Affairs, of AA, gave money for all the costs the costs for warehouses in which narcotic drugs were to be kept, for the cars and trucks, for the houses for AA members to live in, and for the motorboat, including service money "Ks-10 million" for me. I assume that the proceeds from selling the narcotic drugs are used for buying arms and ammunition and for recruiting.

"Now, I am repentant of my collusion with the AA group, harming the nation and the young people."

**Confessions of Kyaw Soe (a) Nay Lin Tun (a) Naw Naw, in the rank of Second Lieutenant of the AA group, who received the narcotic drugs that arrived in Yangon and transported them to Rakhine State in person, under the instructions of Kyaw Myat Oo (a) Thar Thar (a) Wai Thar Tun, in the rank of a colonel, in charge of Economic Affairs of AA**



"I'm Kyaw Soe (a) Nay Lin Tun (a) Naw Naw, in the rank of Second Lieutenant of AA. My personnel No. is 0104. I joined AA in 2010, and attended a 45-day military training course. Then, I served as a private in a section. I went to Sein Yu Bone Mountain to join in an operation. I served the duty of caring for agriculture and livestock breeding at the AA base unit up to 2022. Afterwards, I was sent by Colonel Kyaw Myat Oo (a) Thar Thar (a) Wai Thar Tun, in charge of Economic Affairs, to Yangon for transport of narcotic drugs. Colonel Kyaw Myat Oo (a) Thar Thar (a) Wai Thar Tun asked me to rent a warehouse in Shwepyitha for storing narcotic drugs. I rented a warehouse for Ks-2.5 million per month, and stored narcotic drugs in it. I had to bring the drugs to Mottama Port in Shwepyitha Township and load them onto the motorboat.

"Colonel Kyaw Myat Oo (a) Thar Thar (a) Wai Thar Tun said I must receive narcotic drugs from Than Win (a) Yan Naing. I received 620 (one-kilo) sacks of ICE at Danyingon junction on the 5 of August one time; 400 (one-kilo) sacks of ICE at the same junction on 15 August one time;

140 (one-kilo) sacks of the drug at the car parking lot of Ocean Hotel on November 7 one time, under the instruction by phone of Colonel Kyaw Myat Oo (a) Thar Thar (a) Wai Thar Tun; 40 sacks of the drug near a market at Danyingone junction on November 10 one time; 175 (one-kilo) sacks of the drug at the same junction on November 23 one time; 90 (one-kilo) of the drug at the same junction on November 24 one time; and 600 (one-kilo) sacks of ICEat the same junction on November 25; totalling seven time.

"I brought 3,025 sacks of ICE and 40 sacks of narcotic drugs and stored them in the warehouse. Under the instruction of Colonel Kyaw Myat Oo (a) Thar Thar (a) Wai Thar Tun, I put the narcotic drugs in paper boxes and stored them in the warehouse. Colonel Kyaw Myat Oo (a) Thar Thar (a) Wai Thar Tun asked me to send the narcotic drugs in 51 paper boxes to Mottama Port in Shwepyitha. So, I hired a Hijet for transporting the drugs. I entrusted the narcotic drugs with a person called Soe Paing (a) Soe Soe who was on the motorboat "Taninthayi".

"Colonel Kyaw Myat Oo (a) Thar Thar (a) Wai Thar Tun directly asked me to take charge of the drugs in Yangon. He gave me Ks-300,000 per month during my service. In the past, we didn't get any salary. It was only in my service with the narcotic drugs that I got a monthly salary of Ks-300,000. Major General Tun Myat Naing also knew about our activities in narcotic drug trade. Actually, we were doing them under his command.

"AA members also sent the narcotic drugs to other regions and countries. Before I was arrested, I had heard about the seizure of narcotic drugs which were about to be sent to Malaysia.

The seizure took place when they were about to be sent by water. The traffickers were AA members. In fact, we, AA members, felt self-conscious in using the money, the proceeds from the sales of narcotic drugs. I feel upset for my having sent the narcotic drugs to Sittway by water for the first time. I also feel repentant.



Drug-traffickers use roads and waterways to transport drugs



Drug-traffickers working for the AA and seized illegal drugs.

You will now hear the confessions of Soe Paing (a) Soe Soe who sent the narcotic drugs from Yangon to Sittwe by water.

**Confessions of U Soe Paing (a) Soe Soe, who transported narcotic drugs from Yangon to Sittwe**



"In April 2022, Ko Thar Gyi contacted me and asked me to work in Yangon. The work was to drive a motorboat. Then, I arrived in Yangon in May. He made me contact with a person, called Ko Kyaw Han, who was in Yangon. Ko Kyaw Han and I went to the motorboat. On the motorboat, there were three persons on security. They went back home when we took over the boat.

"On the following days, more persons arrived to work on board through the connections of Ko Kyaw Han and Ko Thar Gyi. My salary was Ks-500,000 per month. In addition to the salary, they occasionally issued Ks-300,000 to Ks-500,000 in advance, as necessary, to me. I made a total of seven trips between Yangon and Sittwe on Taninthayi-I motorboat.

"Up to the sixth time, I had transported 5,000 bags of cement on the motorboat from Yangon to Sittwe. On the seventh time, 460 bags of rice were loaded onto the motorboat at the Shwepyithar port. Then, more bags of cement were loaded at Miba Myitta port near the Shwepyitha port. At that port, 51 paper boxes were loaded after cement.

"When the paper boxes were about to be loaded, Ko Thar Gyi called me and said the paper boxes were important, and asked me to take care of them. He also gave me the phone number of the person who would send the paper boxes to the port. He said that person would come to contact me.

"A person, whom I later came to know as Naw Naw, contacted me and dropped off the 51 paper boxes from a Hijet. He said Ko Thar Gyi would give me Ks-5 million on completion of the trip. On my trip from Yangon to Sittwe, I cruised from Yangon River to Khanaungto Creek, where I laid the anchor. At the time of flood tide, I cruised along the Twantay Canal, passing Maubin, Wakema and Myaungmya. After passing from below Ngapudaw, I proceeded to Hainggyi, and then, Mawtinsun, and cruised along Ngayokkaung-Chaungtha-Gwa coast. Then, I went straight to Sittwe.

"When I was young, beginning from 2003, I drove motorboats in Taungup and worked honestly. Then, jobs were scarce, and I arrived here through the contacts of Ko Thar Gyi, who said I was just to transport legal goods. If I had known that the goods were illegal, I would not have chosen this work. Only now did I know that AA members and transport of illegal goods were involved. I feel really upset. I have two sons. I feel greatly sorrowful for the our existence and for the future of my sons.

*See Page 15*

*From Page 14*

I was told I had only to transport cement, and work within the framework of law. This happened without knowing that narcotic drugs would be involved. I must say that they have used me. I feel really upset for having transported the goods without knowing that they were illegal. I beg the pardon of young people and parents of Rakhine for my wrongdoing.

I want to tell them not to abuse these things. I think that these things would be sent from Sittway to other countries across the border. I have heard about the seizures of such narcotic drugs at border. I also assume that AA should not use the proceeds from selling the narcotic drugs for young Rakhine people and arms and ammunition.

**Confessions of Kyaw Han (a) Hsan Shay, who was in the rank of sergeant in the AA group, who transported the narcotic drugs from Yangon to Sittwe by water.**



"I'm a member of the AA group, Sergeant Kyaw Han with personnel No 0287. On 5 January 2016, an AA member came to fetch me. Then, I was made to attend a course in Kyauktaw Township. The course was completed after May. They gave me a personnel number on completion of the course. I had to take care of the plantations. In May 2016, I had to live at Meewah Camp, and had to participate in building more camps. That was a time when more and more camps were built near Padauk.

"Armed clashes took place when the Myanmar Tatmadaw columns entered the area. At that time, two privates fell on our side. We fled the scene of engagement.

"On fleeing, we reached Kokesi. It was within MraukU Township, and we stayed there. We did casual work. As I didn't have a secure job, staying with other persons, I moved to Pauktaw Township. I was staying there in hiding. While staying there, I rode boats carrying sand and stones. In 2021, a person, called Aung Hsan Oo, contacted me and asked whether I wanted to work. He said I had to ride a motorboat, by which AA transported goods.

"I replied to him that I would work. Then, he sent me to Yangon, after giving me Ks-200,000. After arriving Yangon, I was sent to Seikkyi-Khanaungto. The place where there was "Taninthayi" motorboat. Then, I started working onboard. The motorboat transported goods. On the last voyage from Yangon to Sittwe, 7,000 bags of cement, 46 bags of rice and 51 paper boxes of narcotic drugs. They were loaded at Mottama port in Shwepyitha. After arrival at Sittwe, our motorboat was anchored amid the water, and members of AA came to fetch the goods on motorboats and small-engine boats. The narcotic drugs and goods were owned by AA. It took five days (four nights) to cruise from Yangon to Sittwe.

**Confessions of Soe Tun, in the rank of second lieutenant, of the AA group, who transported narcotic drugs to Bangladesh**



I am an AA member.

Private number is AA 0178.

The officer number is AC 0304.

I am Soe Tun and I'm in the rank of second lieutenant.

I joined the course of AA in 2012. I started the course in August and completed in October. In January 2015, after being promoted to the rank of sergeant, Thar Thar (a) Wai Thar Tun , who was in the rank of a colonel, called the AA headquarters and told us that we had to do drug trafficking in Mandalay. So we came to Mandalay from the AA Laiza base to do drug trafficking. One day or two after I arrived, a person named Kyaw Min Htay from the AA group came to me. After being there, about three or five months later, drugs arrived there with 12-wheeler trucks. We opened the narcotic drugs carried by the trucks, took pictures and then we showed it to in the rank of Colonel Wai Thar Tun via We Chat. After we showed it, we had to check it again there. The drugs came to us by 12-wheeler trucks. Sometimes they were carried by cars like oil tankers and 4-wheel cars. During 2015 and 2016, we received the drugs once a month or once in two months. We had first received 20 sacks of drug and kept them in the warehouse. At the instruction of in the rank of Colonel Wai Thar Tun, we had to send the drugs to MyaukU, Kyauktaw and Sittway in Rakhine State by trucks. After I was promoted to the rank of second lieutenant in 2019, I went to northern Rakhine State in around 2020 at the request of Thar Thar (a) in the rank of Colonel Wai Tha Tun, and when I arrived in the north of Moungtaw, AA group planned for me to stay there. Then I had to work together with Ko Aung Gyi, Ko Naing Shay and Ko Pu. There, I had to send drugs and motorbikes to the Bangladesh border by motorbikes. And so we reached the border. We sent them to Bangladesh border about five times. About 20 to 30 were sent once. In our words, we called one box, two boxes and etc... Ten rods are called a box. We used to send 20 rods or 30 rods once. When we reached the border, the brokers from Bangladesh picked them up. When I lived in Maungtaw, Rakhine State, I used to send narcotic drugs to Bangladesh for about a year. Around November, Thar Thar (alias) Wai Thar Tun who was in the rank of colonel in AA group said that I must do drug trafficking in Yangon. Arriving in Yangon, I stayed with lieutenant Tun Lin and second Lieutenant Naw Naw in a warehouse in Kanaung Minthagyi street, Zone -1.

On 23rd November 2023, Second Lieutenant Naw Naw went by taxi and took the ICE—three bags contain one kilo (20) packets and one bag contains 15 packets totalling 75 packets. When they arrived at the warehouse, Naw Naw, Lieutenant Tun Lin and I packed them with paper. On 25th November, Naw Naw left me at a tea shop at the Pearl Street intersection. He took the drugs in another car and dropped them at that warehouse. After that, he picked me up by car. When I arrived at the warehouse, Second Lieutenant Naw Naw, Lieutenant Tun Lin and I packed and the with 600 bags, one-kilo 20 packets and stored them in the warehouse.

The car that brought the drug called Second Lieutenant Naw Naw. Since the drugs had already arrived, we went to pick it up with the ALPHARD car. At first, he arranged to meet at Pearl intersection, but later he arranged to meet at 14th Street intersection, so we went. They asked for the type and number of the car, and in the rank of Second Lt. Naw Naw said the type and number of the car. At the 14th street intersection, one person waved and made our car stop. As soon as I got out of the car, I was arrested. The person who is the main leader of this drug business is in the rank of colonel Thar Thar(a) Wai Thar Tun, who is in charge of economic affairs of AA group. It is not possible in the rank of Major General Tun Myat Naing doesn't know that we are doing drug smuggling. He has known that. We have done it. But I regret it. I had to do as instructed. In fact, we don't want to do it.

# Mingin Township completes cultivation of more than 4,000 acres of vegetables

**Mingin February 6**

More than 4,000 acres of vegetables have been cultivated in Mingin Township of Sagaing Region, according to the statistics of Mingin Township Agriculture Department.

In 2023-24 financial year, the township set a plan for cultivation of 3,902 acres of vegetables but local farmers have cultivated 4,375 acres.

Head of Mingin Township Agriculture Department Daw Hay Man Kyaw Win said, "Local farmers have cultivated more than 4,000 acres of vegetables against the target of over 3,000 acres this year. We have a plan to increase sown acreage of vegetable year by year. We provide agricultural techniques to local farmers for growing healthy crops. Local farmers focus on cultivation of mustard, chilli, cardamom, potato, cabbage, eggplant, cauliflower and others."

Starting from October 2022, local farmers have grown 3,902 acres of crops in Mingin Township.

This year, Township Agriculture Department provides agricultural techniques to local farmers for expansion of sown acreage of vegetables, growing of healthy crops and systematic use of natural fertilizers and pesticides.

In 2023-24 monsoon, Mingin Township earmarked 2,933 acres of vegetables but grew 3,028 acres from May to September 2022.

206



A vegetable plantation.

[၂] ရှေ့မှအဆက်

ရှမ်းမျိုးနွယ်စုများဖြစ်သော ရှမ်း၊ ပလောင်၊ ပအိုဝ်း၊ "ဝ"၊ ခနော့၊ ကိုးကန့်၊ လားဟူ၊ အာခါ၊ အင်းသား စသည့် ရှမ်းတိုင်းရင်းသားများနှင့်အတူ ကချင်၊ ကယား၊ လီဆူ စသည့် တိုင်းရင်းသားများစွာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံတို့ဖြင့် ကာလရှည်ကြာစည်းလုံးညီညွတ်စွာ အတူယှဉ်တွဲစုပေါင်းနေထိုင်လျက်ရှိသော တောတောင်ရေမြေသဘာဝအလှအပများနှင့်ပြည့်စုံသည့် ပြည်နယ်ဖြစ်ပါသည်။

သဘာဝရာသီဥတုသင့်တင့်မျှတပြီး ခရီးသွားတောင်ပေါ် အပန်းဖြေမြို့များတည်ရှိလျက်ရှိသော သာယာလှပသည့် ပြည်နယ်ကြီးလည်းဖြစ်ပါသည်။ ထို့ပြင် ကျောက်ခေတ်ယဉ်ကျေးမှုများဖြစ်သည့် ပြဒါးလင်းဂူ၊ လွယ်ဝန်းဂူနှင့်ထုံးကျောက်ဂူများ အများအပြားနှင့် သဘာဝအင်းအိုင်များ၊ သမိုင်းရှည်ကြာသော မြို့ပြယဉ်ကျေးမှုထွန်းကားခြင်းနှင့်အတူ တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များစုံလင်စွာနှင့် သဘာဝသယံဇာတများ ပေါကြွယ်ဝလျက် အဘက်ဘက်က သာယာပြည့်စုံသည့် ပြည်နယ်ဖြစ်ပါသည်။

ရှမ်းပြည်နယ်နေ့ ပေါ်ပေါက်လာခဲ့ခြင်းမှာ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ပြခဲ့သည့်သမိုင်းနှင့် ဆက်စပ်လျက်ရှိပါသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို မဖြစ်မနေလွတ်လပ်ရေးပေးရလျှင်သော်မှ တောင်တန်းဒေသများကို ချန်လှပ်ပြီး ဆက်လက်သွေးခွဲအုပ်ချုပ်ရန် ကြိုးစားခဲ့ကြသည်။

ဗြိတိသျှတို့သည် ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်သို့ဖိတ်ခေါ်၍ မြန်မာနိုင်ငံ၏ အနာဂတ်အရေးကိုဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့်အခါတွင် ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသအားလုံးကိုပါ တစ်ပြိုင်တည်း လွတ်လပ်ရေးပေးရန် ဗိုလ်ချုပ်အောင်ဆန်းက တောင်းဆိုခဲ့ပါသည်။ ရှမ်းပြည်ပဒေသရာဇ်ကောင်စီ၏ အမှုဆောင်ကောင်စီက ဗိုလ်ချုပ်အောင်ဆန်းသည် စော်ဘွားများ၏ကိုယ်စားလှယ်မဟုတ်ကြောင်း ကန့်ကွက်ခဲ့သော်လည်း ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်က ခေါင်းဆောင်များကလည်း တောင်ကြီးမြို့၌ လူထုအစည်းအဝေးကြီး ကျင်းပကာ ဆုံးဖြတ်ချက်များချပြီး ဗိုလ်ချုပ်အောင်ဆန်းသာလျှင် တောင်တန်းသားများအတွက် ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းကို အပြည့်အဝထောက်ခံကြောင်း ပြန်လည်ကြေးနန်းပေးပို့လိုက်မှသာလျှင် သဘောတူစာချုပ်(အောင်ဆန်း-အက်တလီစာချုပ်)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်ထိ ကောင်စီအမှုဆောင်အဖွဲ့ဝင်စော်ဘွားများနှင့် ရှမ်းပြည်လူထုကိုယ်စားလှယ်များပါဝင်သည့် ဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် ရှမ်း၊ ကချင်၊ ချင်းကိုယ်စားလှယ်များက ဆပ်ကော်မတီဖွဲ့စည်းကာ ပြည်မနှင့်အတူ လွတ်လပ်ရေးရယူရန် ဆွေးနွေးဆုံးဖြတ်ချက်များကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ထိုကဲ့သို့ ရှမ်းပြည်နယ်အတွင်းရှိ ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသားခေါင်းဆောင်များသည် ပြည်မနှင့်အတူပူးပေါင်း၍ လွတ်လပ်ရေးအရယူမည့် သဘောတူဆုံးဖြတ်ချက်များကို ဆုံးဖြတ်ချမှတ်နိုင်ခဲ့သည့် ဖေဖော်ဝါရီ ၇ ရက်ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ် ကျင်းပပြုလုပ်လာခဲ့သည်မှာ ၇၇ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်နေ့သည် သမိုင်းဝင်ပြည်ထောင်စုနေ့၏ အခြေခံ၊ ပင်လုံစာချုပ်၏ ပဋိညာဉ်များကို ချမှတ်နိုင်ခဲ့သည့်တိုင်းရင်းသားအားလုံး၊ မြန်မာတစ်မျိုးသားလုံးနှင့်သက်ဆိုင်သော၊ ထူးခြားလေးနက်သော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

**မိမိတို့နိုင်ငံအချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိတ်ကတွေ့ကြုံခဲ့ရသည့်ဖြစ်စဉ်များကို သင်ခန်းစာယူပြီး လမ်းကြောင်းမှန်ပေါ်တွင် တက်ညီလက်ညီလျှောက်လှမ်းရတော့မည့်အချိန်အခါရောက်နေပြီဖြစ်**ပါသည်။ **ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မတူကွဲပြားသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် နှစ်ကာလကြာရှည်စွာ ကမ္ဘာ့အလယ်တွင် တည်တည်ငြိမ်ငြိမ်၊သိက္ခာရှိရှိ နေထိုင်လာခဲ့ကြ**ပါသည်။ သို့သော်လည်း မတရားကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး တစ်နိုင်ငံလုံး ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ကာ နှစ်ပေါင်း ၁၀၀ ကျော် ကုပ်သွေးစုပ်အမြတ်ထုတ်ခံရခြင်းနှင့်အတူ သွေးခွဲအုပ်ချုပ်မှုကိုခံခဲ့ကြရပါသည်။

လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း ၇၀ ကျော်ကြာခဲ့ပြီဖြစ်သော်လည်း နယ်ချဲ့တို့၏သွေးခွဲအုပ်ချုပ်ခဲ့သည့် အမွေဆိုးကို ယခုထိ ခံစားနေရဆဲဖြစ်ပါသည်။ **ကိုလိုနီလက်အောက်တွင် ဖိနှိပ်အုပ်ချုပ်မှုကို ရှမ်းတိုင်းရင်းသားများအပါအဝင် နိုင်ငံတစ်ဝန်း တိုင်းရင်းသားပြည်သူအားလုံးက မျိုးချစ်စိတ်ဓာတ်ဖြင့် အသက်သွေးချွေးများစွာ ပေးဆပ်တိုက်ပွဲဝင်ပြီး လွတ်လပ်ရေးကို ရယူနိုင်ခဲ့သော်လည်း သွေးခွဲအုပ်ချုပ်သည့် အမွေဆိုးကြောင့် ပြည်ထောင်စုအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြိုကွဲကာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ယနေ့အထိ ဖြစ်ပွားလျက်ရှိသည်မှာ သတိထားသင့်သည့်အချက်ဖြစ်**ပါသည်။

အထူးသဖြင့် **ရှမ်းပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများဖော်ဆောင်နေခြင်း၊ တိုက်ပွဲများဖြစ်နေခြင်း၊ ဆူပူအကြမ်းဖက်ဖျက်ဆီးနှောင့်ယှက်တိုက်ခိုက်မှုများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဒုက္ခများစွာခံစားနေကြရ**ပါသည်။ ထို့ပြင် **ဒေသတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါ ပျက်ပြားလာသည့်အပြင် နိုင်ငံအတွက်ပါ အန္တရာယ်ရှိလာနိုင်သည်ကို အားလုံးက သိရှိလက်ခံကာ ခုခံတားဆီးသပ်ကြရန်လိုပြီဖြစ်**ပါသည်။

**အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့အကျိုးစီးပွားကိုသာ ဦးတည်ဆောင်ရွက်နေရုံသာမက ဒေသတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်ခြင်း၊ဇော်ပုထိုးများအပါအဝင် လမ်း၊ တံတား၊ ကျောင်း၊ဆေးရုံ၊အဆောက်အအုံသည်တို့ကိုပါဖျက်ဆီးခြင်းမှာ လွန်စွာအကျည်းတန်အရုပ်ဆိုးပြီး ဒေသခံပြည်သူများ ဆင်းရဲဒုက္ခများစွာဖြစ်ပေါ်စေလျက်ရှိ**ပါသည်။ ထို့ကြောင့် **သက်ဆိုင်သူအားလုံးနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးဖြစ်ထွန်းလာအောင် အလေးအနက်ထားခုခံတားဆီးဆောင်ရွက်သင့်သည့်အချိန်ကာလဖြစ်ကြောင်းနှင့်နောက်ကျလျှင် နောက်ကျသလောက်အကျိုးယုတ်နိုင်ပြီး နိုင်ငံအတွက် အန္တရာယ်ရှိသည်ကို သတိပြုကြရမည်ဖြစ်ကြောင်း အသိပေးတိုက်တွန်း**အပ်ပါသည်။

> **နိုင်ငံအတွင်းဖြစ်ပေါ်နေသည့်လက်နက်ကိုင်ပဋိပက္ခများ၊ တိုက်ခိုက်ဖျက်ဆီးမှုများအားလုံးသည် နိုင်ငံပြိုကွဲပျက်စီးရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး အတိဒုက္ခရောက်ရေးကိုသာ ဦးတည်နေသဖြင့် သက်ဆိုင်သူအားလုံးက မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံနှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်၊ ရှမ်းပြည်နယ်တစ်ခုလုံးအေးချမ်းသာယာ၍ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားပါစေကြောင်း ဆန္ဒပြုတိုက်တွန်း. . .**

ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အလေးထားကြိုးပမ်းလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့်နိုင်ငံရေးရည်မှန်းချက်နှစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

**ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးတို့သည် အချင်းချင်းသွေးမကွဲကြဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်ခွင့်လွှတ်မှု၊ရိုင်းပင်းကူညီမှုတို့ဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးကို ဖော်ဆောင်ကြရမည်ဖြစ်**ပါသည်။ မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြရေးပင်ဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်။

မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအားလုံး၏ဆန္ဒအမှန်မှာ အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးပင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်အဖြစ်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူအားလုံး အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်လျက်ရှိပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်လျက်ရှိပါသည်။ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ယခုထက် ပိုမိုအားကောင်းလာရန်လိုအပ်သဖြင့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများအနေဖြင့်လည်း MSMEလုပ်ငန်းများအောင်မြင်ရေးကို အလေးထားဆောင်ရွက်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**တိုင်းရင်းသားမိဘပြည်သူများခင်ဗျား –**

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အသိပညာ၊ အတတ်ပညာနှင့် စဉ်းစားတွေးခေါ်နိုင်သည့် စွမ်းရည်များ ပြည့်စုံရန်လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူနိုင်ရေး၊ အနည်းဆုံးအလယ်တန်းအဆင့် (KG+9)ပြီးမြောက်သည်အထိ သင်ယူနိုင်ရေး၊ စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေးစသည့် အသက်မွေးဝမ်းကျောင်းပညာများကို အထက်တန်းအဆင့်တွင် သင်ယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

အထူးသဖြင့် ကျေးလက်ဒေသများ၊ နယ်စပ်ဒေသများအပါအဝင် တိုင်းရင်းသားဒေသများတွင် ပညာသင်ယူနိုင်မှုအခွင့်အလမ်းနည်းပါးနေကြောင်းတွေ့ရပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံး ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိပါသည်။**လူငယ်များကို အသိပညာ၊အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ရှိလာစေပြီး အမှန်နှင့်အမှား၊ အကောင်းနှင့် အဆိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည့် စွမ်းဆောင်ရည်မြင့်မားသော အနာဂတ်သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်မှာ အရေးကြီးသောအချက်ဖြစ်**ပါသည်။ ထို့ကြောင့် လူငယ်များအား အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသော မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အားဖြင့် **နိုင်ငံအတွင်းဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ၊ တိုက်ခိုက်ဖျက်ဆီးမှုများအားလုံးသည် နိုင်ငံပြိုကွဲပျက်စီးရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး အတိဒုက္ခရောက်ရေးကိုသာ ဦးတည်နေသဖြင့် သက်ဆိုင်သူအားလုံးက မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံနှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်**ပေးကြပါရန်၊ နိုင်ငံ၏အနာဂတ်ဖြစ်သော လူငယ်မျိုးဆက်သစ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြပါရန်နှင့် **ရှမ်းပြည်နယ်တစ်ခုလုံးအေးချမ်းသာယာ၍ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားများ၏လူမှုစီးပွားဘဝများတိုးတက်မြင့်မားပါစေကြောင်း ဆန္ဒပြုတိုက်တွန်း**လျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

○ **အင်းသားရိုးရာလှေလှော်ပြိုင်ပွဲမှ**

ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဒေါက်တာအေးထွန်း၊ ဦးဇော်အေးမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများ တက်ရောက်ကြသည်။

အင်းသားရိုးရာလှေလှော်ပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး ၂၆ တက် လှော်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ၄၆ တက် လှော်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးရာကျော်လှေလှော် အသင်းများယှဉ်ပြိုင်လှော်ခတ်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ နှစ်သိမ့်ဆု၊ ဒုတိယဆုနှင့် ပထမဆုများရရှိကြသည့် လှေလှော်အသင်းများကို ဒုတိယဝန်ကြီးများ၊ တရုတ်သံရုံးမှ သံမှူးကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သမိုင်းဝင်အင်းလေးဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြကာ ရွှေသင်္ကန်းနှင့် လျှုဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အသိဉာဏ်ပညာနှင့် စိတ်ရင်းစေတနာမှန်ကန်မှုသည် အဓိကကျ



အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကိုတည်ဆောက်ရာတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ အသိဉာဏ်ပညာနှင့် စိတ်ရင်းစေတနာမှန်ကန်မှုသည် အဓိကကျပါသည်။ မိမိတို့၏အကျိုးစီးပွားထက် ပြည်ထောင်စုကြီးတစ်ခုလုံး၏အကျိုးစီးပွားကို ချိန်ထိုးစဉ်းစားလုပ်ဆောင်ကြရန်လိုပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)**

**၁၂-၂-၂၀၂၃**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်လှစ်



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက တရားရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၆**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့နယ်အတွင်း ပဒံကျေးရွာရှိ ရန်ကုန်-ပုသိမ်ကားလမ်း စုပေါင်းရုံးအဆောက်အအုံအမှတ်(၂)၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက အခမ်းအနားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်တရားရုံးသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် တာဝန်ရှိသူများက အဆောက်အအုံသစ်နှင့်ပတ်သက်၍ ရှင်းလင်းပြကြပြီး စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် လှိုင်သာယာမြို့နယ်တရားရုံး တရားသူကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တရားရုံးသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

# နေပြည်တော်ကောင်စီဝင်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၁၀/ ၂၀၂၄**

၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်)

**နေပြည်တော်ကောင်စီဝင်နှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါ နေပြည်တော်ကောင်စီဝင်နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **နေပြည်တော်ကောင်စီဝင်**

| | | |
|---|---|---|
| ကြည်း ၂၁၀၁၁<br>ဗိုလ်မှူးကြီးမင်းနောင် | **အစား** | ကြည်း ၂၃၇၆၇<br>ဗိုလ်မှူးကြီးမျိုးဝင်း |

(၂) **မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**

| | | |
|---|---|---|
| ကြည်း ၂၈၇၀၇<br>ဗိုလ်မှူးကြီးကျော်ကျော်လင်း | **အစား** | ကြည်း ၂၂၄၀၅<br>ဗိုလ်မှူးကြီးမိုးမင်းသိန်း |

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၆**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်အဖြစ် အောင်မြေသာစံခရိုင် အသင်းနှင့် မိတ္ထီလာခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲတွင် မိတ္ထီလာခရိုင်အသင်းက အောင်မြေသာစံခရိုင်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းဌေး၊ ဦးရွှေဇင်နှင့် ဦးစိုးလွင်၊ တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပထမဆုရရှိသော မိတ္ထီလာခရိုင်အသင်း၊ ဒုတိယဆုရရှိသော အောင်မြေသာစံခရိုင်အသင်း၊ ပူးတွဲတတိယဆုရရှိသော မဟာအောင်မြေခရိုင် အသင်းနှင့် ပြင်ဦးလွင်ခရိုင်အသင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများကို တံခွန်စိုက်ဆုဖလား၊ ဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



# ရန်ကုန်မြို့တော်၏ အထင်ကရပြယုဂ်(Land Mark)ဖြစ်လာမည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်း

ကေကေစီ(DOB)

ရန်ကုန်တိုင်းဒေသကြီး၏ တောင်ဘက်ပိုင်းရှိ ဒလမြို့သည် ဧရာဝတီတိုင်းဒေသကြီးသို့ ထွက်ပေါက်မြို့တစ်မြို့ဖြစ်ပြီး ရန်ကုန်မြို့တော်နှင့် အနီးဆုံးဖြစ်သော်လည်း ရန်ကုန်မြစ်ဖြင့် ပိုင်းခြားထားသဖြင့် ရေလမ်းဖြင့်သာ ရန်ကုန်မြို့သို့ သွားရောက်ရပြီး လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နည်းပါးခဲ့ရပါသည်။

ရန်ကုန်မြို့တော်နှင့် အနီးဆုံးဖြစ်သည့် ဒလမြို့နှင့် ဆက်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် တံတားတစ်စင်းအား ရန်ကုန်မြစ်ကို ဖြတ်သန်းတည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲများမှ ကြံဆခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံ သမ္မတနှစ်ဦးတွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတားစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံ၏ Economic Development Cooperation Fund (EDCF) ချေးငွေဖြင့် ရန်ကုန်မြစ်ပေါ်တွင် တံတားတစ်စင်းတည်ဆောက်ရေးကို ၂၀၁၃ ခုနှစ်တွင် အတည်ပြုခဲ့ပါသည်။



မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား ရန်ကုန်ဘက်ကမ်း ကြိုးထိန်းတာဝါတိုင်နှင့် ချဉ်းကပ်တံတား၊ ဆင်ခြေလျှောတံတားများအား မြင်ရပုံ။



ကိုရီးယားနိုင်ငံမှ သံမဏိကြိုးဆိုင်း (Cable-Stayed)တံတားအမျိုးအစားဖြစ်သည့် Bukhang တံတားအား မြင်ရပုံ။(ဆင်ခြေလျှောတံတားတွင် လျှောစောက် ၈ ရာခိုင်နှုန်းရှိပါသည်)


တံတားအူကြောင်းရွေးချယ်မှုနှင့်ပတ်သက်၍ လက်ရှိအဆောက်အအုံများ၏ ထိခိုက်မှုအနည်းဆုံးဖြစ်သော ရန်ကုန်ဘက်ကမ်း ဘုန်းကြီးလမ်းနှင့် ဒလဘက်ကမ်း ဗိုလ်မင်းရောင်လမ်းတို့ကိုဆက်သွယ်မည့် လမ်းအူကြောင်းအဖြစ် ရွေးချယ်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကိုရီးယားသမ္မတနိုင်ငံ GS Engineering & Construction Co., Ltd. မှ ၂၀၁၉ ခုနှစ် မေလတွင် လုပ်ငန်းများစတင်ခဲ့ပါသည်။

တံတားပုံစံထုတ်လုပ်ရာတွင် အသုံးပြုသည့် စံချိန်စံညွှန်းများသည် မြန်မာနိုင်ငံ၏ လမ်းနှင့်ယာဉ်သွားလာမှုအခြေအနေ၊ ဘူမိဗေဒနှင့် မြေခံနိုင်ရည်စွမ်းအား၊ လူမှုရေး၊ စီးပွားရေးတို့နှင့် ကိုက်ညီစေမည့်ပုံစံဖြစ်စေရန် ပေါင်းစပ်ရွေးချယ် ထုတ်လုပ်ခဲ့ပါသည်။ မြင်ဆင်ထိန်းသိမ်းစရိတ်သက်သာ၍ ပြည်တွင်း၏ လိုအပ်ချက်အခြေအနေနှင့် အကိုက်ညီဆုံးဖြစ်သော ကြိုးဆိုင်းတံတား(Cable-Stayed Bridge) အမျိုးအစားအား ရွေးချယ်ဆုံးဖြတ်ခဲ့ကြပါသည်။

တန်ချိန် ၁၅၀၀၀ ရှိသည့် ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းနိုင်ရေးအတွက် ပင်မတံတား ရေလမ်းကင်းလွတ်အမြင့်အား ၄၉ မီတာ (ပေ ၁၆၀)အထိ ထားရှိခဲ့ရသဖြင့် ချဉ်းကပ်တံတားနှင့် ဆင်ခြေလျှောတံတားများ(Ramp Bridges)အား အတက်အဆင်း (Gradient)ပြေပြစ်စေရေးအတွက် ထည့်သွင်းတွက်ချက်၍ ဆောင်ရွက်ခဲ့ရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အတက်အဆင်း ပြေပြစ်လွန်းပါက ချဉ်းကပ်တံတားနှင့် ဆင်ခြေလျှောတံတားများ၏ ပေရှည်ပိုလာနိုင်ပြီး စီမံကိန်းတန်ဖိုး ပိုမိုကြီးမြင့်လာကာ ချေးငွေများ ပိုမိုအသုံးပြုရန် လိုအပ်လာမည်ဖြစ်ပါသည်။ ရန်ကုန်ဘက်ကမ်း ဘုန်းကြီးလမ်းမှ ချဉ်းကပ်တံတားအရှည်အား စဉ်းစားဆုံးဖြတ်ရာတွင် ဗိုလ်ချုပ်လမ်း မီးပွိုင့်မတိုင်မီ ရေပြင်ညီ (0 % Gradient) ရအောင် ဆောင်ရွက်ရမည့် ကန့်သတ်ချက်များရှိသကဲ့သို့ ဒလဘက်ကမ်း ဗိုလ်မင်းရောင်လမ်းမှ ချဉ်းကပ်တံတားသည်လည်း နာရီစင်လမ်းဆုံမတိုင်မီ ရေပြင်ညီ (0 % Gradient) ရအောင် ဆောင်ရွက်ရမည့် ကန့်သတ်ချက်များရှိလာပါသည်။ အဆိုပါ မီးပွိုင့်များ၊ လမ်းဆုံများအား ဖြတ်ကျော်ဆောက်လုပ်ပါက ခုံးကျော်တံတားများ ထပ်မံဆောင်ရွက်ရမည်ဖြစ်ပြီး စီမံကိန်းတန်ဖိုး ကြီးမြင့်သွားမည်ဖြစ်ပါသည်။ ရန်ကုန်ဘက်ကမ်း ကမ်းနားလမ်းမှ အတက်အဆင်းဆင်ခြေလျှောတံတားများ(Ramp Bridges) သည်လည်း မဟာဗန္ဓုလလမ်းမကြီးနှင့် ကမ်းနားလမ်းမကြီး နှစ်လမ်းကြား ဖြတ်လမ်းအဝင်/အထွက်များ၊ ဆိပ်ခံတံတားများနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် ကမ်းနားဈေးဆိုင်ခန်းများ၊ အဆောက်အအုံများဖယ်ရှားမှုအနည်းဆုံးဖြစ်စေရန် ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ပင်မတံတားအဆင်း ဆင်ခြေလျှောတံတား (Ramp A Bridge) အား ဒီဇိုင်းသတ်မှတ်ချက်စံနှုန်းများ(Design Code) အရ Design Speed 40 km/hr ဖြင့် ဒီဇိုင်းပုံစံထုတ်လုပ်ပြီး လျှောစောက်(Gradient) ၇ ဒသမ ၉၅ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ခဲ့ကာ ပင်မတံတားအတက် ဆင်ခြေလျှောတံတား (Ramp B Bridge) အား လျှောစောက် (Gradient) ၆ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ခဲ့ရပါသည်။ ကျန်ရှိသည့် လျှောစောက်(Gradient)များအနေဖြင့် ပင်မတံတား Cable-Stayed Bridge တွင် ၃ ရာခိုင်နှုန်း၊ ချဉ်းကပ်တံတား ရန်ကုန်ဘက်ကမ်းတွင် ၅ ဒသမ ၉၅ ရာခိုင်နှုန်းနှင့် ချဉ်းကပ်တံတား ဒလဘက်ကမ်းတွင် ၅ ဒသမ ၉၅ ရာခိုင်နှုန်းဖြင့် အသီးသီးဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထိုကဲ့သို့ ရေလမ်းကင်းလွတ်အမြင့် ပိုမိုလိုအပ်သည့် မြစ်ကူးတံတားကြီးများ တည်ဆောက်ရာတွင် ချဉ်းကပ်တံတားများ၏ ရေပြင်ညီ လျှောစောက်(Horizontal Gradient) အား အမြင့်ဆုံး ၈ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ ထားရှိဆောင်ရွက်ကြကြောင်း သိရှိရပါသည်။

ဥပမာအားဖြင့် ကိုရီးယားနိုင်ငံတွင် ဆောက်လုပ်ထားသော သံမဏိကြိုးဆိုင်း (Cable-Stayed) တံတားအမျိုးအစားဖြစ်သည့် Yeosu Bridge သည် ဆင်ခြေလျှောတံတား (Ramp Bridge) တွင် လျှောစောက်(Gradient) ၇ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး Bukhang တံတား၏ ဆင်ခြေလျှောတံတား(Ramp Bridge)လျှောစောက်(Gradient) ၈ ရာခိုင်နှုန်းရှိပါသည်။



နော်ဝေနိုင်ငံမှ ကြိုတင်အားဖြည့်သံကူကွန်ကရစ်(PSC Box)ကြိုးတံတားအမျိုးအစားဖြစ်သည့် Stroseisumdet တံတားအားမြင်ရပုံ။(ပင်မတံတားတွင် လျှောစောက် ၈ ရာခိုင်နှုန်းရှိပါသည်)

စာမျက်နှာ ၂၁ သို့

# အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ)သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ)သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ ပုံမှန်တစ်နှစ်သင်တန်းဖွင့်လှစ်နေမှုကို လည်းကောင်း၊ နည်းပြဆရာမတစ်ဦးက ပုံမှန်တစ်နှစ်သင်တန်းများတွင် လေ့ကျင့်သင်ကြားမှုစနစ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက စက်မှုသင်တန်းကျောင်းများအနေဖြင့် မည်သည့်အဆင့်အတန်းများအထိ ရရှိအောင် လေ့ကျင့်သင်ကြားပေးမည်ကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားရမည် ဖြစ်ကြောင်း၊ ဘာသာရပ်တစ်ခုချင်းစီကို သင်ကြားပို့ချပြီးချိန်တွင် ကျောင်းသား၊ ကျောင်းသူများရရှိမည့်ရလဒ်များသည် သင်တန်းကျောင်း၏ လေ့ကျင့်သင်ကြားပေးမှု ရလဒ်များကို အထောက်အကူပြုရမည် ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကို လေ့ကျင့်သင်ကြားပေးခဲ့သည့် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုများစစ်ဆေးရာတွင် သတ်မှတ်အဆင့်များနှင့်အညီ တိတိကျကျစစ်ဆေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျောင်းသား၊ ကျောင်းသူများကို သင်တန်းကျောင်းက သတ်မှတ်ထားသည့် ကျွမ်းကျင်မှုများကို လုံးဝတတ်မြောက်သည်အထိ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ အသိပညာ၊ ဗဟုသုတ၊ နှလုံးရည် (Knowledge, Skill, Attitude)တို့ပြည့်စုံသည့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုရှိအောင် အလေးထား လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို စက်မှုနှင့်ပတ်သက်သည့်ပညာရပ်များကို အခြေခံမှစ၍သိရှိအောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား၊ ကျောင်းသူများ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးနေမှုနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ နည်းပြဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ တစ်ဦးချင်းစီ၏ တင်ပြချက်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမှတ်(၃) စက်မှုသင်တန်းကျောင်း(သာဂရ)အနေဖြင့် ပုံမှန်တစ်နှစ်သင်တန်းများ၊ ကျွမ်းကျင်မှုအခြေပြုကာလတို သုံးလသင်တန်းများ၊ စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ယခုဖွင့်လှစ်ထားရှိသည့် အမှတ်စဉ်(၁၄) ပုံမှန်တစ်နှစ်သင်တန်းသို့ သင်တန်းသား ၃၅ ဦး၊ သင်တန်းသူ ဦးရေ ၅၀ စုစုပေါင်း ၈၅ ဦးတက်ရောက်လျက်ရှိပြီး စက်ရုံသုံးပစ္စည်းထုတ်လုပ်သည့်ဘာသာရပ်၊ ကွန်ပျူတာသုံးဒီဇိုင်းထုတ်လုပ်မှုဘာသာရပ်၊ လျှပ်စစ်ဘာသာရပ်၊ အီလက်ထရောနစ်ဘာသာရပ်၊ သတ္တုရည်ကျိုဘာသာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



၂၀၂၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ပုသိမ်တံတား အမှတ်(၂)အား မြင်ရပုံ။

စာမျက်နှာ ၂၀ မှအဆက်

ထို့အတူ နော်ဝေနိုင်ငံတွင် တည်ဆောက်ခဲ့သည့် Storseisundet တံတားသည် ကြိုတင်အားဖြည့်ကွန်ကရစ်(Prestress Concrete Box) တံတားအမျိုးအစားဖြစ်ပြီး ပင်မတံတားတွင်ပင် လျှောစောက်(Gradient) ၈ ရာခိုင်နှုန်းရှိပါသည်။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရာတွင် ဒီဇိုင်းပုံစံသတ်မှတ်ချက် (Design Criteria of Geometry) အနေဖြင့် American Association of State Highway and Transportation Officials (AASHTO)နှင့် ကိုရီးယားနိုင်ငံစံနှုန်း (Korean Standard)အား ရည်ညွှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိကိုရီးယားနိုင်ငံနှင့် အခြားကမ္ဘာ့နိုင်ငံတို့တွင် ဆောက်လုပ်ပြီးစီးခဲ့သည့် တံတားစီမံကိန်းများ၏အမြင့်ဆုံးလျှောစောက်(Maximum Gradient) များထက် ကျော်လွန်အောင် ဆောင်ရွက်ထားခြင်း မရှိပါကြောင်း တွေ့ရှိပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအနေဖြင့် ၂၀၁၀ ပြည့်နှစ်မတိုင်မီက မြစ်ကူးတံတားကြီးများတည်ဆောက်ရာတွင် ဆင်ခြေလျှောစောက်(Gradient) အား ၃ ရာခိုင်နှုန်းအောက်သာ တည်ဆောက်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း ဆင်ခြေလျှောစောက် (Gradient) အား ၄ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ ဆောင်ရွက်ခဲ့ရာ တံတားအရှည်အား များစွာလျှော့ချနိုင်ခဲ့ပါသည်။ နမူနာအားဖြင့် လှိုင်သာယာ-တွံတေးလမ်းပေါ်ရှိ တွံတေးကြိုးတံတားအား ဆင်ခြေလျှောစောက် (Gradient) ၃ ရာခိုင်နှုန်းဖြင့် ဆောက်လုပ်ခဲ့ရာ တံတားအရှည် ပေ ၃၇၅၀ ရှိပြီး ပုသိမ်တံတားအမှတ်(၂)သည်လည်း ချဉ်းကပ်တံတားများအား ဆင်ခြေလျှောစောက်(Gradient) ၆ ရာခိုင်နှုန်းဖြင့် ဆောက်လုပ်ခဲ့ရာ ယာဉ်မျိုးစုံ လွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာနေသည်ကို တွေ့ရှိရပါသည်။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားသည် မြန်မာနိုင်ငံတွင် တည်ဆောက်ပြီး တံတားများအနက် ရေလမ်းကင်းလွတ်အမြင့် အများဆုံးဖြစ်ပြီး တံတားကြမ်းခင်း အမြင့်ဆုံးတံတားတစ်စင်းဖြစ်ပါသည်။ တံတားပေါ်တွင် မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ရာတွင် ယာဉ်မောင်းများ အန္တရာယ်ကင်းရှင်းရေးအတွက် ပင်မတံတားအပိုင်းနှင့် ချဉ်းကပ်တံတားအပိုင်းတွင် တစ်နာရီလျှင် ၅၀ ကီလိုမီတာနှုန်း မောင်းနှင်ခွင့်ပြုမည်ဖြစ်ကြီး ဆင်ခြေလျှောတံတားများတွင် တစ်နာရီလျှင် ၃၀ ကီလိုမီတာနှုန်း မောင်းနှင်ခွင့်ပြုမည်ဖြစ်ပါသည်။ တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် တံတားပေါ်တွင် ဖြတ်သန်းခွင့်ပြုသည့်တန်ချိန်နှင့် မောင်းနှင်ရမည့်အမြန်နှုန်းများအားလည်း သတိပေးဆိုင်းဘုတ်များ၊ ရောင်ပြန်အမှတ်အသားများတပ်ဆင်၍ တံတားအသုံးပြုသူများသိရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အထူးသဖြင့် တစ်လမ်းမောင်းတံတားများဖြစ်သည့် အလုံဘက်မှလာ၍ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းအနီးမှတက်သည့် ဆင်ခြေလျှော အတက်တံတား (Ramp B)တွင် အရေးပေါ်ယာဉ်ရပ်နားရန် နေရာနှစ်နေရာနှင့် လသာလမ်းဘက်သို့ဆင်းသည့် ဆင်ခြေလျှောအဆင်းတံတား(Ramp A)တွင် အရေးပေါ်ယာဉ်ရပ်နားရန် နေရာတစ်နေရာ ထည့်သွင်းဆောက်လုပ်ထားပါသည်။ ရန်ကုန်ဘက်ကမ်း ဘုန်းကြီးလမ်းပေါ်တွင် တည်ဆောက်သည့် ချဉ်းကပ်တံတားတွင် လမ်းဘေးလူနေအိမ်များအတွက် တံတားပေါ်ဖြတ်သန်းသည့် မော်တော်ယာဉ်များ၏ ဆူညံသံများ လျှော့ချစေရန် အသံထိန်းနံရံ (Noise Barrier)များအား တံတားတစ်ဖက်တစ်ချက်စီတွင် တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒလဘက်ကမ်းတွင် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေးအဆောက်အအုံ (Maintenance Building) တစ်ခုနှင့်တံတားအသုံးပြုခကောက်ခံရေးစခန်း (Toll Plaza) တစ်ခု ထည့်သွင်းတည်ဆောက်သွားရန်လည်း အစီအစဉ်ရှိပါသည်။ အဆိုပါ Toll Plaza တွင် တန်ပိုမော်တော်ယာဉ်များ ထိန်းသိမ်းကြီးကြပ်ရန် Weight Bridge တစ်ခုလည်း ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ပါသည်။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တို့သို့လည်းကောင်း၊ ဒေးဒရဲတံတားမှတစ်ဆင့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နှင့် ကမ်းခြေဒေသများ အပါအဝင် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့များသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပါသည်။ ယခုလက်ရှိ ရန်ကုန်မြို့တွင် တွေ့ကြုံနေရသည့် ယာဉ်ကြောပိတ်ဆို့မှုမှာလည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားမည်ဖြစ်ပါသည်။ ဧရိယာအကျယ်အဝန်း ၈၆ ဒသမ ၅ စတုရန်းမိုင်ရှိ ဒလမြို့နယ်၏ ခန့်မှန်းလူဦးရေ ၁၅၀၀၀၀ အတွက် မြို့ပြဖွံ့ဖြိုးမှုသာမက ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ ဆက်သွယ်သော ဝင်ပေါက်မြို့တစ်ခုဖြစ်လာပြီး ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ဒလမြို့နယ်ဖွံ့ဖြိုးတိုးတက်လာမှုနှင့် တစ်ဆက်တစ်စပ်တည်း တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တို့သည်လည်း မြို့ပြအသွင်ဆောင်၍ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။



မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ပြီးပါက တွေ့ရမည့်ပုံ။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ခြင်းအားဖြင့် ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာပြီး ရန်ကုန်မြို့တော်၏ အထင်ကရပြယုဂ်( Land Mark) တံတားတစ်စင်းဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတကာတံတားသတ်မှတ်ချက် စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။



☆ **ကျောဖုံးမှအဆက်**

မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးကို လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့်သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့အုပ်ချုပ်သူတစ်ဦးက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးကို အဆင်ပြေချောမွေ့စွာလာရောက်ဖူးမြော်နိုင်ရေးအတွက်စီစဉ်ဆောင်ရွက်ပေးမှုများနှင့်ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားပြောကြားပြီး ရုပ်ပွားတော်မြတ်ကြီးအောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ကအလှူငွေများပေးအပ်လှူဒါန်းကြရာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ဗုဒ္ဓဥယျာဉ်တော်အတွင်း ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်များပေါ်၌ ခေတ်မီကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံစေတီများနှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုကြသည်။ ယင်းနောက် လေ့လာရေးအဖွဲ့များသည် Junction Center၊ ကျောက်မျက်ရတနာပြတိုက်၊ လွှတ်တော်အဆောက်အအုံတို့ကိုသွားရောက်လေ့လာကြပြီး နေပြည်တော်ဗုဒ္ဓဂယာနှင့် ဥပ္ပါတသန္တိစေတီတော်တို့ကို သွားရောက်ဖူးမြော်ကြည်ညို၍ နေပြည်တော်ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။

အဆိုပါလေ့လာရေးအဖွဲ့(၁)တွင် ကချင်ပြည်နယ်၊ကယားပြည်နယ်၊ကရင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့မှ အုပ်ချုပ်သူ ဆရာ၊ဆရာမများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အဖွဲ့(၂)တွင် ဧရာဝတီတိုင်းဒေသကြီး၊မွန်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့မှ အုပ်ချုပ်သူ ဆရာ၊ဆရာမများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များပါရှိပြီး လေ့လာရေးခရီးစဉ်ဒုတိယနေ့အဖြစ် ဖေဖော်ဝါရီ ၇ရက်တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊အမျိုးသားပြတိုက်၊တိရစ္ဆာန်ဥယျာဉ်၊နက္ခတ်တာရာပြခန်းနှင့်နေပြည်တော်မြို့မဈေးတို့သို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ရင်တွင်းစကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-




**ဒေါ်သူဇာခ် (ကချင်ပြည်နယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ အုပ်ချုပ်သူ)**

“(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဆပ်ကော်မတီကနေစီစဉ်ဆောင်ရွက်ပေးထားတဲ့အတိုင်း ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့တွေကို လေ့လာရေးခရီးစဉ် ပို့ဆောင်ပေးတာကနေ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ဖို့ ရောက်ရှိလာတာဖြစ်ပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပြင် Junction Centre၊ ကျောက်မျက်ရတနာပြတိုက်နဲ့ လွှတ်တော်ကိုလည်း သွားရောက်လေ့လာကြမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒုတိယအကြိမ်မြောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ဝေးလံခေါင်ဖျားက မရောက်ဖူးတဲ့ ကလေးတွေကလည်း ဘုရားကြီးကို ဖူးမြော်ခွင့်ရတဲ့အတွက် အားလုံးက ဝမ်းသာပီတိဖြစ်ကြတယ်။ လေ့လာရေးခရီးစဉ်တွေကို စီစဉ်ပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေကို အထူးကျေးဇူးတင်ရှိပါတယ်။ စကျင်ကျောက်နဲ့ ထုဆစ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်တဲ့အပြင် အနုပညာလက်ရာမြောက်တဲ့ ပန်း ၁၀ မျိုးကို တစ်နေရာထဲမှာ လေ့လာဖူးမြော်ခွင့်ရမှာဖြစ်တဲ့အတွက် အနယ်နယ်အရပ်က ဘုရားဖူးပြည်သူတွေအနေနဲ့ လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ပါတယ်။




**ဒေါ်မြတ်နိုးဇော် (ကယားပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့)**

ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်တွေအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလို လာရောက်ဖူးမြော်တဲ့အချိန်မှာ တာဝန်ရှိသူတွေရဲ့ ရှင်းလင်းပြောကြားမှုတွေကြောင့် ဗဟုသုတများစွာရရှိခဲ့ပါတယ်။ ဖူးမြော်တဲ့အချိန်မှာလည်း သပ္ပာယ်ပြီး ကြည်ညိုဖို့ကောင်းလှပါတယ်။ ဝမ်းသာပီတိဖြစ်မိပါတယ်။ အနယ်နယ်အရပ်မှာရှိတဲ့ တိုင်းရင်းသားပြည်သူတွေလည်း လာရောက်ဖူးမြော်ကြည်ညိုပါ။ စိတ်အေးချမ်းသာယာမှုကို ခံစားရစေပါတယ်။ ကျွန်မတို့ လေ့လာရေးအဖွဲ့တွေအနေနဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပြင် Junction Centre၊ ကျောက်မျက်ရတနာပြတိုက်နဲ့ လွှတ်တော်ကိုလည်း သွားရောက်လေ့လာကြမှာဖြစ်ပါတယ်။




**နော်လုလုဝင်း (ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ အုပ်ချုပ်သူ)**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပထမဆုံးအကြိမ်လာရောက် ဖူးမြော်တာဖြစ်ပါတယ်။ ဘုရားကြီးကို ဖူးမြော်ရတဲ့အချိန်မှာ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မတို့ ကရင်ပြည်နယ်ကနေ ကိုယ့်အစီအစဉ်နဲ့ကိုယ်ဆိုရင် လာရောက်ဖူးမြော်ဖြစ်မှာ မဟုတ်ပါဘူး။ အခုက (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားမှာ ကပြဖျော်ဖြေဖို့အတွက် လာရောက်ရင်း တာဝန်ရှိသူတွေရဲ့စီစဉ်ပေးမှုကြောင့် အခုလို ဘုရားကြီးကို ဖူးမြော်ခွင့်ရတဲ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။ ဘုရားကြီးကို လာရောက်လေ့လာဖူးမြော်ခွင့်ရတဲ့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်။

ကျွန်မတို့အနေနဲ့ ကိုယ်ရဲ့ဒေသကို ပြန်ရောက်တဲ့အခါမှာ ကျွန်မတို့နိုင်ငံမှာ အခုလိုမျိုး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်တွေအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ ကြည်ညိုစရာကောင်းတဲ့ အကြောင်းအရာတွေကို ပြန်လည်မျှဝေပြောပြသွားမယ်။ ဘုရားကြီးကို တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားတွေအတူတူ လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းသာပျော်ရွှင်မိပါတယ်။ အနယ်နယ်အရပ်က ဘုရားဖူးပြည်သူတွေအနေနဲ့ အခွင့်အခါသင့်ရင် လာရောက်ဖူးမြော်ကြဖို့ သတင်းစကားပါးလိုပါတယ်။




**မနန်းငွေနှွာ(ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့ဒေသကနေ လာရောက်ဖူးမြော်ဖို့ဆိုတာ လွယ်တော့မလွယ်ကူပါဘူး။ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားမှာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် တစ်ခါတည်းဖူးမြော်ခွင့်ပါ ရရှိခဲ့တာဖြစ်ပါတယ်။ ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ဖို့ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ခဲ့မှုတွေကိုလည်း လေ့လာသိရှိခွင့်ခဲ့ရပါတယ်။ တိုင်းရင်းသားပေါင်းစုံစုစည်းပြီး ဖူးမြော်ခွင့်ရတဲ့အတွက် ပိုပြီးကြည်နူးပျော်ရွှင်မိပါတယ်။




**ပေါင်လမ့်ထန်(ချင်းပြည်နယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့)**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားမှာ ချင်းပြည်နယ်ကိုယ်စားပြုတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် နေပြည်တော်ကိုရောက်ရှိပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပထမဆုံးအကြိမ် လာရောက်ဖူးမြော်လေ့လာခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဖူးမြော်ခွင့်ရရှိတဲ့အချိန်မှာလည်း တာဝန်ရှိသူတွေက ရှင်းလင်းပြောကြားပေးတယ်။ ဒီလိုရှင်းလင်းပြောကြားပေးတဲ့အတွက် မြန်မာမှုအနုပညာလက်ရာတွေ၊ဗိသုကာပညာတွေနဲ့ အံ့မခန်းတည်ဆောက်ထားတာကို လေ့လာသိရှိရပါတယ်။ ကျောက်စာတွေကို ပါဠိအက္ခရာ၊ ရိုမန်ဘာသာနဲ့ ရေးထိုးထားတာကို လေ့လာခွင့်ရခဲ့ပါတယ်။




**ကျိန်ရှန်းခန် (ချင်းပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့)**

ချင်းပြည်နယ် တီးတိန်မြို့ကနေ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အတွက်လာရောက်ရင်း နေပြည်တော်မှာ ရှိတဲ့ အထင်ကရနေရာတွေကို လည်ပတ်ခွင့်ရခဲ့တယ်။ ဒီနေ့မှာ ကျွန်မတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေဟာ ဘုရားရင်ပြင်တော်ပတ်လည်က ဂန္ဓကုဋိတိုက်၊ မော်ကွန်းတိုက်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးနဲ့ ကျောက်စာရုံစေတီတွေကို သွားရောက် လေ့လာခဲ့ကြပါတယ်။ တည်ဆောက်ထားတဲ့ လက်ရာတွေက အံ့မခန်းလက်ရာတွေလို့ ပြောလို့ရပါတယ်။ ဂုဏ်ယူစရာကောင်းပါတယ်။

**(သတင်းစဉ်)**

## ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၄၆ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၄၆ ကန်အား ပြန်လည်တူးဖော် ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းလိုပါက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဖုန်း၊ ၀၉၅၁၀၆၂၇၄နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖုန်း၊ ၀၉၆၇၈၂၆၅၁၉၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## ဝါးခယ်မမြို့နယ်တွင် ပြည်သူများကို စစ်သင်တန်းတက်ခိုင်းရန်နှင့် လုံခြုံရေးတပ်ဖွဲ့များတွင် အင်အားဖြည့်တင်းရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အိမ်ရှိလူစာရင်းများကို လိုက်လံကောက်ယူနေကြောင်း သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်များမှ မိသားစုဝင်အရေအတွက်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များကတစ်အိမ်တက်တစ်အိမ်ဆင်း လိုက်လံကောက်ယူနေကြောင်း၊ အဆိုပါ ကောက်ယူမှုများသည် ပြည်သူများကို အတင်းအဓမ္မ စစ်သင်တန်းတက်ခိုင်းရန်နှင့် လုံခြုံရေးတပ်ဖွဲ့များတွင်




အင်အားဖြည့်တင်းရန်အတွက် အိမ်ရှိလူစာရင်းများကို လိုက်လံကောက်ယူနေခြင်းဖြစ်ကြောင်း သတင်းတု၊ သတင်းမှားများကို ပြည်သူများကြောက်ရွံ့ထိတ်လန့်စေရန် လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းမြို့နယ်တွင် နောက်ဆုံးအခြေအနေနှင့် လူဦးရေစာရင်း တိကျမှန်ကန်မှုရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လိုက်ပါ၍ အိမ်တည်နေရာ မှတ်တမ်းတင်ခြင်း၊ အိမ်ရှိလူစာရင်းမှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်များကို ပုံမှန်အတိုင်းဆောင်ရွက်နေခြင်းသာဖြစ်ပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက နိုင်ငံတွင်းတည်ငြိမ်အေးချမ်းလျက်ရှိသည့် မြို့ရွာ၊ ဒေသများမှ ပြည်သူများကို ကြောက်ရွံ့ထိတ်လန့်စေရန် သတင်းတု၊ သတင်းမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

## ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တွင် တပ်မတော်က လေကြောင်းနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် နေအိမ် ၆၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တွင် တပ်မတော်နှင့် AA လက်နက်ကိုင်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲပြင်းထန်နေပြီး တပ်မတော်က လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ရမ်းဗြဲမြို့ရှိ နေအိမ်များ မီးလောင်ပျက်စီးသည်မှာ အလုံး ၆၀ ကျော်ထိရှိလာပြီဖြစ်ကြောင်း တစ်ဖက်သတ် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

AA လက်နက်ကိုင်သောင်းကျန်းသူများ အနေဖြင့် တပ်မတော်နှင့် လုံခြုံရေးတပ်စခန်းများကို တိုက်ခိုက်ရာတွင် Drone များဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခြင်းများ ပြုလုပ်မှုကြောင့် မြို့ရွာများအတွင်းသို့ ကျရောက်ပေါက်ကွဲကာ နေအိမ်များမီးလောင်ပျက်စီးခဲ့သည့် ဖြစ်စဉ်များရှိခဲ့ကြောင်း၊ ထို့ပြင် AA လက်နက်ကိုင် သောင်းကျန်းသူများသည်




စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများ နေထိုင်ရာ အဆောက်အအုံများနှင့် ပြည်သူများကို လူသားဒိုင်းအဖြစ် အကာအကွယ်ယူ တိုက်ခိုက်လျက်ရှိပြီး ဆုတ်ခွာထွက်ပြေးချိန်များတွင် လုံခြုံရေးတပ်ဖွဲ့များ လိုက်ပါတိုက်ခိုက်မှုမရှိစေရန် နေအိမ်များကို မီးရှို့ခဲ့ကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များအရ သိရှိရသည်။

အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက ထိုသို့ပြည်သူများကြောက်ရွံ့ထိတ်လန့်စေပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန် သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Phyo Ko Ko"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မင်းကုန်းရပ်ကွက်နေ ဖြိုးကိုကိုအား ညနေ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Garuda" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဈေးကြိုရပ်ကွက်နေ အောင်ကိုကို(ခ)ဘွတ်လေးကို ည ၁၀ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အနာဂတ်နိုင်ငံတော်အတွက် ကလေးငယ်များအား ပညာသင်ကြားပေးနေသည့် ကျောင်းဆရာ၊ဆရာမများကို အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်နှိပ်စက်နေသည့် အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ၇-၂-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်ထောင်စုနေ့နှင့် အမျိုးသားရေးတာဝန်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ် ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# AA အဖွဲ့ လုပ်ဆောင်နေသည့် မူးယစ်ဆေးဝါးလုပ်ငန်းများနှင့်ပတ်သက်၍ ထွက်ဆိုချက်များ

**နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေတဲ့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို ထိရောက်စွာတားဆီးတာကွယ် တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ဒါ့အပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိတဲ့ လမ်းကြောင်းများမှာ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေစဉ်အတွင်းမှာပဲ AA အဖွဲ့မှ ငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံတန်ဖိုးရှိတဲ့ အိုက်စ်မက်အဖက်တမင်း ၂ တန်ကျော်၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၈၀၀ ကီလိုတို့ကို ရှမ်းပြည်နယ်ကနေ ရခိုင်ပြည်ကို ကုန်းလမ်းရေလမ်းတို့ဖြင့် အဆင့်ဆင့်သယ်ဆောင်ရောင်းဝယ်မှုပြုလုပ်နေသူများကို မူးယစ်ဆေးဝါးများနဲ့အတူ ဖမ်းဆီးရမိခဲ့ပါသည်။ ၎င်းတို့၏ထွက်ဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ရှမ်းပြည်နယ်မှ ရန်ကုန်မြို့သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်ပေးခဲ့သူ AA မှ မအိအိခင်(ခေါ်)မအိ၏ ဝန်ခံထွက်ဆိုမှု**



ကျွန်မတို့ လားရှိုးမှာ မောင်နိုင်ဆိုတဲ့ လူကို နန်းရွှေဖြူနဲ့ကျွန်မနဲ့သွားတွေ့တယ် ဒီလုပ်ငန်းကိုစပြီးတော့။ အလုပ်လည်း မရှိဘူး၊ အဆင်လည်းမပြေဘူးဆိုပြီး အလုပ်ရှိတယ်၊ လုပ်မလားဆိုတော့ ကျွန်မနဲ့ နန်းရွှေဖြူ အဲဒီမှာ သွားတွေ့ဖြစ်တယ်။ သွားတွေ့ဖြစ်တဲ့အချိန်မှာ သူက သိန်း ၁၀၀ ရမယ်၊ အားလုံးအပြီးအစီးပေါ့နော်။ အဲဒါနဲ့ ကျွန်မတို့လည်း စီးပွားရေးကျပ်နေတော့ လက်ခံလိုက်တယ်။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ဘိန်းဖြူလား၊ ဘိန်းမည်းလားလို့ မေးသေးတယ်။ အဲဒါတွေ မဟုတ်ပါဘူးတဲ့၊ သေချာထုပ်ပိုးပြီးမှ အားလုံးစီစဉ်ပေးလိုက်မယ်တဲ့။ အဆင်သင့်ကားပေါ်တင်သွားရုံပဲတဲ့။ နန်းရွှေဖြူက တောထဲမှာပစ္စည်းသွားယူတယ်။ သွားယူပြီးတော့ ကျွန်မတို့ လားရှိုးမှာ ကားကယ်ရီငှားတယ်။ ငှားပြီးတော့ အဲဒီကားမှာတင်တယ်။ သူ့ကားမှာလည်း တင်တယ်။ ကျွန်မကားမှာလည်းတင်တယ်။ ၂ စီးတင်ပြီးတော့ ကျွန်မတို့ အောင်ပန်း အထိကို အဲဒီကားနဲ့လာခဲ့တယ်။ အဲဒီကားကို ၆ သိန်းနဲ့ငှားပေးတယ်။ ကျွန်မတို့ အရင်တစ်ခေါက်က လမ်းကြောင်းကြည့်ရင်းနဲ့ အနည်းအကျဉ်းသယ်ခဲ့ဖူးတယ်။ နန်းရွှေဖြူနဲ့အတူတူပေါ့။ အန္တရာယ် မဖြစ်ဘူးဆိုတော့ ကျွန်မတို့ ဒီတစ်ခေါက် ထပ်သယ်တာပေါ့။

ကျွန်မတို့ ရန်ကုန်ရောက်လာတဲ့အချိန် ညကြီးရောက်တာပေါ့ မနက်မိုးလင်း ရောက်တော့ နန်းရွှေဖြူက ဖုန်းကချိတ်ပြီးသွားပြီ၊ ပြီးတော့ သူကထွက်သွားတယ်။ ဘယ်ရောက်သွားပြီလဲမေးတော့ ၁၀ မိုင်ကုန်းမှာ ပစ္စည်းသွားပို့နေတယ်တဲ့။ အဲဒီအချိန်မှာ ကျွန်မက သူထသွားတဲ့အချိန် ကျွန်မနဲ့ရန်ဖြစ်လို့ ကျွန်မကို မခေါ်သွားတော့ဘူး။ ခဏနေကျ ကျွန်မပြန်ဆက်လိုက်တော့ လိုက်သွားလိုက်ပါဦးမယ်ဆိုပြီး ဖုန်းဆက်လိုက်တော့ ၁၀ မိုင်ကုန်းမဟုတ်ဘူး၊ ဓညင်းကုန်းဘက်ရောက်သွားပြီတဲ့။ ဓညင်းကုန်းမှာသွားပို့တယ်တဲ့။ ဓညင်းကုန်းဈေးကို လိုက်ခဲ့ဆိုလို့ ကျွန်မ တက္ကစီနဲ့လိုက်သွားတယ်။


ကျွန်မတို့ လားရှိုးကနေထွက်လာတယ်။ နမ့်ပေါင်လမ်းက မိုင်းရယ်- နမ့်ပေါင်- အင်တော-ကျောက်ဂူ-ရပ်စောက်၊ ရပ်စောက် မရောက်ခင်တောထဲမှာ ထမင်းဆိုင်ရှိတဲ့ ရေပူစမ်းရှိတဲ့နေရာမှာ တစ်ညအိပ်သေးတယ်။ တစ်ညအိပ်ပြီး မနက်ကျတော့ ရပ်စောက်ကိုဖြတ်ပြီး အောင်ပန်းကို ရောက်တယ်။ အောင်ပန်းရောက်တော့ ရန်ကုန်က တစ်ညကြိုစောင့်နေတဲ့ကားရှိတယ်။ အဲဒီကားနဲ့ ကျွန်မတို့ ချိန်းပြီးတော့ ဆက်လာခဲ့တယ်။ ကားဆရာက ရန်နိုင်စိုးပါ၊ မနက်ကျမှပဲ ကိုနိုင့်ဘက်က ဖုန်းဆက်လာတယ်. . . အေး ရောက်ပြီ၊ ညက ကားဘီးကပေါက်လို့ မိုးလည်း အရမ်းချုပ်တာနဲ့ အိပ်လိုက်တယ်။ ငါလည်း ပြန်မဆက်တော့ဘူးပေါ့။ အဲလိုပြောလိုက်တော့ အင်း. . . ဟုတ်ပြီတဲ့၊ အစ်မရောက်ပြီဆိုရင် ဖုန်းတစ်လုံးပေးမယ် နော်တဲ့ပြီး ဖုန်းတစ်လုံး ပေးတယ်၊ အဲ့ဖုန်းကိုဆက်လိုက်တဲ့၊ အဲ့ဖုန်းကိုဆက်လိုက်တော့ ကျွန်မကိုနောက်ထပ် ဖုန်းတစ်လုံး ထပ်ပေးတယ်။ အဲ့ဖုန်းက နောနော် ဆိုတဲ့ ရခိုင်လေး ဖုန်းပေါ့ အဲ့ဖုန်းကိုဆက်ပြီးတော့ ပစ္စည်းလာယူခိုင်းတယ်၊ ဓညင်းကုန်း လမ်းဆုံမှာပေါ့၊ နောင်တရတယ်၊ အိမ်က မိသားစုတွေ သိသွားတော့ ပိုဆိုးတာပေါ့၊ အခုလိုမျိုးဖြစ်သွားတော့ နောင်တ အရမ်းရတယ်။

**ရန်ကုန်မြို့ကို ရောက်ရှိလာတဲ့ မူးယစ်ဆေးဝါးများကို လက်ခံရန်နှင့် ရခိုင်ပြည်နယ်စစ်တွေမြို့သို့ ဆက်လက်ပို့ဆောင်ရန် လိုအပ်သည့် စီစဉ်ညွှန်ကြားမှုများကို လုပ်ဆောင်ပေးခဲ့သည့် AA အဖွဲ့မှ စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီးအဆင့်ရှိသူ ကျော်မြတ်ဦး(ခ) သားသား (ခ) ဝေသာထွန်းရဲ့ သူငယ်ချင်းဖြစ်သူ ဦးလှဝင်း(ခ)သားကြီးရဲ့ ဝန်ခံထွက်ဆိုမှု**



AA တပ်ဖွဲ့ဝင် ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး (ခ) သားသားရဲ့ ခိုင်းစေချက်အရ ရန်ကုန်ကနေ ရခိုင်ပြည်နယ်ကို ပို့မယ့် မူးယစ်ဆေးဝါးတွေကို တာဝန်ယူပြီးတော့ ပို့ဆောင်ပေးရပါတယ်။ ကျော်မြတ်ဦး (ခ) သားသားနဲ့ ကျွန်တော်နဲ့ငယ်ငယ်တုန်းက အိမ်နီးနားချင်း သူငယ်ချင်းတွေပါ။ ၂၀၂၃ ဩဂုတ်လ ပထမပတ်မှာ ကျော်မြတ်ဦး (ခ) သားသားကနေ ဖုန်းဆက်သွယ်လာပါတယ်။ မူးယစ်ဆေးဝါးတွေရောက်တော့မယ်ဆိုပြီးတော့ ပြောပါတယ်။ AA အဖွဲ့မှ သူ့တပည့် ဒုဗိုလ်နောနော် ဖုန်းနံပါတ်ပေးပါတယ်။ သူဆက်သွယ်လာလိမ့်မယ်လို့လည်း ပြောပါတယ်။ နောနော် ဖုန်းဆက်ပြီးတော့ ကျွန်တော်နဲ့ အချိတ်အဆက်ရပါတယ်။ ကားသမားတွေ ဖုန်းဆက်လာပါတယ်။ အဲဒီမှာ ကျွန်တော့်ကားသမားတွေနဲ့ AA အဖွဲ့မှ ဒုဗိုလ်နောနော်နဲ့ ချိတ်ဆက်ပေးလိုက်ပါတယ်။ ဒုဗိုလ်နောနော်က မူးယစ်ဆေးဝါးတွေသွားယူပါတယ်။ ဂိုဒေါင်ကိုရောက်တဲ့ အချိန်မှာသူ ကျွန်တော့်ကို ဖုန်းဆက်လာပါတယ်။ အိုက်စ်မူးယစ်ဆေးဝါး ၂၅ အိတ် ဂိုဒေါင်ထဲရောက်ပြီဆိုပြီး ပြောပါတယ်။ ကျော်မြတ်ဦး (ခ) သားသား မှာထားတဲ့အတိုင်း အိုက်စ် မူးယစ်ဆေးဝါး ၁ ကီလိုထုပ်တွေကို ဂျပ်ဖာကနေပြီးတော့ သေချာထုပ်ပိုးဖို့ AA အဖွဲ့မှ ဒုဗိုလ်နောနော်ကို ကျွန်တော် ပြန်ပြောပြလိုက်ပါတယ်။ နောက် ဒုတိယအကြိမ်အဖြစ် ၂၀၂၃ ဩဂုတ်လ တတိယအပတ်မှာ သားသား(ခ)ကျော်မြတ်ဦးက မူးယစ်ဆေးဝါးတွေ ထပ်ရောက်ဖို့ဆိုပြီးတော့ ဖုန်းဆက်လာပါတယ်။ ဒုဗိုလ်နောနော်ကနေပြီးတော့ အဲ့ကားသမားနဲ့ ဖုန်းဆက်ပြီးတော့ ပစ္စည်းသွားယူပါတယ်။ ဂိုဒေါင်ရောက်တဲ့အချိန်မှာ ကျွန်တော့်ကိုဖုန်းပြန်ဆက်ပါတယ်။ အိုက်စ်မူးယစ်ဆေးဝါး ၁၆ အိတ် လက်ခံရရှိတယ်ဆိုပြီးတော့ ပြောပါတယ်။ ဩဂုတ်လ စတုတ္ထအပတ်မှာ ကျော်မြတ်ဦး (ခ) သားသားက ကျွန်တော့်ကို ဖုန်းဆက်သွယ်လာပါတယ်။ ဂိုဒေါင်မှ ပစ္စည်းတွေကို တနင်္သာရီ သင်္ဘောပေါ်ကို ချပေးဖို့ပြောပါတယ်။ ကျွန်တော်က ဒုဗိုလ်နောနော်ကို ဖုန်းဆက်ပြီးတော့ ဂိုဒေါင်ထဲကပစ္စည်းတွေကို ရွှေပြည်သာရှိ မုတ္တမ ဆိပ်ကမ်းကို ချဖို့အတွက် ကျွန်တော်ပြောပါတယ်။ ကားငှားပြီး ချပေးလိုက်လို့ပြောပါတယ်။ သူချပေးပြီးတဲ့ အချိန်ကျတော့ ကျွန်တော့်ကို ဖုန်းဆက်ပါတယ်။ ပစ္စည်းတွေချပေးပြီးပြီဆိုပြီးတော့၊ အဲဒီအချိန်မှ AA ကနေ ဗိုလ်မှူးကြီးအဆင့်ရှိတဲ့ ကျော်မြတ်ဦး (ခ) သားသားက လူကြုံနဲ့ ကျွန်တော့်ကို ပိုက်ဆံ သိန်း ၁၀၀ ပေးခိုင်းပါတယ်။ ဒီ ဩဂုတ်လအတွက် လုပ်ဆောင်ချက်ဆိုပြီးတော့ ပြောပါတယ်။ ၂၀၂၃ နိုဝင်ဘာလ ပထမအပတ်မှာ သားသား (ခ) ကျော်မြတ်ဦးက ကျွန်တော့်ကို ထပ်ပြီးဆက်သွယ်လာပါတယ်။ မူးယစ်ဆေးဝါးတွေထပ်ရောက်မယ်ဆိုပြီး ပြောပါတယ်။ ကားသမားဖုန်းနံပါတ်လည်းပေးပါတယ်။ အဲဒီအချိန်မှာ ကားသမားဖုန်းနံပါတ်နဲ့ ကျွန်တော့် ကားသမားနဲ့ အဆက်အသွယ်ရပါတယ်။ ၉ မိုင် Ocean နားမှ ပစ္စည်းပေးဖို့ ပြောပါတယ်။ ကျွန်တော် AA အဖွဲ့က ဒုဗိုလ်နောနော်ကို ဖုန်းဆက်ပြီးတော့ ၉ မိုင်Ocean နားကို ခေါ်လိုက်ပါတယ်။ ဟိုတယ်ကိုတော့ မမှတ်မိပါဘူး။ မြေအောက် ကားပါကင်မှာ နေပြီးတော့ ကားရှိတယ်ဆိုပြီးပြောပါတယ်။ လူတော့မတွေ့ရပါဘူး။ နောနော်ကို ကျွန်တော်အဲဒီမှာ ကား Super Custom ကားတစ်စီးသွားယူလိုက်ဆိုပြီးတော့ နောနော် ကားကို ယူသွားပါတယ်။ အိုက်စ်မူးယစ်ဆေးဝါး ပီနံအိတ် ၅၇ အိတ် ရရှိတယ်ဆိုပြီး ပြောပါတယ်။ နိုဝင်ဘာလ ဒုတိယအပတ်မှာ AA အဖွဲ့မှ ဒုဗိုလ်နောနော်ကနေပြီးတော့ ဖုန်းဆက်ပြီးတော့ ပီနံအိတ် ၄၀ လက်ခံရရှိကြောင်းကို ကျွန်တော့်ကိုပြောပါတယ်။ နောက် တစ်ရက် နှစ်ရက်နေတော့ နောနော်ကနေပြီးတော့ ရွှေပြည်သာ စက်မှုဇုန်ကော်မတီကနေပြီးတော့ ဂိုဒေါင်တွေကို ဝင်ပြီး စစ်ဆေးရေးလုပ်မယ်ဆိုပြီး ဖုန်းဆက်ပါတယ်။ ကျွန်တော်ကနေ သားသားကို ဖုန်းဆက်ပြီး အကြောင်းကြားပါတယ်။ နောနော်ကတော့ ဂိုဒေါင်ထဲမှာ ဘိလပ်မြေတွေ ထည့်ထားချင်တဲ့အကြောင်း ပစ္စည်းတွေကို ကားပေါ်မှာတင်ထားပြီး ရွှေ့ထားချင်တဲ့အကြောင်းပြောပါတယ်။ သားသားကို ပြောလိုက်တဲ့အခါကျတော့ သားသားက ကားဝယ်လိုက်လို့ပြောပါတယ်။ ဘိလပ်မြေလည်း ဝယ်ပေးလိုက်လို့ပြောပါတယ်။ ကျွန်တော်က ကားရှာပြီး Canter အမျိုးအစား Box ကား အမျိုးအစားတစ်စီး ရှာလိုက်ပါတယ်။ သိန်း ၃၂၀ ကျပါတယ်။ ဘိလပ်မြေက ၄၉ သိန်းကျပါတယ်။ အဲဒီပိုက်ဆံတွေကိုတော့ သားသား ဖုန်းအဆက်အသွယ်နဲ့ ဆက်သွယ်ပေးပြီး အင်းစိန်ဈေးနားမှာ ငွေသားလာပေးပါတယ်။ အခုဝယ်ထားတဲ့ Canter အမျိုးအစား Box ကားပေါ်ကို အဲဒီမူးယစ်ဆေးဝါးတွေ၊ ဂျပ်ဖာတွေ ရောက်နေတဲ့ပစ္စည်းတွေကို တင်လိုက်ပါတယ်။ တင်ခိုင်းပြီးတော့ လမ်းမတော်ဘက်ကို မောင်းခိုင်းပါတယ်။ လမ်းမတော်မှာ ၇ ရက်၊ လမ်းမတော်ကနေ အခြား ပန်းဘဲတန်းဘက်မှာ ၇ ရက်နဲ့ အဲလိုရွှေ့ပြီး ကားက ကလပ်မကောင်းတော့ တောင်ဥက္ကလာရဲ့ မေတ္တာလမ်းက ဝပ်ရှော့တစ်ခုမှာ ကလပ်သွားပြင်ပါတယ်။ အဲဒီမှာပဲ ဖမ်းမိသွားပါတယ်။ ဒါပေမဲ့ နောနော်ရဲ့ ပြောကြားချက်အရတော့ အဲဒီလထဲမှာ သူ ၃ ကြိမ် လက်ခံထားတာ ပီနံအိတ် ၃၈ အိတ်လက်ခံရရှိတယ်လို့ ပြောပါတယ်။ နိုဝင်ဘာလ ဒုတိယပတ်မှာ AA အဖွဲ့က ဗိုလ်မှူးကြီး အဆင့်ရှိတဲ့ သားသား(ခ) ကျော်မြတ်ဦးက ကျွန်တော့်ကို ဖုန်းဆက်သွယ်လာပါတယ်။ AA အဖွဲ့မှ ဒုဗိုလ်နောနော်တို့နဲ့ဆက်သွယ်ပြီး နောနော်တို့နဲ့ အတူ လက်တွဲလုပ်ဖို့အတွက်ကို စိုးထွန်းကို လွှတ်လိုက်မယ်ဆိုပြီး ပြောပါတယ်။ စိုးထွန်းကို အိမ်တစ်လုံးငှားပေးဖို့ ကျွန်တော်နဲ့ စိုးထွန်းနဲ့ မြောက်ဒဂုံမှာ သွားရှာပြီး ၃၄ ရပ်ကွက်မှာ စိုးထွန်း ကြိုက်တဲ့အိမ်ကို တွေ့ပါတယ်။ တွေ့တဲ့အခါကျတော့ အဲဒီမှာ ၁ လကို ၆ သိန်းခွဲနဲ့ ၁ နှစ် စာချုပ်ချုပ်ဖို့အတွက် သားသားဆီကနေ ပိုက်ဆံ လူကြုံနဲ့ လာပေးပါတယ်။ ၂၀၂၂ ဖေဖော်ဝါရီလမှာ သားသား(ခ)ကျော်မြတ်ဦးက ကျွန်တော့်ကို ဖုန်းဆက်သွယ်လာပါတယ်။ မူးယစ်ဆေးဝါးတွေ ရေကြောင်းက သယ်မယ့်အကြောင်း ပြောပါတယ်။ အဲဒီအချိန်မှာ သူက သင်္ဘောလိုတယ်ဆို သင်္ဘောဝယ်လိုက်လို့ပြောပါတယ်။ လူကိုလည်း လွှတ်ပေးမယ်လို့ပြောပါတယ်၊ တနင်္သာရီအမည်ရှိ သင်္ဘော ၁ စင်း အဆက်အသွယ်ရပါတယ်။ စက်လှေကတော့ သိန်း ၈၀၀ တောင်းပါတယ်။ သူ လူကြုံနဲ့ သူ့အဆက်အသွယ်နဲ့ ကျွန်တော့်ကို ပိုက်ဆံသိန်း ၈၀၀ လာပေးပါတယ်။ ၂၀၂၃ ဩဂုတ်လထဲမှာပဲ ဒီတနင်္သာရီအမည်ရှိ သင်္ဘောနဲ့ ပထမဦးဆုံးအကြိမ် မူးယစ်ဆေးဝါးတစ်ကြိမ်ပို့ပြီးသွားပါပြီ။ AA တပ်ဖွဲ့ဝင်တွေ မူးယစ်ဆေးဝါးထားမယ့် ဂိုဒေါင်တွေ ရွှေ့ပြောင်းမယ့် Box ကားတွေ AA တပ်ဖွဲ့ဝင်တွေနေမယ့်အိမ်တွေ သင်္ဘောတွေ ဝယ်မယ့်ပိုက်ဆံကိုရော ကျွန်တော့်အတွက် အကျိုးဆောင်ခသိန်း ၁၀၀ ကိုရော AA စီးပွားရေးတာဝန်ခံ ကျော်မြတ်ဦး(ခ)သားသားက ပေးပါတယ်။ ဒီ AA ရဲ့ မူးယစ်ဆေးဝါးရောင်းလို့ရတဲ့ ပိုက်ဆံတွေကိုတော့ သူတို့အဖွဲ့ရဲ့လက်နက်ခဲယမ်းတွေ၊ လူတွေစုဆောင်းတယ်လို့ ကျွန်တော်ထင်မြင်မိပါတယ်။ AA အဖွဲ့နဲ့ ပူးပေါင်းပြီးသယ်ဆောင်တဲ့ကိစ္စတစ်ခုမှာ တိုင်းပြည်နဲ့လူငယ်တွေအတွက် ကျွန်တော်များစွာ နောင်တရမိပါတယ်။

**AA အဖွဲ့မှ စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး (ခ)သားသား(ခ) ဝေသာထွန်းရဲ့ တိုက်ရိုက်စေခိုင်းမှုနဲ့ ရန်ကုန်မြို့ကိုရောက်ရှိလာတဲ့ မူးယစ်ဆေးဝါးများကို သွားရောက်ယူဆောင်မှုများနဲ့ ရခိုင်ပြည်နယ်သို့ ဆက်လက်ပို့ဆောင်နိုင်ရေးတို့ကို ကိုယ်တိုင်ဆောင်ရွက်ခဲ့သည့် AA အဖွဲ့မှ ဒုတိယဗိုလ်အဆင့်ရှိ ကျော်စိုး(ခ) နေလင်းထွန်း(ခ)နောနော်ရဲ့ ဝန်ခံထွက်ဆိုမှု**



ကျွန်တော် AA တပ်ဖွဲ့ဝင် ဒုဗိုလ်အဆင့် ကျော်စိုး(ခ) နေလင်းထွန်း(ခ) နောနော် ဖြစ်ပါတယ်။ **စာမျက်နှာ ၂၅ သို့**

**စာမျက်နှာ ၂၄ မှအဆက်**

ကိုယ်ပိုင်အမှတ်၊ ၀၁၀၄ ဖြစ်ပါတယ်။ AA အဖွဲ့ကို ရောက်ခဲ့ကတည်းက ၂၀၁၀ ပြည့်နှစ်မှာ စစ်ပညာသင်တန်း ၄၅ ရက်တက်ခဲ့ပါတယ်။ ပြီးတော့ တာဝန်တွေက တပ်စိတ်ထဲမှာ ရဲဘော်ဘဝနဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်တော် စိန်ယုဘုံတောင်မှာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ဖို့ လိုက်သွားခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်အထိ AA တပ်စခန်းမှာ စိုက်ပျိုးမွေးမြူရေးတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ AA တပ်ဖွဲ့ဝင် စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီးသားသား(ခ) ကျော်မြတ်ဦး(ခ)ဝေသာထွန်းက ကျွန်တော့်ကို ရန်ကုန်မှာ မူးယစ်ဆေးဝါးလုပ်ဖို့အတွက် လွှတ်လိုက်ပါတယ်။ AA တပ်ဖွဲ့ ဗိုလ်မှူးကြီး သားသား(ခ)ကျော်မြတ်ဦး(ခ) ဝေသာထွန်းက ကျွန်တော့်ကို ရွှေပြည်သာမှာ ဂိုဒေါင်တစ်လုံးကိုငှားပြီးတော့ မူးယစ်ဆေးဝါးလုပ်ရမယ်လို့ ကျွန်တော်တို့ကိုပြောခဲ့ပါတယ်။ ကျွန်တော်တို့ ရွှေပြည်သာမှာ ဂိုဒေါင်ကို တစ်လ ၂၅ သိန်းနဲ့ငှားပြီးတော့ ဂိုဒေါင်မှာ မူးယစ်ဆေးဝါးကိုသိုလှောင်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးကို ဂိုဒေါင်ထဲမှာ လှောင်ပြီးတော့ ကျွန်တော်တို့က ရွှေပြည်သာမြို့နယ် မုတ္တမဆိပ်ကမ်းကို သင်္ဘောရောက်တာနဲ့ ဂိုဒေါင်ထဲက မူးယစ်ဆေးဝါးကို သင်္ဘောထဲမှာချခဲ့ပါတယ်။ AA စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီး သားသား(ခ) ကျော်မြတ်ဦး (ခ)ဝေသာထွန်းက သန်းဝင်း(ခ)ရန်နိုင်ကတစ်ဆင့် မူးယစ်ဆေးဝါးကို လက်ခံရမယ်လို့ ပြောပါတယ်။ ၈ လပိုင်း ၅ ရက်နေ့ ညောင်းကုန်းလမ်းဆုံမှာ ၁ ကီလိုပါ အိုက်စ်မူးယစ်ဆေးဝါး ၆၂၀ တစ်ကြိမ်၊ ဩဂုတ်လ ၁၅ ရက်မှာ ညောင်းကုန်းလမ်းဆုံမှာ အိုက်စ်မူးယစ်ဆေးဝါး အထုပ် ၁ ကီလိုပါအထုပ် ၄၀၀ တစ်ကြိမ် နိုဝင်ဘာလ ၇ ရက်နေ့ AA စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီး သားသား (ခ)ကျော်မြတ်ဦး (ခ) ဝေသာထွန်းက ဖုန်းဆက်ခဲ့ပြီးတော့ ၉ မိုင် Ocean ဟိုတယ်ကားပါကင်ထားတဲ့နေရာမှာ ကျွန်တော်မူးယစ်ဆေးဝါး ၁ ကီလိုပါ အထုပ် ၁၄၀ တစ်ကြိမ် နိုဝင်ဘာလ ၁၀ ရက်နေ့ ညောင်းကုန်းလမ်းဆုံဈေးနားမှာ မူးယစ်ဆေးဝါးပီနံ့အိတ် ၄၀ တစ်ကြိမ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့ ညောင်းကုန်းလမ်းဆုံမှာ ၁ ကီလိုပါ အိုက်စ်မူးယစ်ဆေးဝါး ၁၇၅ ထုပ် ၁ ကြိမ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှာ ညောင်းကုန်းလမ်းဆုံမှာ ၁ ကီလိုပါ အိုက်စ်မူးယစ်ဆေးဝါး အထုပ် ၉၀ တစ်ကြိမ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ ညောင်းကုန်းလမ်းဆုံမှာပဲ ၁ ကီလိုပါ အိုက်စ်မူးယစ်ဆေးဝါး ၆၀၀ ထုပ်တစ်ကြိမ်၊ စုစုပေါင်း ၇ ကြိမ် ၁ ကီလိုပါ မူးယစ်ဆေးဝါး အိုက်စ် ၃၀၂၅ ထုပ်နဲ့ မူးယစ်ဆေးဝါး ပီနံ့အိတ် ၄၀ ကိုသွားယူပြီးတော့ ဂိုဒေါင်ထဲမှာသိုလှောင်ခဲ့ပါတယ်။ ဂိုဒေါင်ထဲမှာရောက်ရှိလာတဲ့ မူးယစ်ဆေးဝါးတွေကို ဗိုလ်မှူးကြီး သားသား (ခ) ကျော်မြတ်ဦး(ခ)ဝေသာထွန်း ခိုင်းတဲ့အတိုင်း မူးယစ်ဆေးဝါးအထုပ်ကို ဂျပ်ဖာထဲထည့်ပြီးတော့ ဂိုဒေါင်ထဲမှာသိုလှောင်ခဲ့ပါတယ်။ ဂိုဒေါင်မှာရှိတဲ့ မူးယစ်ဆေးဝါးတွေကို ဗိုလ်မှူးကြီး သားသား (ခ) ကျော်မြတ်ဦး (ခ)ဝေသာထွန်းက ဖုန်းဆက်လာပြီးတော့ ကျွန်တော့်ကို ရွှေပြည်သာ မုတ္တမဆိပ်ကမ်းကို မူးယစ်ဆေးဝါး ၅၁ ဖာကို ပို့ပေးရမယ်လို့ပြောပါတယ်။ အဲဒါနဲ့ ကျွန်တော် အဲဒီမူးယစ်ဆေးဝါး ၅၁ ဖာပို့ပေးဖို့အတွက် Hijet ကားတစ်စီးငှားခဲ့ပါတယ်။ ကား ၁ စီးငှားပြီးတော့ မူးယစ်ဆေးဝါး ၅၁ ဖာကို ကျွန်တော်ကားပေါ်တင်ပြီးတော့ တနင်္သာရီသင်္ဘောပေါ်ကို မုတ္တမဆိပ်ကမ်းမှာ ပို့ပေးခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော် တနင်္သာရီသင်္ဘောပေါ်မှာရှိတဲ့ စိုးပိုင်(ခ)စိုးစိုးကို ပြောပြီးတော့ တနင်္သာရီသင်္ဘောထဲမှာ မူးယစ်ဆေးဝါး ၅၁ ဖာကို ချပေးခဲ့ပါတယ်။ ဗိုလ်မှူးကြီး သားသား(ခ) ဝေသာထွန်းက ကျွန်တော်တို့ကို ရန်ကုန်မှာ မူးယစ်ဆေးဝါးလုပ်ဖို့အတွက် တိုက်ရိုက်ခိုင်းခဲ့ပါတယ်။ မူးယစ်ဆေးဝါးလုပ်တဲ့အချိန်မှာ ကျွန်တော်တို့ကို တစ်လ ၃ သိန်းပေးပါတယ်။ အရင်တုန်းက ကျွန်တော်တို့ လစာမရခဲ့ပါဘူး။ ဒီမူးယစ်ဆေးဝါးလုပ်တဲ့အချိန်မှာပဲ ကျွန်တော်တို့ကို တစ်လ ၃ သိန်းပေးပါတယ်။ ကျွန်တော်တို့ AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးလုပ်နေတာကို ဗိုလ်ချုပ်ထွန်းမြတ်နိုင်လည်းသိပါတယ်။ သူခိုင်းလို့လုပ်ရတာပါ။ ကျွန်တော်တို့ AA တပ်ဖွဲ့ဝင်တွေအနေနဲ့ တခြားနိုင်ငံဒေသတွေကိုလည်း မူးယစ်ဆေးဝါးပို့ဆောင်တာလည်းရှိပါတယ်။

ကျွန်တော်တို့ကို မဖမ်းမိခင်တုန်းက မလေးရှားနိုင်ငံကိုပို့မယ့် မူးယစ်ဆေးဝါးတွေ သွားတုန်းမှာဖမ်းမိတဲ့သတင်းကိုလည်း ကျွန်တော်တို့ကြားပါတယ်။ ရေကြောင်းကပို့တာမိတာပါ။ ကျွန်တော်တို့ AA အဖွဲ့က လုပ်ဆောင်တာပါ။ ကျွန်တော်တို့ AA တပ်ဖွဲ့ဝင်အနေနဲ့ မူးယစ်ဆေးဝါးရောင်းရတဲ့ပိုက်ဆံတွေကို ကျွန်တော်တို့သုံးစွဲနေရတာ ကျွန်တော်တို့ စိတ်မလုံပါဘူး။ ပထမတစ်ကြိမ် ရေကြောင်းကပို့လိုက်တဲ့ မူးယစ်ဆေးဝါးကို စစ်တွေကိုပို့လိုက်ရတဲ့အတွက် ကျွန်တော့်အနေနဲ့စိတ်မကောင်းဖြစ်မိပါတယ်။ နောင်တလည်းရမိပါတယ်။

**ရန်ကုန်မြို့မှ စစ်တွေမြို့သို့ မူးယစ်ဆေးဝါးများကို ရေလမ်းမှသယ်ဆောင်ပေးခဲ့ကြတဲ့ ပဲ့ထိန်း စိုးပိုင်(ခ)စိုးစိုးရဲ့ဝန်ခံထွက်ဆိုမှု**



၂၀၂၂ ခုနှစ် လေးလပိုင်းလောက်မှာမှစပြီးတော့ ကိုသားကြီးကနေပြီးတော့ ကျွန်တော့်ကို ရန်ကုန်မှာအလုပ်လုပ်ဖို့ဆိုပြီး သင်္ဘောမောင်းဖို့ဆိုပြီး ကျွန်တော့်ကိုဆက်သွယ်လာတယ်။ ပြီးတော့ ကျွန်တော်ရန်ကုန်ကို ၅ လပိုင်းထဲမှာရောက်လာပါတယ်။ ၅ လပိုင်းမှာရောက်တာနဲ့ ကျွန်တော်နဲ့ ကိုကျော်ဟန်ဆိုတဲ့ တစ်ယောက်ကို ကျွန်တော်နဲ့ ဆက်သွယ်ပေးပြီးတော့ ကျွန်တော်တို့ သင်္ဘောဆီကိုစပြီးတော့ သွားပါတယ်။ သင်္ဘောကိုရောက်တဲ့အချိန်မှာ သင်္ဘောမှာ အစောင့် ၃ ယောက်ရှိပါတယ်။ ကျွန်တော်တို့ရောက်တာနဲ့သူတို့က ပြန်သွားပါတယ်။ နောက်ရက်တွေမှာကျတော့ ကိုကျော်ဟန်ရယ်၊ ကိုသားကြီးရယ် သူတို့ရဲ့ အဆက်အသွယ်တွေနဲ့ နောက်သင်္ဘောသားတွေကိုဆက်သွယ်ပြီးတော့ သင်္ဘောပေါ်ရောက်လာပါတယ်။ သူတို့ရဲ့အဆက်အသွယ်နဲ့၊ ကျွန်တော့်လစာက တစ်လကို ငါးသိန်းဖြစ်ပါတယ်။ ကြားထဲမှာ အသုံးလိုလို့ရှိရင် ကြိုတင်ငွေအဖြစ် သုံးသိန်းလိုလို၊ ငါးသိန်းလိုလို လိုအပ်ရင်ထုတ်ပေးတာတွေရှိပါတယ်။ တနင်္သာရီ (၁) သင်္ဘောနဲ့ ကျွန်တော်ရန်ကုန်နဲ့စစ်တွေ ခရီးစဉ်စုစုပေါင်း ၇ ခေါက်သွားပြီးပါပြီ။ ၆ ကြိမ်အထိ ဘိလပ်မြေအိတ် ၅၀၀၀ တင်ပြီးတော့ ရန်ကုန်-စစ်တွေသွားခဲ့ပါတယ်။ ၇ ခေါက်မြောက်သွားတဲ့အခါမှာတော့ ရွှေပြည်သာဆိပ်ကမ်းကနေပြီးတော့ ဆန် ၄၆၀ အိတ်တင်ပါတယ်။ ပြီးရင် ရွှေပြည်သာဆိပ်ရဲ့အနီး မိဘမေတ္တာ ဆိပ်ကမ်းကနေပြီးတော့ နောက်ထပ် ဘိလပ်မြေတွေတင်ပါတယ်။ ဘိလပ်မြေတွေတင်ပြီးတော့ ဂျပ်ဖာ ၅၁ ဖာကိုပါ အဲ့ဒီဆိပ်ကမ်းကနေပဲ တင်လာပါတယ်။ ဂျပ်ဖာတင်မယ့်အချိန်မှာတော့ ကိုသားကြီးက ကျွန်တော့်ကိုဆက်သွယ်ပြီးတော့ ဒီဂျပ်ဖာလေးတွေက နည်းနည်းအရေးကြီးတယ်။ ဒီဂျပ်ဖာလေးတွေနည်းနည်းဂရုစိုက်ပါ။ ဂျပ်ဖာလေးတွေ လာပို့မယ့်တစ်ယောက်ကို ကျွန်တော့် ဖုန်းနံပါတ်ပေးထားတယ်။ သူဆက်သွယ်လာလိမ့်မယ်ဆိုပြီး ကျွန်တော့်ကိုပြောပါတယ်။ ကျွန်တော်နောက်မှသိရတဲ့ နောနော်ဆိုတဲ့တစ်ယောက် ကျွန်တော့်ကို ဆက်သွယ်လာပြီးတော့ ဂျပ်ဖာ ၅၁ ဖာကို Hijet နဲ့ ပို့ပေးသွားပါတယ်။ ဒီခရီးစဉ်ပြီးလို့ရှိရင် ကိုသားကြီးကတော့ ကျွန်တော့်ကို ပိုက်ဆံသိန်း(၅၀)ပေးမယ်လို့တော့ ပြောပါတယ်။ ရန်ကုန်ကနေစစ်တွေကို သွားလို့ရှိရင် ကျွန်တော်က ရန်ကုန်မြစ်ထဲကနေ ဆိပ်ကြီးခနောင်ချောင်းထဲမှာ စပြီးကျောက်ချနေပြီးတော့ ရေအတက်လေးနဲ့ ဆိပ်ကြီးခနောင်ကနေ တွံတေးတူးမြောင်းကိုဖြတ်ပါတယ်။ တွံတေးတူးမြောင်းကနေ မအူပင်-ဝါးခယ်မ-မြောင်းမြ-ငပုတောအောက်နားလေးကဖြတ်ပြီးတော့ ဟိုင်းကြီး၊ ပြီးရင် မော်တင်စွန်းအပြင်ဘက်ကနေပြီးတော့ ငရုတ်ကောင်းအပြင် ချောင်းသာအပြင် ငွေအပြင် ကမ်းရိုးတန်းတစ်လျှောက်သွားပြီးမှ စစ်တွေကိုတစ်လျှောက် မောင်းသွားပါတယ်။ ကျွန်တော် ဟိုးအရင် ငယ်ငယ်တည်းကလည်း ၂၀၀၃ ခုနှစ်လောက်ကစပြီး တောင်ကုတ်မှာ သင်္ဘောတွေကို ရိုးရိုးသားသားအေးအေးဆေးဆေးနဲ့ပဲမောင်းပြီး နေလာခဲ့တာပါ။ အလုပ်တွေရှားလာတဲ့ အချိန်ကျမှ ကိုသားကြီးရဲ့အဆက်အသွယ်နဲ့ ဒီကိုရောက်လာပြီးတော့ ဒီလိုအေးအေးဆေးဆေးလေး တရားဝင်ပစ္စည်းလေးတွေ သယ်ပြီးတော့ သွားရမယ်ဆိုပြီးတော့ ကျွန်တော်ရောက်လာပြီးလုပ်ဖြစ်ခဲ့တာပါ။ ဒီလိုမျိုး တရားမဝင်ပစ္စည်းတွေတင်ပြီးသွားမယ်ဆိုရင် တကယ်ကျွန်တော်လုပ်ဖြစ်ခဲ့မှာမဟုတ်ပါဘူး။ အခုမှဒီလိုမျိုး AA တပ်ဖွဲ့ဝင်တွေလည်းပါတယ်။ တရားမဝင်ပစ္စည်းတွေလည်းပါတယ်ဆိုတာကို အခုမှသိရတဲ့အခါကျတော့ ကျွန်တော်တကယ်စိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်တော့်မှာ သားလေးနှစ်ယောက်ရှိပါတယ်။ ဘဝရပ်တည်ရေးအတွက် သူတို့ရှေ့ရေးအတွက် ကျွန်တော်တွေးပြီး တော်တော်ကြီးစိတ်မကောင်းဖြစ်ရပါတယ်။ တရားဝင်ဘိလပ်မြေလေးတွေတင်ပြီးတော့ တရားဝင်အေးအေးဆေးဆေးသွားမယ်ဆိုပြီးပြောထားပြီးမှ နောက်ဆုံး ဒီလိုမူးယစ်ဆေးဝါးတွေ ပါမယ်ဆိုတာလည်း ဘာမှမသိရဘဲနဲ့ ဒီလိုမျိုးဖြစ်လာပြီးမှ သိရတဲ့အခါကျတော့ လူတစ်ယောက်ကိုသက်သက်အသုံးချသွားတာလို့ပဲ ပြောရမှာပေါ့။ ကျွန်တော်ရဲ့လုပ်တာ၊ ကိုင်တာလေးတွေကို သက်သက်အသုံးချသွားတယ်လို့ပဲ ပြောရမှာပေါ့။ ဒီလိုမျိုးပစ္စည်းတွေကို မသိဘဲနဲ့ ကျွန်တော်ပို့ပေးခဲ့မိတဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်။ ရခိုင်က လူငယ်တွေနဲ့ မိဘတွေကိုလည်း ကျွန်တော် အများကြီးတောင်းပန်ပါတယ်။ ဒီလိုမျိုးပစ္စည်းမျိုးတွေကိုမသုံးမိဖို့အတွက် ပြောချင်ပါတယ်။ စစ်တွေကနေပြီးတော့ ဒီပစ္စည်းတွေကို ကျွန်တော်ထင်တာကတော့ နယ်စပ်ကနေတစ်ဆင့် တစ်ဖက်နိုင်ငံတွေကို ပို့မယ်လို့ထင်ပါတယ်။ နယ်စပ်ဘက်တွေမှာလည်း မူးယစ်ဆေးဝါးဖမ်းဆီးရမိတဲ့ သတင်းမျိုးတွေကြားဖူးပါတယ်။ AA အနေနဲ့လည်း မူးယစ်ဆေးဝါးကရတဲ့ငွေတွေနဲ့ ရခိုင်လူငယ်တွေကို လက်နက်ခဲယမ်းတွေအတွက် အသုံးမပြုသင့်ဘူးလို့တော့ထင်ပါတယ်။

**ရန်ကုန်မြို့မှ စစ်တွေမြို့သို့ မူးယစ်ဆေးဝါးများကို ရေလမ်းမှသယ်ဆောင်ပေးခဲ့ကြတဲ့ AA အဖွဲ့မှ တပ်ကြပ်ကြီးအဆင့်ရှိ ကျော်ဟန်(ခ)ဆံရှည်ရဲ့ ဝန်ခံထွက်ဆိုမှု**



ကျွန်တော် AA တပ်ဖွဲ့ဝင်တစ်ယောက်ဖြစ်ပါတယ်။ AA ၀၂၈၇ တပ်ကြပ်ကြီး ကျော်ဟန်ဖြစ်ပါတယ်။ ကျွန်တော် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှာ ကျွန်တော့်ကို AA တပ်ဖွဲ့ဝင်တစ်ယောက်ကလာခေါ်တယ်။ ပြီးတော့ကျောက်တော်မြို့နယ်မှာ ကျွန်တော့်ကို သင်တန်းတက်ခိုင်းတယ်။ ၅ လပိုင်းကျော်ကျော်လောက်မှာပြီးတယ်။ သင်တန်းပြီးတော့ ကိုယ်ပိုင်နံပါတ်ပေးတယ်။ မီးဝါးစခန်းမှာထားတယ်။ အဲဒီစခန်းမှာ စိုက်ခင်းတွေလုပ်ရတယ်။ ၂၀၁၆ ခုနှစ် မေလပေါ့ ၅ လပိုင်းလောက်မှာ ကျောက်တော်မြို့နယ် မီးဝါးစခန်းမှာနေပြီးတော့ ကျွန်တော်တို့စခန်းတွေ တည်ဆောက်ကြတယ်။ ပိတောက်နားမှာ တိုးချဲ့လာတော့ စခန်းတည်ဆောက်နေတဲ့ အချိန်ပေါ့။ မြန်မာတပ်မတော်စစ်ကြောင်းဝင်လာတော့ ထိပ်တိုက်စစ်ဖြစ်ကြတယ်။ စစ်ဖြစ်တဲ့အချိန်မှာ ကျွန်တော်တို့ဘက်က တပ်သားရဲဘော်နှစ်ဦးလောက်ကျဆုံးသွားတယ်။ အဲ့ဒီထဲကနေ ကျွန်တော်တို့ ဘာမှန်းမသိလို့ ထွက်ပြေးလာတယ်။ ကျွန်တော်အဲ့ဒီက ထွက်ပြေးလာတော့ ကိုယ့်ဆီကိုရောက်သွားတယ်။ မြောက်ဦးမြို့နယ်ပေါ့၊ အဲ့ဒီမှာနေတယ်။ သူများဆီမှာ အငှားလုပ်တယ်။ ကိုယ့်မှာ ဘာမှအလုပ်အကိုင်မရှိလို့ သူများဆီမှာနေရင်းနဲ့ ပေါက်တောမြို့နယ်ဘက်ပြောင်းလာခဲ့တာ၊ အဲ့ဒီမှာတိမ်းရှောင်နေတာပေါ့။ အဲ့ဒီမှာတော့ ကျွန်တော် သဲအုတ်တွေ၊ ကျောက်အုတ်တွေလိုက်စီတယ်။ ၂၀၂၀ ခုနှစ်မှာ ကျွန်တော့်ကို အောင်ဆန်းဦးဆိုတဲ့လူက အဆက်အသွယ်လုပ်ပြီးတော့ အလုပ်လုပ်ချင်လားလို့မေးတော့လုပ်မယ်လို့၊ သင်္ဘောစီးရမယ်၊ AA က ကုန်ပစ္စည်းပို့တဲ့ သင်္ဘောစီးရမယ်ဆိုပြီးတော့ ကျွန်တော့်ကိုပြောတယ်။ ကျွန်တော်လည်းလုပ်မယ်ဆိုပြီး ကျွန်တော့်ကိုပိုက်ဆံနှစ်သိန်းပေးပြီးတော့ ရန်ကုန်ကို လွှတ်တယ်။ ကျွန်တော် ရန်ကုန်ကိုရောက်လာတော့ ဆိပ်ကြီး-ခနောင်ဘက်ကို ပို့ပေးခဲ့တာပါ။ တနင်္သာရီ(၁)သင်္ဘောကိုပို့ပေးခဲ့တယ်။ အဲ့ဒီမှာ ကျွန်တော်စပြီးအလုပ်လုပ်တာ။ ကျွန်တော်တို့ အဲ့ဒီသင်္ဘောနဲ့ ကုန်ပို့တာတို့ ရန်ကုန်နဲ့စစ်တွေနောက်ဆုံးပို့တဲ့ထဲမှာတော့ ဘိလပ်မြေ ၇၀၀၀၊ ဆန်အိတ် ၄၆၀ ပြီးတော့ မူးယစ်ဆေးဝါးဖာ ၅၁ ဖာပေါ့ အဲ့ဒီကိုချတယ်။ ဒီကချတဲ့အခါတော့ ရွှေပြည်သာမုတ္တမဆိပ်ကမ်းပေါ့၊ အဲ့ဒီဆိပ်ကမ်းကချတယ်။ အဲ့ဒီမှာပဲချတာ၊ စစ်တွေရောက်တော့ ရေထဲမှာမော်တော်ဘုတ်တွေနဲ့ ပဲ့ထောင်တွေနဲ့ပဲ AA အဖွဲ့တွေက လာယူသွားကြတယ်။ မူးယစ်ဆေးဝါးနဲ့ ကုန်ပစ္စည်းတွေကတော့ AA ရဲ့ ကုန်ပစ္စည်းတွေဖြစ်တယ်။ ၄ ညနဲ့ ၅ ရက်ပေါ့ စစ်တွေကိုမောင်းတာအဲ့လောက်ကြာတယ်။

**AA အဖွဲ့မှ စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး (ခ) သားသား (ခ) ဝေသာထွန်းမှ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်မှုများ ပြုလုပ်ရန် တိုက်ရိုက်စေခိုင်းခဲ့သူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မူးယစ်ဆေးဝါးများ ကိုယ်တိုင်ပို့ခဲ့သူ AA အဖွဲ့မှ ဒုတိယဗိုလ်အဆင့်ရှိ စိုးထွန်းရဲ့ ဝန်ခံထွက်ဆိုမှု**



ကျွန်တော်က အရင် AA အဖွဲ့ဝင်ဖြစ်ပါတယ်။ ရဲဘော်နံပါတ်က AA 0178 ဖြစ်ပါတယ်။ အရာရှိနံပါတ်က AC 0304 ဖြစ်ပါတယ်။ ဒုဗိုလ်အဆင့်ရှိစိုးထွန်းဖြစ်ပါတယ်။ သင်တန်းတက်တာက ၂၀၁၂ ခုနှစ် ၈ လပိုင်းမှာ **စာမျက်နှာ ၂၆ သို့**

**စာမျက်နှာ ၂၅ မှအဆက်**

သင်တန်းစတက်ပြီး ၂၀၁၂ ခုနှစ်၊ ၁၀ လပိုင်းမှာ သင်တန်းဆင်းပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှာ တပ်ကြပ်အဆင့်ရာထူး တိုးခဲ့ပြီးတော့ AA ဌာနချုပ်ကို သားသား(ခ)ဗိုလ်မှူးကြီးအဆင့်ရှိ ဝေသာထွန်း ခေါ်တွေ့ပြီး ကျွန်တော်တို့က မန္တလေးမှာ မူးယစ်ဆေးဝါးလုပ်ရမယ်လို့ပြောပြီး ကျွန်တော်တို့ကိုလည်း လိုင်ဇာကနေ မန္တလေးကိုမူးယစ်ဆေးဝါးလုပ်ဖို့လာခဲ့ပါတယ်။ ကျွန်တော်ရောက်လို့ ၁ ရက် ၂ ရက်နေပြီးတော့ AA အဖွဲ့က ကျော်မင်းငွေးဆိုတဲ့ တစ်ယောက်ရောက်လာတယ်။ အဲ့မှာနေပြီး ရောက်တော့ ကျွန်တော်တို့အဲဒီဂိုဒေါင်မှာ သိုလှောင်ထားတာပေါ့။ သားသား(ခ) ဗိုလ်မှူးကြီးဝေသာထွန်း စေခိုင်းချက်အရ ရခိုင်က မြောက်ဦးတို့၊ ကျောက်တော်တို့၊ စစ်တွေတို့ကို ကုန်တင်ကားတွေနဲ့ပို့ရတာ ရှိပါတယ်။ ကျွန်တော်က ၂၀၁၉ ခုနှစ်မှာ ဒုဗိုလ်ရာထူးတိုးခံရပြီးတော့ ၂၀၂၀ ပြည့်နှစ်လောက်မှာ ကျွန်တော်ရခိုင်မြောက်ပိုင်းကို သားသား(ခ) ဗိုလ်မှူးကြီးဝေသာထွန်း စေခိုင်းချက်အရသွားရတာပေါ့။ မောင်တောမြောက်ဘက်ရောက်တော့ AA က နေရာချပေးပါတယ်။ နေရာချပြီးတော့ ကိုအောင်ကြီးတို့ ကိုနိုင်ရှည်တို့ ကိုပုတို့နဲ့ပူးပေါင်းပြီး လုပ်ငန်း ၁ နှစ်လောက် လုပ်ခဲ့ပါတယ်။ ၁ နှစ်လောက်လုပ်ပြီးတော့ နိုဝင်ဘာလလောက်မှာ သားသား(ခ) ဗိုလ်မှူးကြီးဝေသာထွန်းက ကျွန်တော့်ကိုဖုန်းဆက်ပြီးတော့ ရန်ကုန်ကို မူးယစ်ဆေးဝါးလုပ်ရမယ်ဆိုပြီးတော့ ပြောလာပါတယ်။ ရန်ကုန်ရောက်တော့ ကနောင်မင်းသားကြီးလမ်း၊ ဇုန် ၁ က ဒုဗိုလ်နောနော်တို့နေတဲ့ အဲဒီဂိုဒေါင်မှာ ဒုဗိုလ်ထွန်းလင်းရယ်၊ ဒုဗိုလ်နောနော်ရယ်၊ ကျွန်တော်ရယ် ၃ ယောက်နေခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှာ ဒုဗိုလ်နောနော်က အငှားယာဉ်နဲ့သွားပြီးတော့ မူးယစ်ဆေးဝါးအိုက်စ် ၁







**ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

မှနောက်တော့ ၃/၄/၅ လပိုင်းလောက်မှာ အဲ့မှာ ၁၂ ဘီးကားတွေနဲ့ မူးယစ်ဆေးဝါးတွေရောက်လာပါတယ်။ ကျွန်တော်တို့က အဲ့ဒီမှာ ပါလာတဲ့ မူးယစ်ဆေးတွေကိုဖွင့်ပြီး ဓာတ်ပုံရိုက်ပြီးတော့ we chat က သားသား(ခ) ဗိုလ်မှူးကြီးဝေသာထွန်းကို ပြရတာပေါ့နော်။ ပြပြီးမှ ကျွန်တော်တို့က ဒီမှာထပ်စစ်ရတာပေါ့။ ကျွန်တော်တို့ဆီကို ရောက်လာတော့ ၁၂ ဘီးကားတွေပေါ့နော်။ တစ်ခါတစ်ခါတော့ ဆီဘောက်ဆာကားတို့ (4 wheel) ကားတို့ အဲ့လိုကားတွေနဲ့ လာကြတယ်။ ကျွန်တော်တို့က ၂၀၁၅/၂၀၁၆ လောက်မှာ ၁ လ တစ်ကြိမ် ၂ လ တစ်ကြိမ်လောက်ပေါ့နော်။ အဲ့မှာ အထုပ် ၂၀ လောက် အရင်ရောက်တယ်ပေါ့။ အရင်လုပ်ကိုင်ခဲ့ရတာပေါ့။ အဲ့မှာ ကျွန်တော်တို့က ဘင်္ဂလားနယ်စပ်ကို ဆိုင်ကယ်ကယ်ရီနဲ့ မူးယစ်ဆေးဝါးကိုပို့ရတာပေါ့။ အဲ့လိုနဲ့ နယ်စပ်တွေကိုရောက်တာပေါ့။ ကျွန်တော်တို့က မင်္ဂလာလှေဆိပ်ကို ကျွန်တော်ပို့တာတော့ ၅ ခါလောက်ပို့ခဲ့ပါတယ်။ တစ်ခါပို့ရင် အချောင်း ၂၀၊ ၃၀ လောက်ပေါ့။ ကျွန်တော်တို့စကားနဲ့ဆို ၁ ပုံး၊ ၂ ပုံး၊ ၃ ပုံးပေါ့နော်။ ၁၀ ချောင်းကို ၁ ပုံးလို့ခေါ်တယ်။ တစ်ခါပို့ရင် ၂၀ ပို့တာရှိတယ်။ ၃၀ ပို့တာရှိတယ်။ ဟိုဘက်ကတော့ နယ်စပ်ရောက်သွားရင်တော့ ဘင်္ဂလားက ကုလားပွဲစားတွေလာယူတာပေါ့နော်။ အဲဒီလိုတော့ရှိခဲ့ပါတယ်။ အဲဒီရခိုင်မှာ မောင်တောမြောက်ပိုင်းမှာနေတုန်းက ဘင်္ဂလားဒေ့ရှ်ကို မူးယစ်ဆေးဝါးပို့တဲ့ကီလို ၂၀ ထုပ်ပါ ပီနံအိတ် ၃ အိတ်၊ ၁၅ ထုပ်ပါ တစ်အိတ်၊ ၇၅ ထုပ်ကို ဂိုဒေါင်ထဲရောက်တယ်။ အဲဒါကို ဂိုဒေါင်ထဲမှာထည့်ပြီးတော့ စက္ကူဖာတွေနဲ့တိပ်တွေနဲ့ပတ်ပြီး နောနော်ရယ်၊ ဗိုလ်ထွန်းလင်းရယ်၊ ကျွန်တော်ရယ် ၃ ယောက်ပေါင်းပြီးတော့ ထုပ်ကြတာပေါ့။ ကျွန်တော့်ကို နိုဝင်ဘာလ ၂၅ ရက်နေ့မှာ နောနော်က ပုလဲလမ်းဆုံက လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထားခဲ့တာပေါ့။ သူကတော့ မူးယစ်ဆေးဝါးကို ကား ၁ စီးနဲ့ ဂိုဒေါင်မှာချတယ်။ ချပြီးတော့မှ ကျွန်တော့်ကို အဲဒီကားနဲ့လာခေါ်တယ်။ လာခေါ်ပြီးတော့မှ ဘူတာကိုရောက်တယ်။ ဘူတာရောက်ပြီးတော့ နောနော်ရယ်၊ ဗိုလ်ထွန်းလင်းရယ်၊ ကျွန်တော်ရယ် ၁ ကီလိုပါ ၂၀ ထုပ် အထုပ် ၆၀၀ ပေါ့နော်။ စက္ကူတွေနဲ့လိပ်ပြီးတော့ ဂိုဒေါင်မှာသိမ်းခဲ့ပါတယ်။ ဒုဗိုလ်နောနော်ကို ပစ္စည်းလာပို့တဲ့ကားက ဖုန်းဆက်တာပေါ့နော်။ ပစ္စည်းရောက်နေပြီ အစ်ကိုတို့လာယူ၊ အဲဒီမှာ ကျွန်တော်တို့က Alphard ကားနဲ့သွားပြီး ယူတာပေါ့။ အစတုန်းကတော့ သူတို့က ပုလဲလမ်းဆုံလို့ချိန်းတယ်။ ဒါပေမဲ့ ပုလဲလမ်းဆုံတော့မဟုတ်ဘူး။ နောက်မှ သူတို့က ၁၄ လမ်းဆုံဆိုပြီးချိန်းတယ်။ ၁၄ လမ်းဆုံကို ကျွန်တော်တို့သွားတာပေါ့။ သွားတဲ့အခါ သူတို့က ကားအမျိုးအစားနဲ့ ကားနံပါတ်ကို မေးတာပေါ့။ ဒုဗိုလ်နောနော်က ကားအမျိုးအစား၊ ကားနံပါတ်တွေ ပြောလိုက်တာပေါ့။ အဲဒီမှာ ၁၄ လမ်းဆုံရောက်တော့ သူတို့က အရှေ့ကထွက်ပြီး လက်ကာပြပြီး ရပ်တာပေါ့နော်။ အဲဒီမှာကျွန်တော်တို့ဆင်းတာနဲ့ ကားပေါ်ကဆင်းတာနဲ့ အဖမ်းခံရတာပေါ့။ ကျွန်တော်တို့ ဒီမူးယစ်ဆေးဝါးကို အမိန့်ကြီးကိုင်ပြီးလုပ်နေတာက စီးပွားရေးတာဝန်ခံစစ်ရုံးချုပ်က သားသား(ခ) ဗိုလ်မှူးကြီးဝေသာထွန်းပေါ့။ ကျွန်တော်တို့ ဒီလိုမူးယစ်ဆေးဝါးတွေ လုပ်နေတာကို ဗိုလ်ချုပ်ထွန်းမြတ်နိုင်လည်း မသိတာတော့မရှိပါဘူး။ သူကတော့သိလောက်ပါတယ်။ ကျွန်တော်တို့က လုပ်တာတော့ လုပ်ပြီးသွားပြီ။ ဒါပေမဲ့ နောင်တတော့ ရတာပေါ့။ ညွှန်ကြားတဲ့အတိုင်း လုပ်ရတာပေါ့။ ကျွန်တော်တို့လည်း မလုပ်ချင်ပါဘူး။

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေးသမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်ကမှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် ၁၉၈၀ Modelနှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒင်္ဂကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သောယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင်(၁-၂-၂၀၂၄)ရက်မှ (၃၁-၇-၂၀၂၄)ရက်ထိ ခြောက်လကာလအတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## ပြည်သူများ ကျန်းမာစေဖို့ ဆီစားသုံးမှု လျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့် ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါတွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# ကဗျာဆရာ၊ စာရေးဆရာ၊ ကျောင်းဆရာမောင်နီသင်း

အောင်ကြည်ညွန့်(တက္ကသိုလ်)



ပန်းကလေးများ ပွင့်တော့မည်
ဖူးတံဝင့်လို့ချီ။
နေခြည်မှာ ရွှေရည်လောင်း
ငါတို့စာသင်ကျောင်း။

မူလတန်းကျောင်းသူ၊ ကျောင်းသားကလေးများ၏ "တို့ကျောင်း"ကဗျာကို သံပြိုင်သီဆိုသံကြားတိုင်း ကဗျာဆရာ မောင်နီသင်းကို အလွန်ပင်သတိတရရှိလှသည်။ ဆရာကြီးများက ချစ်စနိုးဖြင့် မောင်နီဟုခေါ်ကြပြီး စာရေးသူတို့ကတော့ "ကိုနီ"ဟု ချစ်စနိုးခေါ်သည်။ ဆရာပျဉ်းမနားမောင်နီသင်း၏ ရုပ်ရည်မှာ ရွှက်ကြမ်းရေကျိုဟုခေါ်ဆိုနိုင်သည်။ သို့သော် သူ့မျက်နှာက အမြဲပြုံးနေသည်။ သူ၏စိတ်အလှကို လှမ်းမြင်နေရသည်။ အကျည်းတန်အလှဆိုသည့်စကားမှာ ပျဉ်းမနား မောင်နီသင်းအတွက် ဖြစ်ပေါ်လာသလားဟု ထင်မှတ်မိသည်။

စာရေးသူနှင့်ကိုနီသင်းမှာ သူငယ်ချင်းများဖြစ်ကြသည်။ ပို၍ရင်းနှီးသွားသည်မှာ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့(ပညာရေးသုတေသနဗျူရို)သို့ ရောက်မှ ပိုမိုရင်းနှီးသွားကြသည်။

ဆရာပျဉ်းမနား မောင်နီသင်းက ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ B.Ed ဘွဲ့ရသည်။ ဝန်းမော်အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် စတင်အမှုထမ်းပြီး တစ်နှစ်အကြာတွင် ပညာရေးသုတေသနဗျူရိုသို့ ပြောင်းရွှေ့ခန့်ထားခံရသည်။ သုတေသနလက်ထောက်ရာထူးဖြစ်သည်။ စာရေးသူက သူ့ထက် သုံးနှစ်နောက်ကျပြီး ၁၉၇၄ ခုနှစ်မှ ပညာရေးသုတေသနဗျူရိုကို ရောက်ရှိသည်။ ဌာနမှာ ပညာရေးရုပ်ရှင်နှင့် သတင်းဓာတ်ပုံဌာနဖြစ်သည်။

ဆရာပျဉ်းမနားမောင်နီသင်းတို့သည် မြန်မာပြည်အနှံ့ သုတေသနခရီး၊ စာတတ်မြောက်ရေးခရီး၊ ဟောပြောပွဲခရီး စသည်ဖြင့် ခရီးပေါင်းမြောက်မြားစွာထွက်ရသည်။ ဓာတ်ပုံသတင်းထောက်အဖြစ် စာရေးသူလည်း ဆရာပျဉ်းမနားမောင်နီသင်းတို့အဖွဲ့နှင့်လိုက်ပါရသည်။ လူငယ်ချင်းဖြစ်၍ ခင်မင်ရင်းနှီးသွားကြသည်။ ထိုအချိန်တွင် ဆရာပျဉ်းမနားမောင်နီသင်းသည် နာမည်ကျော် ကဗျာဆရာစာရင်းဝင်တစ်ဦးဖြစ်နေပါပြီ။

**သူ့ဘဝလှုခဲ့**

ဦးတင်ဝင်း (ဆရာပျဉ်းမနားမောင်နီသင်း)ကို အဖ ပန်းထိမ်ဆရာ ဦးသားအုံးနှင့် အမိ ဒေါ်စောရှင်တို့က ၁၉၄၇ ခုနှစ် ဇွန် ၂၈ ရက်တွင် ပျဉ်းမနားမြို့၌ မွေးဖွားခဲ့သည်။ ပျဉ်းမနားမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ၁၉၆၅ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီး ရန်ကုန်ပညာရေးတက္ကသိုလ်တွင် တက်ရောက်ခဲ့ရသည်။ ၁၉၇၀ ပြည့်နှစ်တွင် B.Ed ဘွဲ့၊ ၁၉၈၂ ခုနှစ်တွင် M.Ed မဟာဘွဲ့ရခဲ့သည်။ မှတ်မှတ်ရရ စာရေးသူကို စာပေများရေးသားရန် ဆရာပျဉ်းမနားမောင်နီသင်းက အနီးကပ်တွန်းအားပေးသည်။ ပါမောက္ခဆရာကြီး ဦးသန်းထွတ်နှင့် ပညာရေးသုတေသနအဖွဲ့ ဗျူရိုဥက္ကဋ္ဌ ဦးသန်းဦးတို့ တွန်းအားပေးမှုကြောင့် ၁၉၇၅ ခုနှစ်တွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်းပါးဖြင့် စာပေလောကသို့ ဝင်နိုင်ခဲ့သည်။ စာရေးဆရာတစ်ဦးဖြစ်လာခဲ့ရသည်။

ဆရာပျဉ်းမနား မောင်နီသင်းကတော့ ၁၉၆၃ ခုနှစ်ကပင် စာပေလောကသို့ ဝင်ရောက်ခဲ့သူဖြစ်သည်။ ဆရာက ကလေးစာပေ၊ ကလေးကဗျာ၊ ဆောင်းပါးများကို တစိုက်မတ်မတ် ရေးသားခဲ့သူဖြစ်သည်။ စာစီစာကုံးအတွေးနှင့်အရေး၊ ကဗျာဟူသည် ပန်းဝတ်ရည်၊ ပုံပြင်ဖတ်ရအောင် စသည့်စာအုပ်များလည်း ပြုစုရေးသားခဲ့သည်။

မြန်မာစာသင်နည်း သုတေသနအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ သင်ရိုးညွှန်းတမ်းကော်မတီတွင် မြန်မာစာသင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင်ဖြစ်သည်။

ဆရာသည် နေခြည်ထဲက နှင်းစက်များကဗျာစာအုပ်နှင့် အင်္ဂလိပ်ဘာသာပြန်သုဝဏ္ဏသာမ ကဗျာစာအုပ်တို့ကိုလည်း ရေးသားထုတ်ဝေခဲ့သည်။

ဆရာပျဉ်းမနား မောင်နီသင်းသည် စာပေဗိမာန်စာမူဆုနှင့် အမျိုးသားစာပေဆုရ ကဗျာဆရာကြီးတစ်ဦးလည်းဖြစ်သည်။ ကောက်ရိတ်ချိန်ကဗျာများ (၁၉၆၄)၊ ရတနာဦးကဗျာများ(၁၉၆၅)၊ မြစ်ပယ်နှင့် အခြားပုံပြင်များ(၂၀၀၁)နှင့် ငှက်ကလေး၏တေးချိုချိုကဗျာများ (၂၀၁၁)တို့ဖြင့် ဆုများရရှိခဲ့သည်။

**ထူးခြားပုဂ္ဂိုလ်ကဗျာဆရာ**

ထူးခြားသည်မှာ ဆရာပျဉ်းမနား မောင်နီသင်းသည် ကောက်ရိတ်ချိန်ကဗျာစာအုပ်ဆုရချိန်တွင် အထက်တန်းကျောင်းသားဘဝ နဝမတန်းတက်နေချိန်ဖြစ်သည်။ ရတနာဦးကဗျာစာအုပ်ဆုရချိန်တွင် ပညာရေးတက္ကသိုလ်(ပထမနှစ်) ကျောင်းသားဖြစ်သည်။

ဆရာပျဉ်းမနားမောင်နီသင်းသည် ၁၉၇၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေးဗဟိုကော်မတီဝင်၊ သက်ကြီးစာပဒေသာပြုစုရေးအဖွဲ့ဝင်၊ စာတတ်မြောက်ရေးစစ်ဆေးရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် နိုင်ငံတကာလူငယ်များစိစစ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာပျဉ်းမနားမောင်နီသင်းသည် စိတ်သဘောထား အလွန်ကောင်းသူတစ်ဦးဖြစ်သည်။ လေအေးလေးနှင့် စကားတိုးတိုးပြောတတ်သည်။ ရယ်စရာ၊ ဟာသမြောက်သောစကားများကို ပြောတတ်သည်။ စာပေဟောပြောပွဲတွင်လည်း အဟောအပြောကောင်းသော စာရေးဆရာ၊ ကဗျာဆရာတစ်ဦးဖြစ်သည်။ ၂၀ ရာစုတွင် ထင်ပေါ်ကျော်ကြားလူကြိုက်များသော ကဗျာဆရာတစ်ဦးဖြစ်သည်။

ဆရာမောင်နီသင်းသည် ၁၉၇၃ ခုနှစ်တွင် ဂျပန်နိုင်ငံသို့လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် တရုတ်နိုင်ငံသို့လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံသို့လည်းကောင်း ပညာရေးကိုယ်စားလှယ်အဖြစ် သွားရောက်ခဲ့သည်။

**ဝမ်းတွင်းပါစာဆို**

ဆရာပျဉ်းမနားမောင်နီသင်း၏ ကဗျာကလေးများသည် ရသန္ဓယ်သော ကဗျာကောင်းများဖြစ်ကြသည်ကို လေ့လာမှတ်သားမိသည်။ သူ့တွင် စာဆိုမျိုးစေ့ရှိသည်ကိုလည်း သတိထားမိသည်။ ဤတွင် သပြေညို ကဗျာတွင် အမှာစာရေးခဲ့သော ဆရာဇော်ဂျီ၏အဆိုအမိန့်ကို သတိပြုမိသည်။

"ကဗျာဆရာနှင့်စာဆို၊ ခြားချင်တိုင်းခြားလေစွ။

"စာတတ်သူ၊ ကဗျာစပ်နည်းတတ်သူတိုင်း ကဗျာဆရာဖြစ်နိုင်သည်။ သို့ရာတွင် ပင်ကိုစာဆိုဉာဏ်ပါအောင် ဖွဲ့နိုင်သူမှသာ စာဆိုဖြစ်နိုင်သည်။

စာကိုသင်ယူလျှင်တတ်သည်။ ကဗျာစပ်နည်းကိုလည်း သင်ယူလျှင်တတ်သည်။ ဝမ်းတွင်းပါ စာဆိုဉာဏ်ကား သင်ယူ၍တတ်ဖို့ဝေးစွ၊ သင်ယူ၍ပင်မရ။"

ဆရာပျဉ်းမနားမောင်နီသင်းတွင် ဝမ်းတွင်းပါ စာဆို ဉာဏ်ရှိသည်ဟုဆိုချင်သည်။ ဆရာသည် ဇာတ်ကြီးဆယ်ဘွဲ့တွင် သုဝဏ္ဏသာမဇာတ်ကို အမြတ်နိုးဆုံးဖြစ်သည်။ ဇာတ်တော်တွင် မိချစ်၊ ဖချစ်နှင့်သားလိမ္မာ သုဝဏ္ဏသာမတို့အဖွဲ့သည် ကြေကွဲဝမ်းနည်းဖွယ်လည်းကောင်းသည်။ သားထူးသားမြတ်၏မိဘအပေါ် ကျေးဇူးသိတတ်မှုကို ဖော်ကျူးရာတွင်လည်း အံ့သြချီးကျူးဖွယ်ဖြစ်ပေသည်။

ဆရာပျဉ်းမနား မောင်နီသင်း၏ **"မိဂသမ္မတာမြစ်ကမ်း၌"** ကဗျာကို ဖတ်ရှုခံစားကြည့်လျှင် သိနိုင်ပါသည်။

ရင်ခွင်ကြားတွင်
သားဦးခေါင်းကို ပိုက်ပွေ့ငိုရှုံ၍
ဖအိုဒုကူလ၊ ပူခဲ့ရသည်
မိဂသမ္မတာမြစ်ကမ်း၌။
ရင်ခွင်ကြားတွင်
သားခြေစုံကို၊ ပိုက်ပွေ့ငိုရှုံ၍
မိအိုပါရိက၊ ပူခဲ့ရသည်
မိဂသမ္မတာမြစ်ကမ်း၌။
အနောက်ကုန်း၌
နေလုံးနီနီ၊ မကွယ်မီတွင်
မျက်ရည်မသုတ်၊ တရှုပ်ရှုပ်နှင့်
ငုတ်တုတ်ထိုင်ငို၊ မိဘအိုသည်
သားပျိုလူလှ၊ သုဝဏ္ဏကို
ဘယ်ကဆေးနှင့်၊ ကုမည်နည်း။
ဆေးရွက်တရွက်၊ ဆေးတစက်မျှ
လက်၌မပါ၊ စေတနာနှင့်
မေတ္တာမှဖွား၊ သစ္စာအားဖြင့်
နှစ်ပါးမိဘ၊ သားလူလှကို
ကုသကြပေ၊ မြသောင်ခြေတွင်
ရေကြည်တပေါက်၊ မတောက်ရဘဲ
ရေကြည်တစက်၊ မပက်ရဘဲ
ရေကြည်တကျိုက်၊ မတိုက်ရဘဲ
လဲကျရာမှ၊ လှစွာထ၍
သုဝဏ္ဏသည်၊ ချပ်ညရီ၏
နေခြည်နုတွင်၊ ကျောင်းသို့ဝင်သည်
ရေစင်ပြည့်အိုးနှင့် ပေတကား။

သုဝဏ္ဏသာမဇာတ်တော်တွင် မိဂသမ္မတာမြစ်ကမ်းတွင် ဖြစ်ပျက်ခဲ့သော ဇာတ်ကွက်တစ်ကွက်ကို ဆရာမောင်နီသင်း ခံစားရေးဖွဲ့သည်မှာ လှပလွန်းလှပါတကားဟု ချီးမွမ်းမိသည်။ ကဗျာကိုဖတ်ပြီး စိတ်တွင်ခံစားရသည်။

"အမိအဖတို့ကို လုပ်ကျွေးပြုစုသော သားလိမ္မာ သုဝဏ္ဏသာမကို နတ်တို့သည် ဆေးကုကုန်၏"ဟူသော ဇာတ်တော်လာအကြောင်းတရားသည် မိဘတို့၏ ကျေးဇူးကိုသိရန် လှုံ့ဆော်လျက်ရှိသည်။ စာကောင်းပေကောင်းတို့ကို ရေးဖွဲ့နိုင်သူ ကဗျာပညာရှင်ကိုနီသင်းပါတကားဟု ဆိုလောက်ပါပေသည်။

ကလေးတို့ကိုချစ်သော ကလေးစာပေ၊ ကလေးကဗျာဆရာ ပျဉ်းမနား မောင်နီသင်းက-

"မူလတန်းဆရာ၏အလုပ်သည် ကလေးကိုယ်နှင့်စိတ်လွတ်လပ်စွာဖွံ့ဖြိုးရေးအတွက် အားထုတ်ရန်ဖြစ်သည်။ ဆရာဖြစ်သူအနေဖြင့် ကလေးဘဝကို နားလည်ရေး၊ လက်ခံရေး၊ အသိအမှတ်ပြုရေးကို ဆောင်ရွက်၍ ကလေးကို နေရာကလေးတစ်ခုပေးထားရန်ဖြစ်သည်"ဟုဆိုထားသည်။

ဆက်လက်၍ ဆရာ့အယူအဆက-

"ကျွန်တော်တို့ဆရာများသည် ပြုမူလုပ်ရှားရာတွင် မေတ္တာသတ္တိ၊ စေတနာသတ္တိ၊ တာဝန်သတ္တိနှင့် ပြုမူလှုပ်ရှား၍ ကလေးများကို လေးစားစွာတုံ့ပြန်သင့်သည်။ ဆရာသည် ကလေးတို့ထံမှ ပြန်လည်သင်ယူ၍ ကလေးများပြောသည်ကို နားထောင်ခြင်းသည် ပညာရေး၏အရေးကြီးသော အပိုင်းဖြစ်သည်ကို သတိမူသင့်ပါသည်။

ကဗျာဆရာပီပီ၊ ပညာရေးသမားပီပီ၊ ကျောင်းဆရာပီပီ လက်တွေ့ဘဝမှ ထုတ်ယူရရှိသောအတွေးများကို အရေးဖြင့် တင်ပြထားချက်များဖြစ်သည်။ မိဘ၊ ဆရာ၊ ကျောင်းသားဟူသော ပညာရေးတြိဂံတွင် ကလေးသည် ပထမ၊ ကလေးသည် ဒုတိယ၊ ကလေးသည် တတိယဖြင့် ကလေးဗဟိုပြုသင့်သည်ကို ပြောလိုက်ခြင်းဖြစ်၏။

ကဗျာဆရာ ပျဉ်းမနားမောင်နီသင်းသည် ၁၉၇၃ ခုနှစ်က ပညာရေးအဖွဲ့နှင့် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ရသည်။ ထိုသို့ရောက်စဉ် ဖူဂျီရာမတောင်သို့လေ့လာရေးခရီး သွားခဲ့ရသည်။ နှင်းများဝေချိန် ဖူဂျီရာမတောင်၏အလှနှင့် လှပသောချယ်ရီပန်းတို့ကို နေရောင်ခြည်လဲ့လဲ့တွင် မြင်တွေ့ခဲ့ရာမှ သူ့ရင်တွင်းက ကဗျာဖွဲ့လိုစိတ်များပေါက်ဖွားခဲ့သည်။ ဖူဂျီရာမတောင်ကို ဖွဲ့သည်မှန်သော်လည်း သူ့ကဗျာ၊ သူ့အတွေး၊ သူ့အရေးတွင် အလှပဆုံးကိုရှာဖွေတွေ့ရှိခဲ့သည်ကို သတိပြုမိသည်။

နှင်းဆွတ်ဆွတ်ဖြူ မှိုင်းငွေ့မြူနှင့်
ဖူဂျီမဟာ၊ ငါမြင်ပါသော်
ငါချစ်ပေသည်၊ ငါ့ဇာတိမှ
အမိပုပ္ပား၊ လွမ်းတကား။
သန္တာနုဝယ်၊ ငွေသွေးခြယ်သည်
ချယ်ရီပန်းအီ၊ ငါမြင်မိသော်
အမိပုပ္ပား၊ ရင်ခွင်ကြားမှ
စံကားဝါကို လွမ်းတကား။

စာရေးသူ၏မိတ်ဆွေကြီး၊ ကဗျာဆရာ ပျဉ်းမနားမောင်နီသင်း၏ ဂျပန်ခရီးတွင် ရေးဖွဲ့သော ဖူဂျီရာမကဗျာကိုဖတ်ရသောအခါ သူနှင့်ထပ်တူ ပုပ္ပားတောင်ကလပ်ကို ပို၍မြတ်နိုးလာရသည်။ ပုပ္ပားရင်ခွင်မှ စံကားဝါပန်းအလှကို ယုယလိုစိတ်များ ပေါ်လာမိပါတော့သည်။

ဆရာပျဉ်းမနားမောင်နီသင်းသည် ၂၀၁၇ ခုနှစ် ဇွန် ၂ ရက်တွင် ကွယ်လွန်သွားပါသည်။ မြန်မာစာပေလောကအတွက် ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။

❖ ဆရာပျဉ်းမနားမောင်နီသင်းသည် စိတ်သဘောထား အလွန်ကောင်းသူတစ်ဦးဖြစ်သည်။ လေအေးလေးနှင့် စကားတိုးတိုးပြောတတ်သည်။ ရယ်စရာ၊ ဟာသမြောက်သောစကားများကိုပြောတတ်သည်။ စာပေဟောပြောပွဲတွင်လည်း အဟောအပြောကောင်းသော စာရေးဆရာ၊ ကဗျာဆရာတစ်ဦးဖြစ်သည်။ ၂၀ ရာစုတွင် ထင်ပေါ်ကျော်ကြားလူကြိုက်များသော ကဗျာဆရာတစ်ဦးဖြစ်သည်။ ဆရာမောင်နီသင်းသည် ၁၉၇၃ ခုနှစ်တွင် ဂျပန်နိုင်ငံသို့လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် တရုတ်နိုင်ငံသို့လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံသို့လည်းကောင်း ပညာရေးကိုယ်စားလှယ်အဖြစ် သွားရောက်ခဲ့သည်။ ❖

**ကိုးကား**

- Quality Edu Journal Vol-4. No.9 Sept; 2016
- ကိုယ်တွေ့မှတ်တမ်း

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၃၀၃၀ စိုက်ပျိုးပြီးစီး



**ခင်ဦး ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၃၀၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၄၁ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၀၃၀ စိုက်ပျိုးပြီးဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ကုလားပဲဧက ၂၅၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတာ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးရာ၌ ကုလားပဲကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၃၀၀၀၀၀ ကျော်ကုန်ကျကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မြဝတီမြို့နယ် အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မြဝတီ ဖေဖော်ဝါရီ ၆**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အပြင်မဲကနယ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၃ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူရှစ်ဦးကို ငွေကျပ် ၅ ဒသမ ၅သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၂၀ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းထံမှ သိရသည်။

**ဘိုဘို**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလတွင် ငါးစည်ဖောင်းခြောက် ပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဖျာပုံ ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလတွင် ငါးစည်ဖောင်းခြောက် ပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ပင်လယ်ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ငါးစည်ဖောင်းခြောက် ပိဿာချိန် ၃၅၅၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလတွင် ငါးစည်ဖောင်းခြောက် ပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကထွက်ရှိတဲ့ ငါးစည်ဖောင်းခြောက်တွေက ပင်လယ်ငါးတွေဖြစ်တဲ့ ငါးရွှေ၊ နတ်ကတော်၊ ငါးရောင်၊ ငါးပုတ်သင် စတဲ့ငါးတွေကို ဝမ်းဗိုက်ခွဲပြီး အတွင်းကရရှိတဲ့ စည်ဖောင်းတွေကို စနစ်ကျသန့်စင် နေပူလှန်းအခြောက်ခံပြီး ရရှိတာဖြစ်ပါတယ်။ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဇန်နဝါရီလ ပထမပတ်ကစတင်ပြီး ဝယ်လိုအားကောင်းလာတာကြောင့် အရောင်းသွက်ခဲ့တာပါ။ ရန်ကုန်ဘက်ကလဲ ငါးစည်ဖောင်းခြောက်တွေကို စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေမှာ စားသုံးသူများတော့ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်သွက်နေတာဖြစ်ပါတယ်။ ဒေသထွက် ငါးစည်ဖောင်းခြောက်တွေ အပါအဝင် အခြားဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် ပင်လယ်ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက် တစ်ပိဿာချင်းဈေးနှုန်းများမှာ ငါးရွှေ ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၆၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၄၅၀၀၊ ငါးပုတ်သင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ဖြင့် ငါးစည်ဖောင်းခြောက် အကြီးအသေးအပေါ်မူတည်ပြီး ဈေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# နမ့်စန်မြို့နယ် မတ်ကျန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ မတ်ကျန်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃ ဒသမ ၈၄၈ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မတ်ကျန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူဦးရေ ၇၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃ ဒသမ ၈၄၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ချောက်မြို့နယ် ခပေါင်းစမ်းကျေးရွာ၌ ရေသန့်စင်စနစ်တပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ချောက် ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ခပေါင်းစမ်းကျေးရွာတွင် ရေသန့်စင်စနစ် တပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ခပေါင်းစမ်းကျေးရွာ၌ ရေသန့်စင်စနစ်တပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ခပေါင်းစမ်းကျေးရွာတွင် ရေသန့်စင်စနစ်တပ်ဆင်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၁၀ ပေ ရေစင်အောက်ခန်းဖွဲ့ခြင်းနှင့် အရှည်ပေ ၃၅၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၂၅ သိန်း အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **နေဘုန်းလှိုင်**


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ကြိုတင်ကာကွယ် မီးဘေးအန္တရာယ်

## မောင်သောင်းဝင်း(တမန်ဟောင်း)

နိုင်ငံတစ်ဝန်း၌ ၂၀၂၃ ခုနှစ်အတွင်း မီးလောင်မှု အကြိမ်ရေ ၁၇၀၀ ခန့်ဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် ငွေကျပ်သန်းပေါင်း ၃၅ ဘီလီယံကျော်ဆုံးရှုံးခဲ့ကြောင်း၊ သေဆုံးသူ ၇၇ ဦးနှင့် ဒဏ်ရာရရှိသူ ၁၉၃ ဦးရှိခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကထုတ်ပြန်ထားသည်။ မီးလောင်မှုဖြစ်စဉ် အများဆုံးအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ၂၇၂ ကြိမ်၊ ဒုတိယအများဆုံးအနေဖြင့် ရှမ်းပြည်နယ်တွင် ၁၈၃ ကြိမ်နှင့် တတိယအများဆုံးအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် ၁၇၅ ကြိမ်ဖြစ်ပွားခဲ့သည်။

**အသိပညာပေးခဲ့**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတစ်ဝန်းအရှိန်အဟုန်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်ထိ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့နယ် ၁၂၅ မြို့နယ်မှ အိမ်ခြေ ၃၄၀၀၀ တွင်နေထိုင်လျက်ရှိသည့် ပြည်သူ ၁၂၀၀၀၀ ကျော်ကို မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် မီးသတိမူရေးဆိုင်ရာနှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာသိမှတ်ဖွယ်ရာများကို တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ပညာပေးခြင်းများလုပ်ဆောင်ခဲ့သည်။

**ရန်သူလား မိတ်ဆွေလား**

မီးသည် နွေ၊ မိုး၊ ဆောင်း အချိန်မရွေး၊ နေရာမရွေး လောင်တတ်သဖြင့် မီးဘေးအန္တရာယ်ကို လူတိုင်းအထူးဂရုပြုသင့်သည်။ မီးဘေးအန္တရာယ်ကြောင့် တန်ဖိုးရှိသော လူ့အသက်များစွာ ဆုံးရှုံးခဲ့ရသည်။ 'မီး'သည် သုံးတတ်လျှင် 'မိတ်ဆွေ' ဖြစ်သော်လည်း မသုံးတတ်သူများအတွက် 'ရန်သူ' ထက်ပင် အန္တရာယ်ကြီးမားနေမည်ဖြစ်သည်။ ထို့ပြင် ဗုဒ္ဓစာပေများတွင်လာရှိသည့် 'ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူ'ဆိုသော ရန်သူမျိုးငါးပါးတွင် မီးဘေးအန္တရာယ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

**ကြိုတင်ပြင်ဆင်ထားသင့်**

မြန်မာနိုင်ငံတွင် မိုးအကုန်၊ ဆောင်းအကူးအချိန်တွင်ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်မကြာခဏကြုံတွေ့ရသည်။ အစိုဓာတ်ခန်းခြောက်သည့်အချိန်တွင် နိုင်ငံတစ်ဝန်းကြုံတွေ့ရတတ်သည့် သဘာဝဘေးတစ်ခုသည် မီးဘေးအန္တရာယ်ပင်ဖြစ်သည်။ တောမီးလောင်ခြင်းများအပါအဝင် ကျေးရွာများ၊ လူနေထူထပ်သောမြို့ကြီးများတွင် အကြောင်းအမျိုးမျိုးကြောင့် မီးလောင်မှုများကြုံတွေ့ရတတ်သည်။ မီးလောင်မှုအများဆုံးသည် ပေါ့ဆမှုကြောင့်ဖြစ်သည်။ ထို့ကြောင့် နွေရာသီတွင်မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် အဘက်ဘက်ကကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားသင့်သည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်၏ပေါ့ဆမှုကြောင့် မကြာခဏကြုံတွေ့ရသည်။ အထူးသဖြင့် ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ဆုံးရှုံးမှုများစွာဖြစ်ပေါ်စေသည့် မီးလောင်မှုများကို ပြည်သူတိုင်း "မီးအသိ၊ မီးသတိ" ရှိနေရန် လိုအပ်သည်။ ရုံး၊ ဌာန၊ ကုမ္ပဏီများ၊ နေအိမ်၊ အဆောက်အအုံများတွင် မီးသတ်ဆေးဘူးများ၊ ရေ၊ သဲ၊ မီးချိတ်၊ မီးကပ် စသည့် မီးငြှိမ်းသတ်ရေးအထောက်အကူပစ္စည်းများကို လုံလောက်စွာထားရှိသင့်သည်။

မီးသတ်ဆေးဘူးများကို နှစ်စဉ်ဆေးဖြည့်ထားရန် လိုအပ်သည်။ ဝန်ထမ်းအားလုံးကိုလည်း မီးသတ်ဆေးဘူးကိုင်တွယ်နည်းသင်တန်းများ ပို့ချထားသင့်သည်။ အချို့သော ရုံး၊ ဌာနများသည် မီးသတ်ပစ္စည်းများကို ဟန်ပြသက်သက်လောက်သာထားရှိကြသဖြင့် မီးဘေးအန္တရာယ်ကြုံတွေ့ရသည့်အချိန်တွင် ထိုပစ္စည်းများကို ထိရောက်စွာကိုင်တွယ်အသုံးမပြုနိုင်ကြတော့ပေ။ ထိုသို့ဖြစ်နေရခြင်းသည် စိစစ်ကြပ်မတ်မှုအပိုင်းတွင် အားနည်းသောကြောင့်သာဖြစ်သည်။

**❖ နှစ်စဉ် နွေ၊ မိုး၊ ဆောင်းရာသီဥတုသုံးမျိုးကို မဖြစ်မနေဖြတ်သန်းနေရမည်ဖြစ်သည်။ ပွင့်လင်းရာသီရောက်ရှိချိန်တွင် မီးဘေးအန္တရာယ်ကြုံတွေ့ရလေ့ရှိသည်။ ထို့ကြောင့် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားသင့်သည်။ အထူးသဖြင့် ရုံး၊ ဌာန၊ ကုမ္ပဏီများ၊ နေအိမ်၊ အဆောက်အအုံများတွင် မီးသတ်ဆေးဘူးများ၊ ရေ၊ သဲ၊ မီးချိတ်၊ မီးကပ် စသည့် မီးငြှိမ်းသတ်ရေးအထောက်အကူပစ္စည်းများကို လုံလောက်စွာထားရှိသင့်သည်။ ထို့ပြင် မီးငြှိမ်းသတ်နည်းများကိုလည်း ရပ်ကွက်၊ ကျေးရွာအလိုက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားသင့်သည်။ ❖**

ရပ်ကွက်၊ကျေးရွာများတွင်လည်း အိမ်တိုင်း ရေအိတ်၊ သဲအိတ်၊ မီးချိတ်၊ မီးကပ်၊ လှေကား စသည့် မီးငြှိမ်းသတ်ရေးအထောက်အကူပစ္စည်းများကို လုံလောက်စွာထားသင့်သည်။ တတ်နိုင်ပါက ရပ်ကွက်လမ်းဆုံများတွင် အရန်ရေကန်ကြီးများတည်ဆောက်ကာ ရေအပြည့်ဖြည့်ထားသင့်သည်။ ထို့ပြင် အိမ်တိုင်းတွင် သဲများစုပုံထားသင့်သည်။ သစ်တော၊ သစ်ပင်များနှင့်နီးသော ရုံးများ၊ စက်ရုံများနှင့် လူနေအိမ်များ၊ အဆောက်အအုံများ၏ ပတ်ပတ်လည်တွင် မီးတားလမ်းများ ကြိုတင်ရှင်းလင်းဖော်လုပ်ထားသင့်သည်။ ထို့ပြင် ကျေးလက်ဒေသများတွင်လည်း ထမင်းဟင်းချက်ရန်အတွက် မီးကျင်းများကို ခပ်နက်နက်တူးထားသင့်သည်။ အထူးသဖြင့် ထမင်း၊ ဟင်းကို သတ်မှတ်အချိန်တွင်သာ ချက်ပြုတ်စေပြီး မီးကြွင်းမီးကျန်များကိုလည်း စနစ်တကျစစ်ဆေးသင့်သည်။

**ဇာတ်တိုက်လေ့ကျင့်သင့်**

မီးလောင်မှုဖြစ်စဉ်ကြုံတွေ့ချိန်မှသာ ဖြစ်သလို မီးငြှိမ်းသတ်သည်ထက် မီးငြှိမ်းသတ်နည်းများကို ရပ်ကွက်၊ ကျေးရွာအလိုက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားသင့်သည်။ မီးလောင်မှုဖြစ်ပွားချိန်တွင် မီးသတ်ကားများ ဝင်၊ ထွက်နိုင်အောင် လမ်းများရှင်းလင်းခြင်း၊ ရောဂါသည်များ၊ သက်ကြီးရွယ်အို ဘိုးဘွားများနှင့် ကလေးများကို ဦးစားပေးကယ်ဆယ်ရေးအတွက် စနစ်တကျဇာတ်တိုက်ထားသင့်သည်။ ထို့ပြင်ရပ်ကွက်၊ ကျေးရွာအလိုက်လည်း အရန်မီးသတ်တပ်ဖွဲ့များ စနစ်တကျဖွဲ့စည်းထားသင့်သည်။ ရပ်ကွက် မီးကင်းတဲများသည် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အပြင် ရပ်ကွက်လုံခြုံရေးကိုလည်း များစွာအထောက်အကူပြုနေပါသည်။

**လမ်းများရှဲ့ထားရန်လို**

အချို့သောရပ်ကွက်၊ ကျေးရွာများတွင် လမ်းများကို စနစ်တကျဖောက်လုပ်ထားလေ့မရှိပေ။ လူတချို့သည် လမ်းပေါ်ထိနယ်မြေချဲ့ကာ အိမ်များအဖီဆွဲခြင်း၊ ဈေးဆိုင်များဆောက်ခြင်း၊ ခြံဝင်းခတ်ထားခြင်းများ လုပ်ထားလေ့ရှိကြသည်။ ထိုရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးအန္တရာယ်ကြုံတွေ့ရသည့်အခါ မီးသတ်ကားများ၊ ကယ်ဆယ်ရေးယာဉ်များ အချိန်မီဝင်ရောက်နိုင်ခြင်းမရှိတော့ပေ။ အကျိုးဆက်အနေဖြင့် တစ်ရပ်ကွက်လုံး၊ တစ်ရွာလုံး ပြာကျသွားလေ့ရှိသည်။ ထို့ပြင် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များကိုလည်း အချိန်မီကယ်တင်နိုင်ခြင်းမရှိပေ။

လက်ရှိအချိန်တွင် ကျေးလက်ဒေသများ၌ပင်လျှင် ရွာလမ်းမတစ်လျှောက်ဘေး ဝဲ၊ ယာရှိ အချို့အိမ်ရှင်များသည် လောဘတက်ပြီး လမ်းမြေကို အပြိုင်အဆိုင်ချဲ့ထွင်လာလေ့ရှိကြသည်။ မူလက လှည်းနှစ်စီးလွတ်ကင်းစွာ ရှောင်နိုင်သောရွာလမ်းမသည် လှည်းတစ်စီးပင်ကျပ်ကျပ်တည်းတည်းဖြင့် မောင်းနေကြရတော့သည်။ ထိုကျေးရွာများတွင် မီးဘေးအန္တရာယ်ကြုံတွေ့ရသည့်အခါ မတော်လောဘကြောင့် တစ်ရွာလုံးပြာကျသွားလေ့ရှိသည်။ ထို့ပြင် အချို့သောရပ်ကွက်များရှိလမ်းများသည်လည်း လွန်စွာကျဉ်းမြောင်းသောကြောင့် မီးလောင်ရာနေရာသို့ မီးသတ်ကားများ အချိန်မီဝင်ရောက်နိုင်ခြင်းမရှိကြချေ။ ထို့ကြောင့် ရွာအဝင်လမ်းများ၊ ရပ်ကွက်လမ်းများကို မီးသတ်ကားများ ဝင်၊ ထွက်သွားလာနိုင်သည်ထိ ချဲ့ထားသင့်ပေသည်။

**လျှပ်စစ်ပစ္စည်းများကို စစ်ဆေးရန်လို**

နွေရာသီရောက်ရှိချိန်တွင် လျှပ်စစ်မီးရရှိသည့်ဒေသများ၌ ငွေကြေးတတ်နိုင်သူများသည် အပူဒဏ်ကို အန်တုရန်အတွက် အဲကွန်း၊ ပန်ကာ၊ ရေခဲသေတ္တာများကိုအချိန်ပြည့်သုံးစွဲလာကြသည်။ ထိုသို့ လျှပ်စစ်မီးကို လွန်ကဲစွာအသုံးပြုပါက ဝိုင်ယာကြိုးများခံနိုင်ရည်မရှိသဖြင့် အရည်ပျော်ပြီး ရှော့ခ်ဖြစ်တတ်သည်။ ဝိုင်ယာရှော့ခ်မှတစ်ဆင့် နှစ်စဉ် မီးလောင်ကျွမ်းမှုကြောင့် လူပေါင်းမြောက်မြားစွာ အိုးမဲ့အိမ်မဲ့ဖြစ်ပေါ်လျက်ရှိသည်။ ထို့ပြင် ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည်လည်း လွန်စွာပင် များပြားလျက်ရှိသည်။

ထို့ကြောင့် နွေရာသီတွင် လျှပ်စစ်ဝိုင်ယာကြိုးများ၊ မီးပလတ်များ၊ ခလုတ်များ၊ ဖြူးစ်များ၊ ဘရိတ်ကာများ စသည့် လျှပ်စစ်အထောက်အကူပြုပစ္စည်းများကို ကျွမ်းကျင်သူများဖြင့်စစ်ဆေးပြီး လိုအပ်ပါက အသစ်လဲလှယ်သင့်သည်။ ငွေကုန်မည်ကိုနှမြောပြီး လျှပ်စစ်ပစ္စည်းဟောင်းများကိုသာ ဆက်လက်သုံးစွဲနေပါက ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားနိုင်သည်။ ထိုအချိန်တွင် တစ်အိမ်လုံးပြာကျသွားမည့်အပြင် ပေါ့ဆမှုကြောင့် တရားဥပဒေကြောင်းအရလည်း ထပ်မံအရေးယူခံရမည်ဖြစ်သည်။ နှစ်ခါရှုံးပင်ဖြစ်သည်။

ထို့ပြင် လုပ်ငန်းတာဝန်ဖြင့် အပြင်သို့သွားနေပါကလည်း လျှပ်စစ်မီးခလုတ်အားလုံးကို ပိတ်ထားသင့်သည်။ တတ်နိုင်ပါက အဆောက်အအုံအတွင်းသို့ဝင်သည့် ဘရိတ်ကာကိုချထားခဲ့သင့်သည်။ အဝင်မီးခလုတ်အားလုံးပိတ်ထားမည်ဆိုလျှင် လုံးဝစိတ်ချနိုင်ပြီဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ လျှပ်စစ်မီးကို ပေါ့ပေါ့ဆဆမထားဘဲ သတိရှိရှိဖြင့်သုံးစွဲသွားရန် လိုအပ်ပေသည်။ မီးလောင်မှုဖြစ်ပွားခဲ့လျှင်လည်း ဆုံးရှုံးမှုနည်းအောင် ကြိုတင်စီမံထားသင့်သည်။ အထူးသဖြင့် မီးသတ်တပ်ဖွဲ့ကိုချက်ချင်းအကြောင်းကြားရန်လိုသည်။ နွေရာသီတွင် ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မီးသတ်ကားများလွယ်လင့်တကူ ဝင်၊ ထွက်နိုင်အောင် လမ်းကြောင်းများရှင်းထားသင့်သည်။

**ကြိုတင်ကာကွယ် မီးဘေးအန္တရာယ်**

မျက်မှောက်ကမ္ဘာကြီးတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် လူသားတို့သည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ကြုံတွေ့ခံစားနေကြရသည်။ လက်ရှိဖြစ်ပေါ်လျက်ရှိသည့်သဘာဝဘေးအန္တရာယ်များသည် လူသားတို့၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာတို့ကို ခြိမ်းခြောက်လာလျက်ရှိသည်။ နှစ်စဉ် မိုးကြီးခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေငလျင်လှုပ်ခတ်ခြင်း၊ ဆူနာမီလှိုင်းကြီးများရိုက်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်သဘာဝဘေးအန္တရာယ်များအပြင် လူသားတို့၏ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်များကိုပါ ကြုံတွေ့ခံစားနေကြရသည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် ကြုံတွေ့ရလေ့ရှိသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးအနက် မီးဘေးအန္တရာယ်သည် ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည်။

နှစ်စဉ် နွေ၊ မိုး၊ ဆောင်း ရာသီဥတုသုံးမျိုးကို မဖြစ်မနေ ဖြတ်သန်းနေရမည်ဖြစ်သည်။ ပွင့်လင်းရာသီရောက်ရှိချိန်တွင် မီးဘေးအန္တရာယ်ကြုံတွေ့ရလေ့ရှိသည်။ ထို့ကြောင့် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားသင့်သည်။ အထူးသဖြင့် ရုံး၊ ဌာန၊ ကုမ္ပဏီများ၊ နေအိမ်၊အဆောက်အအုံများတွင် မီးသတ်ဆေးဘူးများ၊ ရေ၊ သဲ၊ မီးချိတ်၊ မီးကပ် စသည့် မီးငြှိမ်းသတ်ရေးအထောက်အကူပစ္စည်းများကို လုံလောက်စွာထားရှိသင့်သည်။ ထို့ပြင် မီးငြှိမ်းသတ်နည်းများကိုလည်း ရပ်ကွက်၊ ကျေးရွာအလိုက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားသင့်သည်။ မီးသည် "သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူ"ဆိုသည့်စကားအတိုင်း မီးလောင်ခံရလျှင် ပိုင်ဆိုင်မှုအားလုံးကို အလုံးစုံဆုံးရှုံးရနိုင်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**– နေ့စဉ်ထုတ်သတင်းစာများ။**

# အီတလီနိုင်ငံရှိ မောင့်တာမီနီလိုတောင်၌ ဆီးနှင်းများမရှိသဖြင့် နှင်းလျှောစီးစခန်းကိုပိတ်ထားရ



**ရောမ ဖေဖော်ဝါရီ ၆**

အီတလီနိုင်ငံ အလယ်ပိုင်းရှိ မောင့်တာမီနီလိုတောင်၌ ယခုနှစ်ဆောင်းရာသီတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဆီးနှင်းများကျဆင်းမှုမရှိသဖြင့် နှင်းလျှောစီးစခန်းကို ပိတ်ထားရကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မောင့်တာမီနီလိုတောင်သည် အီတလီနိုင်ငံရှိ ရေခဲတောင်နှင်းလျှောစီးသူများအတွက် အကောင်းဆုံးနှင်းလျှောစီးတောင်တွင် ပါဝင်နေပြီး အမြင့် ၇၂၇၄ ပေထိမြင့်မားသည့်တောင်ဖြစ်ကြောင်း၊ ပုံမှန်ဆောင်းရာသီတွင် ဆီးနှင်းများထူထပ်စွာ ဖုံးလွှမ်းမှုကြောင့်တစ်တောင်လုံးအဖြူရောင်လွှမ်းနေသော်လည်း လက်ရှိအနေအထားမှာ မြက်ခြောက်များသာ ဖုံးလွှမ်းနေပြီး တောင်တစ်တောင်လုံးနီးပါးအဝါရောင်လွှမ်းခြုံနေသည့် အခြေအနေဖြစ်နေကြောင်း သိရသည်။

"ဒီနှစ် ရာသီဥတုပြောင်းလဲမှုကြောင့် မောင့်တာမီနီလိုတောင်ပေါ်မှာ ဆီးနှင်းတွေလုံးဝမရှိတော့တဲ့အခြေအနေဖြစ်နေတယ်။ ဆီးနှင်းမကျတဲ့အပြင် ရှိပြီးသားဆီးနှင်းတွေတောင် အပူချိန်မြင့်တက်မှုကြောင့် အရည်ပျော်ကျမှုတွေဖြစ်ပေါ်နေတယ်။ လက်ရှိအပူချိန်ကလဲ ၁၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေတယ်။ ပုံမှန်အတိုင်းရေခဲတောင်နှင်းလျှောစီးနိုင်ဖို့ဆိုရင် ရေခဲမှတ်ဖြစ်တဲ့ သုညဒီဂရီစင်တီဂရိတ်ရှိနေမှ အဆင်ပြေလိမ့်မယ်"ဟု ASM Rieti ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ ရက်နီနီက ပြောကြားခဲ့သည်။

ဆီးနှင်းများကျဆင်းမှုမရှိသည့်အတွက်ကြောင့် မောင့်တာမီနီလိုတောင်ရှိ နှင်းလျှောစီးစခန်းတွင် ဖွင့်လှစ်ထားသောဆိုင်များကိုလည်း ပိတ်ထားရကြောင်း၊ မောင့်တာမီနီလိုတောင်ရှိ နှင်းလျှောစီးစခန်းတွင် ဆိုင်များ ဖွင့်လှစ်ခွင့်ရထားသော ASM Rieti ကုမ္ပဏီအနေဖြင့်လည်း လုပ်ငန်းများလည်ပတ်ရန် ခက်ခဲသည့်အခြေအနေဖြင့်ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# အမေရိကန်နိုင်ငံရှိ မစ္စစ္စပီမြစ်ဝှမ်းတွင် ရေပမာဏပြန်လည်မြင့်တက်လာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

အမေရိကန်နိုင်ငံရှိ မစ္စစ္စပီမြစ်ဝှမ်းတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစ၍ ရေပမာဏကျဆင်းခဲ့ပြီးနောက် အမေရိကန်စစ်ဘက်အင်ဂျင်နီယာတပ်ဖွဲ့(USACE)၏ သုတေသနရလဒ်များအရ မစ္စစ္စပီမြစ်ရေပမာဏ ပြန်လည်မြင့်တက်လာကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်မှုများဖြစ်ပေါ်ခဲ့၍ မစ္စစ္စပီမြစ်ရေပမာဏ ကျဆင်းခဲ့ရခြင်းလည်းဖြစ်ကြောင်း၊ သို့သော်လည်း မစ္စစ္စပီပြည်နယ် စစ်ဘက်အင်ဂျင်နီယာတပ်ဖွဲ့နှင့် ဖက်ဒရယ်ပြည်ထောင်စုမှ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတို့ကြား ပူးပေါင်းဆောင်ရွက်မှုကြောင့် မိုးခေါင်သည့်ပြဿနာကို ထိန်းချုပ်လာနိုင်ခဲ့ပြီး မိုးရွာသွန်းမှုများဖြစ်ပေါ်လာသဖြင့် မစ္စစ္စပီမြစ်ရေပမာဏ ပြန်လည်မြင့်တက်လာကြောင်း USACE က ထုတ်ပြန်ခဲ့သည်။

"မြေပြင်က သတင်းပို့ချက်အရ မစ္စစ္စပီမြစ်ရေ ခန်းခြောက်မဲ့အရေးကနေ လွတ်မြောက်ခဲ့ပြီလို့ သိရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တို့အနေနဲ့ မစ္စစ္စပီမြစ်ရေပမာဏ ကျဆင်းမှုပြဿနာကို ဖြေရှင်းရာမှာ မြစ်တိမ်ပိုင်းမှာ သောင်တူးပြီး ဖြေရှင်းခဲ့တာမျိုးလုံးဝမရှိခဲ့ပါဘူး။ ရေနက်ပိုင်းနဲ့ အဓိကနေရာတွေမှာပဲ သောင်တူးခဲ့တယ်။ ဒ့ါပြင် ရာသီဥတုပြောင်းလဲမှုကို လျော့ကျလာအောင် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် မိုးရွာသွန်းမှုတွေရှိလာခဲ့ပြီး မစ္စစ္စပီမြစ်ရေပမာဏ ပြန်ပြီးမြင့်တက်လာတယ်။ မစ္စစ္စပီမြစ်ရေခန်းခြောက်မဲ့အရေးကနေ လွတ်မြောက်ပြီဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါတယ်။ တကယ်လို့ မြစ်ရေပမာဏ ပြန်ကျလာရင်လဲ ပြန်ကျပြီး ၇၂ နာရီအတွင်း လိုအပ်တာတွေ လုပ်ဆောင်ဖို့အတွက်လဲ ကြိုတင်ပြင်ဆင်ထားပါတယ်"ဟု USACE မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ကင်မ်ဘာလေပီပလက်စ်က ပြောကြားခဲ့သည်။

မစ္စစ္စပီမြစ်ရေပမာဏကျဆင်းခဲ့ပြီးနောက်ပိုင်း ပြည်တွင်းရေကြောင်းခရီးစဉ်တချို့ အခက်အခဲရှိခဲ့ပြီး ပြည်တွင်းစီးပွားရေးကဏ္ဍကို ထိခိုက်စေခဲ့သည့်အတွက်ကြောင့် မြစ်ရေကျဆင်းမှုပြဿနာကို အရေးပေါ်ဖြေရှင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ကော်လိုရာဒိုပြည်နယ်ရှိ ဆန်းကော့ရေနံသန့်စင်ရေးစက်ရုံကို လေထုညစ်ညမ်းမှုဆိုင်ရာ စည်းကမ်းများချိုးဖောက်မှုဖြင့် ကန်ဒေါ်လာ ၁၀ ဒသမ ၅ သန်း ဒဏ်ငွေရိုက်သွားမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်ရှိ ဆန်းကော့ရေနံသန့်စင်ရေးစက်ရုံကို လေထုညစ်ညမ်းမှုဆိုင်ရာစည်းကမ်းများချိုးဖောက်မှုဖြင့် ပြည်သူ့ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ သန်း ဒဏ်ငွေရိုက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကော်လိုရာဒို ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ဆန်းကော့ရေနံသန့်စင်ရေးစက်ရုံ၏ ၂၀၁၉ ခုနှစ် ဂူလိုင်လမှ ၂၀၂၁ ခုနှစ် ဇွန်လထိ လေထုညစ်ညမ်းမှုဆိုင်ရာ စည်းကမ်းများချိုးဖောက်မှုဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ သန်း ဒဏ်ငွေရိုက်သွားမည်အပြင် စက်ရုံ၏ လေထုညစ်ညမ်းမှုစောင့်ကြည့်ရေးအစီအစဉ်များကိုလည်း ယခင်ကထက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။



ထုတ်ပြန်ချက်များအရ အဆိုပါဒဏ်ငွေသည် အမေရိကန်နိုင်ငံတွင် စက်ရုံတစ်ခုတည်းမှ လေထုညစ်ညမ်းမှုဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးအတွက် ကောက်ခံခဲ့သမျှဒဏ်ငွေတွင် အများဆုံးဖြစ်ကြောင်း၊ အဆိုပါစက်ရုံသည် ဓာတ်ဆီနှင့် လေယာဉ်ဆီများကို တစ်ရက်လျှင် စည်ပေါင်း ၉၈၀၀၀ ထုတ်လုပ်လျက်ရှိသော ပြည်နယ်အတွင်းရှိ တစ်ခုတည်းသော စက်ရုံဖြစ်ကြောင်း သိရသည်။

ဆန်းကော့ ရေနံသန့်စင်ရေးစက်ရုံသည် ၂၀၂၂ ခုနှစ်က စက်ရုံမီးလောင်ကျွမ်းမှုကြောင့် အလုပ်သမားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပေါ်ခဲ့သည့်အပြင် ၂၀၂၃ ခုနှစ်ကလည်း စက်ရုံပတ်ဝန်းကျင်၌နေထိုင်သူများက အနံ့ဆိုးထွက်ခြင်းနှင့် လေထုညစ်ညမ်းခြင်းများကြောင့် တိုင်ကြားမှုများရှိခဲ့သဖြင့် စက်ရုံကို ခေတ္တပိတ်ထားခဲ့ရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : AZH**

# အာဖဂန်နစ္စတန်နိုင်ငံတွင် သာမန်ထက် ပိုမိုပူနွေးသော ဆောင်းရာသီကြောင့် အဆိုးရွားဆုံးမိုးခေါင်ရေရှားမှုဖြင့် ကြုံတွေ့နိုင်

**ကဘူးလ် ဖေဖော်ဝါရီ ၆**

အာဖဂန်နစ္စတန်နိုင်ငံတွင် သာမန်ထက် ပိုမိုပူနွေးသော ဆောင်းရာသီကြောင့် နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံးမိုးခေါင်ရေရှားမှုဖြင့် ကြုံတွေ့ရနိုင်ကြောင်း INGO အဖွဲ့ ငါးဖွဲ့က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် သုံးနှစ်ဆက်တိုက် မိုးခေါင်မှုနှင့် ရေရှားမှုများ ဖြစ်ပေါ်နေပြီး ယခုနှစ် ဆောင်းရာသီတွင်လည်း ဆီးနှင်း အနည်းငယ်သာ ကျဆင်းသဖြင့် အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုဖြင့် ကြုံတွေ့ရနိုင်ကြောင်း Avtion Against Hunger အဖွဲ့၊ International Medical Corps အဖွဲ့၊ Islamic Relief Worldwide အဖွဲ့၊ Save The Children အဖွဲ့၊ World Vision International အဖွဲ့တို့က သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်ထိ ကာလကို ယခင်နှစ်ကာလတူများနှင့် နှိုင်းယှဉ်ပါက ပျမ်းမျှမိုးရွာသွန်းမှု၏ ၄၅ ရာခိုင်နှုန်း မှ ၆၀ ရာခိုင်နှုန်းထိသာ ရရှိခဲ့ကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီလနှင့် မြေလကြားတွင် အပူချိန်မြင့်တက်မှု ပိုမိုဆိုးရွားလာနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာ့ရာသီဥတုအကျပ်အတည်း၏ သက်ရောက်မှုဒဏ်ကို အထိခိုက်ဆုံးခံစားရသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး လက်ရှိတွင်လည်း မိုးခေါင်ရေရှားမှု အခြေအနေများကြောင့် ပြည်နယ် ၃၃ ပြည်နယ်အနက် ၂၅ ပြည်နယ်တွင် ပြင်းထန်သော မိုးခေါင်ရေရှားမှုကို ခံစားနေရပြီး လူဦးရေ သန်း ၂၀ ခန့်ကို ထိခိုက်မှုများဖြစ်ပေါ်စေလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : AZH**

# စပိန်နိုင်ငံ ကတ္တလိုနီးယားပြည်နယ်တွင် ရေသန့်စင်စက်ရုံနှစ်ရုံ တည်ဆောက်သွားမည်

**မက်ဒရစ် ဖေဖော်ဝါရီ ၆**

စပိန်နိုင်ငံ ကတ္တလိုနီးယားပြည်နယ်တွင် မိုးခေါင်သည့်ပြဿနာဖြင့် မကြာခဏ ရင်ဆိုင်နေရသည့်အတွက် သောက်သုံးရေရရှိရေး ရေသန့်စင်စက်ရုံနှစ်ရုံ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း စပိန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ကတ္တလိုနီးယားကမ်းခြေမှ ဆားငန်ရေများကို သန့်စင်ကာ သောက်သုံးရေအဖြစ် ပြန်လည်ပေးဝေသွားရန် စီစဉ်ထားကြောင်း၊ ရေသန့်စင်စက်ရုံနှစ်ရုံကို ဘာစီလိုနာမြို့တောင်ဘက်ပိုင်းတွင်တစ်ရုံ၊ မြောက်ဘက်ပိုင်းတွင်တစ်ရုံ တည်ဆောက်ပေးသွားမည်ဖြစ်ပြီး အနာဂတ်တွင် သောက်သုံးရေမလုံလောက်သည့်ပြဿနာဖြင့် ရှောင်လွှဲနိုင်ရေးကိုသာ ရည်ရွယ်၍ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါရေသန့်စင်စက်ရုံနှစ်ရုံကို ၂၀၂၈ ခုနှစ်နှင့် ၂၀၂၉ ခုနှစ်တို့တွင် စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း စပိန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ကတ္တလိုနီးယားပြည်နယ်မှာ မိုးခေါင်တဲ့ပြဿနာကြောင့် သောက်သုံးရေမလုံလောက်တဲ့ပြဿနာကို ဖြေရှင်းပေးနိုင်ဖို့အတွက် စပိန်အစိုးရအနေနဲ့ လုပ်နိုင်သမျှအရာအားလုံး လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ ကတ္တလိုနီးယားပြည်နယ်မှာနေထိုင်တဲ့ ပြည်သူတွေ သောက်သုံးရေ အလုံအလောက်သုံးစွဲနိုင်ဖို့အတွက် လိုအပ်တဲ့ ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေလဲ မြှုပ်နှံပေးသွားဖို့ စီစဉ်နေပါတယ်။ သောက်သုံးရေ လုံလုံလောက်လောက်ရရှိဖို့အတွက် အမေရိကန်ဒေါ်လာ ၅၀၂ ဘီလီယံထိ သုံးစွဲပြီး ရေသန့်စင်စက်ရုံနှစ်ရုံ တည်ဆောက်ပေးသွားပါမယ်"ဟု စပိန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ထရီဇာရီဘာရာက ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**







## ဝန်ထမ်းအလိုရှိသည်

စက်အပိုပစ္စည်းအရောင်းဆိုင်တွင် တာဝန်ထမ်းဆောင်ရန်

၁။ အထွေထွေ ကျား (5) ဦး

၂။ Driver ကျား (1) ဦး

CV Form နှင့်တကွ လိုအပ်သောစာရွက်စာတမ်း အပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**လိပ်စာ။** ။ အဆောင်(၂၂)၊ အခန်း (၂,၃)၊ မြဝတီမင်းကြီး ၂ လမ်း၊ 75(C) × 75(D) ကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

**ဖုန်း** ။ ။ 09-5163183

**လျှောက်ထားချိန်**- 11:00 am (to) 5:00 pm

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်၊ ဇီးကုန်းရပ်ကွက်ရှိ မြေကွက်အမှတ် (၄/၁၆)သည် ဦးအုန်းပရာကပ်(ခ်) (၁၂/ပဘတ(နိုင်)၀၁၄၉၅၉) ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ ဦးအုန်းပရာကပ်(ခ်)သည် (၁-၉-၂၀၁၉)ရက်က ကွယ်လွန်ခဲ့ပြီး သား၊သမီး (၂)ဦးကျန်ရှိခဲ့ပါသည်။ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော သား၊သမီး(၂)ဦးအနေဖြင့် အဆိုပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မချယ်ရီဝင်း** (၉/ပကခ(နိုင်)၀၆၂၀၁၂)

**မောင်သီဟစင်** (၉/ပကခ(နိုင်)၀၇၃၉၁၄)

**ဇီးကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။**
**ဖုန်း ၀၉-၉၅၁၁၈၅၄၆၃**

## ဖခင်အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊အ. ထ. က(ခွဲ)(၂၉)၊ Grade-9တွင် ပညာသင်ကြားနေသော မောင်ဟိန်းခန့်ဇော် (၉/ပကခ(နိုင်)၀၈၁၆၃၅)၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ဆွေဦး ဖြစ်ပါကြောင်း။ **ဦးအောင်ဆွေဦး(၉/ပကခ(နိုင်)၀၆၆၆၉၁)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်နေ (ဘ) ဦးကိုကိုလတ် (၉/မမန(နိုင်)၀၁၀၀၇၃)၏ သမီး မယွန်းဝေဖြိုး (၉/တကန(နိုင်)၁၈၄၀၆၄) နှင့် မယွန်းဝေလတ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မယွန်းဝေဖြိုး(ခ)မယွန်းဝေလတ်**
**(၉/တကန(နိုင်)၁၈၄၀၆၄)**

## အမည်ပြောင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ CHAMPION (ချန်ပီယံ)ကိုယ်ပိုင်အလယ်တန်းကျောင်း၊ KGတန်းတွင် ပညာသင်ကြားနေသော (ဘ)ဦးဇော်ဝင်းသူ (၉/ပသက(နိုင်)၀၉၉၅၅၄) ၏သမီး မရွှေရတီဇော် အား မရွှေရတီဖူး ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မရွှေရတီဖူး**

## ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်နေ မောင်အောင်ကိုဝင်း (ဘ)ဦးအောင်သန်း (၅/ဒပယ(နိုင်)၁၅၄၃၁၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-365514)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၇၀၂၀၅၀၆

## ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

"အဂတိပယ်ရှား ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သက်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ လုပ်ငန်းများအောင်မြင်စေရေး ဆောင်ရွက်ရာတွင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်းလို ...

❖ လုပ်ငန်းများစဉ်ဆက်မပြတ် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး ပညာတတ်လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနေရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



**နေပြည်တော် ဖေဖော်ဝါရီ ၆**

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေတင်ဆက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

"ရန်ကုန်မြို့တော်၏ အထင်ကရပြယုဂ်(Land Mark) ဖြစ်လာမည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားစီမံကိန်း"

ဆောင်းပါး စာမျက်နှာ - ၂၀

မြန်မာနိုင်ငံနှင့် UNHCR အကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေး စာမျက်နှာ - ၁၆

လင်းပိုင်ထိန်းသိမ်းရေးဇရိယာ အင်ဒေါင်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၆ ကောင် အုပ်စုလိုက်ကျက်စားလျက်ရှိ စာမျက်နှာ - ၂

**ထူးခြားသည့် ညအပူချိန်များ**

၆-၂-၂၀၂၄

| | | |
|---|---|---|
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၃ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၄ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၄ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၅ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၅ | ဒီဂရီစင်တီဂရိတ် |

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar